www.burmeseclassic.com

လွန်းထားထား
(ဆေးတက္ကသိုလ်)

# နှလုံးသားရဲ့ password



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လူတစ်ယောက်ရဲ့နှလုံးသားကိုဖွင့်နိုင်ဖို့ဆို
နှလုံးသားချင်းသာ နားလည်နို
နှလုံးသားရဲ့ passw
ကိုသိထားမှ



# နှလုံးသားရဲ့ PASSWORD

## သုန်းထားဓား

ဆေးတက္ကသိုလ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဦးပြည့်လှိုင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
...လာတောင်ညွှန့်မြို့နယ် ရန်ကုန်မြို့၊

ဒေါ်နီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊

တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
...လာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊

၄၀၀-ကျပ်

၅၀၀

ဒီဇင်ဘာလ၊ ၂၀၁၂-ပထမအကြိမ်

- ...မြို့ကွဲရေး — ၃-ရပ်အရေး
- ...ညီညွတ်မှု မပြိုကွဲရေး — ၃-ရပ်အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ၃-ရပ်အရေး

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်... ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြ... များအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေ...

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ...
- တမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး၊
- ခိုင်မာကျစ်လျစ်ပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆော...
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်... တည်ဆောက်ရေး၊

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီးခေတ်မီ စက်မှု... ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး ထို... တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား... ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ... တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အ... လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သ...
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

...နိုင်လသား (ဆေးတက္ကသိုလ်) နှလုံးသားတို့၏ password
လွမ်းသားလား ဆေးတက္ကသိုလ် - ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၂
(၀) နှလုံးသားတို့၏ password

18 NOV 2012




# ပြည်လှုံး စီစဉ်ထားလေသည်....

တံခွန်တိုင် စာအုပ်တိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀ / ၀၉ ၇၃၀၆၉၂၂ / ၀၉၄၂၀၀၁၉၆၇၈

www.burmeseclassic.com

www.burmeseclassic.com




**အမှတ်တရမှတ်တမ်း**

ကမ္ဘာပေါ်မှာ
သားသမီးအပေါ်
နားလည်နိုင်စွမ်းအရှိဆုံးသော
အဖေနဲ့ အမေ...။
ဘဝရဲ့အဓိပ္ပာယ်တွေကို
ပိုပြီးလေးနက်လှပ
ပြည့်စုံလာစေခဲ့တဲ့
ဘဝအဖော်မွန် မောင်နဲ့ သမီးလေးကို
အမှတ်တရ မှတ်တမ်းတင်လျက်...။

လှန်းထားထား (ဆေးတက္ကသိုလ်

BURMESE CLASSIC .com



လှန်းထားထား
ဆေးတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com






www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD





ဒါက ငါ့ဘဝကို
ငါကိုယ်တိုင်ရဲ့
လက်တွေခြေတွေနဲ့ပဲ
တည်ဆောက်ချင်တဲ့သူလေ...

ဒါ့အတွက်ကျတော့ ငါ့ရဲ့ ရင်နှီး မြှုပ်နှံမှုက
အလှအပပဲ ...

တစ်သက်လုံး လှလှပပ ...
ကြော့ကြော့မော့မော့ကလေးနေပြီး
သိမ္မာပါးနပ်တဲ့ သူဌေးကတော် လှလှလေးပဲလုပ်တော့မယ်၊
အဲဒါ ငါ့ဘဝရဲ့ဒဿန...
ဒါ့အတွက်တော့ အပေါ်ယံအရေပြားအလှထက်
စိတ်နှလုံးအလှက ပိုအရေးကြီးတာပါ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း … ၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD

## အခန်း - ၁

ကော်ဖီဆိုင်ကလေးထဲမှာ သူငယ်ချင်းနှစ်ယောက် မျက်နှာချင်းဆိုင် ဆုံကြပြီဆိုရင်ဖြင့် ထုံးစံအတိုင်း အကွာရာက မှာထားသော ကော်ဖီခွက်လှလှကလေးကို i phone ကလေးနှင့် ဓာတ်ပုံရိုက်ယူလိုက်ကာ ချက်ချင်းပဲ face book ပေါ်သို့ လှမ်းတင်လိုက်ပြီးပြီ။ 'ဘော်'ကတော့ 'အကွာရာ'ကို အချစ်ဆုံးသူငယ်ချင်းကလေးအဖြစ် သူငယ်တန်း ကတည်းက ချစ်ခင် ပေါင်းသင်းခဲ့သူမို့ 'အကွာရာ့' အကြောင်းကို ကကြီးကနေ အ,အထိ ကျေညက်နေအောင် သိခဲ့ပြီးသား။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



“‘သည်း’ရယ် . . . နင့်မလဲ တစ်နေ့တစ်နေ့ အဲဒီ ဖေ့စ်ဘွတ်ခ်နဲ့ပဲ နှစ်ပါးကြည်နေတော့တာပါလားဟယ်၊ ဆိုင်မှာသွားစာရင်းလည်း ဟင်းပွဲတွေကို ဖေ့စ်ဘွတ်ခ်တင်၊ အိမ်မှာ ချက်တော့လည်း ဓာတ်ပုံရိုက်ပြီးတင်၊ ဖက်ရှင်ဒီဇိုင်းတွေ အမျိုးမျိုးထွင်ဝတ်ပြီးတော့လည်း ဖေ့စ်ဘွတ်ခ်တင်၊ အိပ်ရာကနိုးတော့လည်း မနက်နိုးစ, အလှကိုတင်၊ ရေချိုးပြီးတော့လည်း ရေချိုးပြီးစ, အလှကိုတင်၊ လှလှပပကလေး ပြင်ဆင်ပြီးတော့လည်းတင် . . . တစ်နေ့တစ်နေ့ နင်ဒါနဲ့ပဲ အချိန်ကုန်နေတော့တာပဲနော်၊ ငါ နင့်ကို ကြည့်လို့ကို မရတော့ဘူး၊ တစ်နေ့မှာ နှစ်ဆယ့်လေးနာရီမှာ နင် ဖေ့စ်ဘွတ်ခ် လုပ်ချိန်ဟာ ဆယ့်လေးနာရီမက,ဘူးသိလား၊ ဒါတောင် အိပ်ချိန်ရှစ်နာရီထဲက အိပ်မက်ထဲမှာလှမ်းပြီး လုပ်နေသေးတာ ငါ မမြင်ရလို့၊ နင်တကယ် ဖေ့စ်ဘွတ်ခ်ကို (addict) စွဲစွဲလန်းလန်း ဖြစ်နေပြီနော်၊ ငါတကယ်ပြောတာ . . . အရည်မရအဖတ်မရ နင် အဲဒါလုပ်လို့ ဘာတွေများ အကျိုးတွေ ရှိလာသလဲ၊ ငါ့ကို ပြောပြစမ်းပါ”

ထုံးစံအတိုင်း ‘ဘော်’က အမယ်အိုပေါက်စ,ကလေးလို တဖျစ်တောက်တောက်နှင့် မြည်တွန်လည်း ‘အက္ခရာ’ တို့က မဖြုံရေးချ မဖြုံထဲက . . .။

“ဟာ . . . အရေးထဲ လာညော်မနေပါနဲ့ ‘ဘော်’ရာ၊ ဖေ့စ်ဘွတ်ခ်လုပ်တာ social networking လုပ်တာဟ့၊ နင်ဘာသိလဲ၊ ကမ္ဘာအရပ်ရပ်က သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းတွေ အများကြီးနဲ့ ခင်မင်ရင်းနှီးရတယ်၊ ပေါင်းသင်းဆက်ဆံရေး ကွန်ရက်ကို ဖြန့်ကျက်နိုင်သလောက် ဖြန့်ကျက်ထားနိုင်မှ ငါ အမြင်ကျယ်မှာပေါ့၊ ငါ့မှာ နိုင်ငံတကာက သူငယ်ချင်းတွေ ငါးထောင်ရှိနေပြီ၊ သူတို့က လာလာ add ကြတာနော်၊ ဒါတောင် ဖေ့စ်ဘွတ်ခ်က သူငယ်ချင်းငါးထောင်အထိပဲ limit ပေးထားလို့၊ တစ်နေ့တစ်နေ့ ဖေ့စ်ဘွတ်ခ်ပေါ်မှာ သူငယ်ချင်းတွေနဲ့ စကားတွေဖလှယ်၊ အသိတွေဖလှယ်၊ comments တွေ အပြန်အလှန်ပေးကြ၊ ကိုယ့်အကြောင်းကိုယ် update လုပ်၊ သူငယ်ချင်းတွေရဲ့ ချီးမွမ်းစကားသံတွေကို သာယာကျေနပ်ရတဲ့ ခံစားမှုပီတိကို နင် ဘယ်နားလည်ပါ့မလဲ ဘော်ရဲ့၊ နင့်မှာ တစ်နေ့တစ်နေ့ အလုပ် အလုပ် စာစာနဲ့ပဲ နပမ်းလုံးနေတာ၊ ဖေ့စ်ဘွတ်ခ်တောင် ငါဖွင့်ခိုင်း







www.burmeseclassic.com

www.burmeseclassic.com



လို့ နင် ဖွင့်ထားပြီး ဘာမှလည်း active မဖြစ်ဘူးမှလား၊ နင့်မှာ သူငယ်ချင်းတောင် ဆယ်ယောက်ပြည့်ရဲ့လား. . . ဟင်း"

'အက္ခရာ'က မျက်စောင်းလှလှနှင့် ပြန်ချေပ, ပါသည်။

"ဟယ် . . . အဲဒါ ဘာအရေးလဲ၊ ငါက နင့်လို သူငယ်ချင်းတွေ အများကြီးလည်း မလိုချင်ပေါင်၊ ငါ့အလုပ်က လူတွေလောက်ပဲ အဆက်အသွယ် လှမ်းလုပ်လို့ရအောင် friends လုပ်ထားတာ၊ နင့်လို celebrity တစ်ယောက်လိုလည်း လူချစ်လူခင် မများချင်ပါဘူး၊ ငါ့ဘဝမှာ . . . အဲဒါထက် အဓိကကျတဲ့ အရေးပါတဲ့ အလုပ်တွေ လုပ်နေရသေးတာ၊ အချိန်မပေးနိုင်ဘူးအေ့၊ နင့်ကိုတောင် အချစ်ဆုံးသူငယ်ချင်းမို့ သိပ်ချစ်လွန်းလို့ အချိန်ပေးထားတာ"

'အက္ခရာ'က ဘာအလှမှ ပြင်ဆင်ခြယ်သ, မထားသော မျက်နှာပြောင်သလင်းကလေးနှင့် ဘော့်ကို ရှုံ့ရှုံ့မဲ့မဲ့ကလေး ကြည့်ကာ ခေါင်းတယမ်းယမ်း ခါပြမိသည်။ အဲဒါ PERFECT MART group ရဲ့ မန်နေဂျာမ,ကလေးတဲ့။



စမတ်ကျကျ ကြော့ကြော့မော့မော့ လှလှပပ မပြင်ဆင်တတ်သော 'ဘော့်'ကို 'အက္ခရာ' ဘယ်လောက်ပဲ ဒီဇိုင်းဆင်ပေးလည်း ဘယ်တော့မှ မအောင်မြင်ခဲ့။ ဝတ်လိုက်ရင် ရှပ်အင်္ကျီကိုယ်ကြပ်နှင့် ဒူးအတိ မီနီစကတ် . . . လေဒီရှုးစ်နှင့် ဒီပုံစံထပ်တလဲလဲ။ ဆံပင်တွေက ပခုံးဝဲဝဲ စင်းစင်းအိအိပုံစံက ဒီအတိုင်း။ PERFECT MART group ဆိုသည်မှာ မြန်မာနိုင်ငံမှာ ဆိုင်ခွဲများစွာဖွင့်ထားတဲ့ စူပါမားကတ်တွေအားလုံး၏ ပင်မကုမ္ပဏီကြီးတစ်ခုမို့ ထိုကုမ္ပဏီ၏ မန်နေဂျာရာထူးကိုရဖို့ဆိုတာ တော်တော် ထက်မြက်လွန်းမှ။ 'ဘော်'က ရည်မှန်းချက်အလွန်ကြီးသော မိန်းကလေး။ အဲဒါကို ငယ်ငယ်ကတည်းက 'အက္ခရာ'သိခဲ့သည်။ 'ဘော်' ရော 'အက္ခရာ'ရော၏ မိဘတွေက မချမ်းသာကြပါ။ သာမန် စားနိုင်သောက်နိုင်ရုံ ဝန်ထမ်းများသာ။ 'ဘော်'နှင့် 'အက္ခရာ' က အိမ်ချင်းကပ်လျက်။ ကျောင်းသွားတော့လည်း အတူတူ . . . ကစားတော့လည်းအတူတူ။ စာကျက်တော့လည်း အတူတူ။ နောက်ဆုံး ညအိပ်ရင်တောင် သူ့အိပ်ရာကိုယ်သွားအိပ် ကိုယ့်အိပ်ရာ သူလာအိပ်နှင့် အတူတူအိပ်ခဲ့သော ညီအစ်မရင်းချာတွေထက်တောင် နီးကပ်ချစ်ခင်ခဲ့သူတွေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလောက် နှစ်ကိုယ့်တစ်စိတ်ချစ်ကြသည့်တိုင် ဒီသူငယ်ချင်းနှစ်ယောက်က စရိုက်ချင်း ... စိတ်ဓာတ် အတွေးအခေါ်ချင်း ... လောကကြီးဆီက ရယူချင်ပုံချင်းကျတော့ လုံးဝပြောင်းပြန် ဆန့်ကျင်ကွဲပြားခဲ့သည်။ 'အက္ခရာ'က ကိုယ့်ကိုယ်ကိုယ် လှပကြော့မော့ ဆန်းသစ်နေအောင် ဂရုတစိုက် သ,နေတတ်သူ။ 'ဘော်'ကကျတော့ ရုပ်ပိုင်းဆိုင်ရာ အပေါ်ယံ အလှထက် ဉာဏ်ပညာ ထူးချွန်ထက်မြက်ဖို့ကို ပိုရှေ့တန်းတင်သူ။ တကယ်လည်း 'ဘော်'က တော်ပါသည်။ ငယ်စဉ်ကတည်းက နှစ်ယောက်စလုံး မုန့်ဖိုးစုတာ ဝါသနာပါပြီး စုဗူးကိုယ်စီနှင့် စုတတ်ကြပြီး စုဗူးဖောက်လျှင် 'အက္ခရာ'က အလှအပ အသုံးအဆောင် ... အဝတ်အစား အသစ်အဆန်း ... ဖိနပ်လှလှကလေးတွေ ဝယ်မည်။ 'ဘော်' ကကျတော့ အဲဒီပိုက်ဆံနှင့် စာအုပ်စော့တွေဝယ်မည်။ သင်တန်းတွေတက် မည်။ အဲဒီလို ကွဲပြားခြားနားခဲ့ခြင်းဖြစ်သည်။

ဆယ်တန်းအောင်တော့ 'ဘော်'က အီကိုယူကာ 'အက္ခရာ'က ရည်ရွယ်ချက်သိပ်မပြင်းထန်လှဘဲ 'ဘော်'နှင့် အတူ အီကိုလိုက်ယူကာ အီကိုကွင်းဘဝကို ဂုဏ်ယူတပ်မက်စွာ ခံယူခဲ့သည်။ ကျောင်းကနေ ဘွဲ့ရပြီးတော့ 'အက္ခရာ'က ကိုယ်



ဘာဖြစ်ချင်သလဲဆိုတာကို သိသူပီပီ ဖက်ရှင်ဒီဇိုင်နာလမ်းကို ရွေးချယ်ခဲ့သည်။ 'ဘော်'ကတော့ အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင်တစ်ယောက်ဖြစ်ဖို့ ရည်မှန်းချက်ပြင်းထန်ကာ ဇွဲသန်လွန်းသူမို့ MBA ဘွဲ့ရအောင် ကျောင်းဆက်တက်ခဲ့ပါသည်။

အခုတော့ ... 'အက္ခရာ'က နာမည်ကြီးမင်းသမီးတွေ၏ ဒီဇိုင်နာအဖြစ် အောင်မြင်စ,ပြုနေပြီဖြစ်ကာ ဘဝကို ပေါ့ပေါ့ပါးပါးကလေး ပျော်ရွှင်စွာဖြတ်သန်းနေခဲ့ပြီ။ 'ဘော်' ကတော့ သူ့ ရည်မှန်းချက်အတိုင်း ဇွဲသန်သန်နှင့် ကြိုးစားဆဲ။ PERFECT MART group ၏ မန်နေဂျာဘဝနှင့် ရပ်တန့် မကျေနပ်နိုင်သေး။ ရာထူးတွေ တစ်ဆင့်ပြီးတစ်ဆင့်တိုးပြီး တစ်ချိန်မှာ PERFECT MART group ၏ ရှယ်ယာဝင်တစ်ယောက်အဖြစ် ... ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက်ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားနေဆဲ။ 'ဘော့်ကို' ကြည့်ရတာ အက္ခရာတော့ မောပါသည်။

" 'ဘော်'ရယ် ...၊ နင့်အစား ငါ မောလိုက်တာ ... တကယ်၊ လူရယ်လို့ဖြစ်လာပြီဆိုမှတော့ လူ့ဘဝရဲ့ ပျော်ရွှင်စရာအရသာတွေကို ဇိမ်ကျကျခံစားရမှာပေါ့၊ နင်



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလောက် အသည်းအသန်ကြိုးစားပြီး တစ်နေ့မှာ PERFECT MART group ရဲ့ ဒါရိုက်တာတစ်ယောက် ဖြစ်ပါပြီတဲ့၊ နင် ချမ်းသာပါပြီတဲ့ . . . အဲဒီ အချိန်မှာ နင့်ရဲ့ နုပျိုလန်းဆန်းမှုတွေက မရှိတော့သလောက်ကို ပျောက်ဆုံးခဲ့ပြီ၊ နင့်ရဲ့ဘေးမှာ နင့်ကို အရိပ် တကြည့်ကြည့်နဲ့ ဂရုတစိုက်လိုတရအောင် ဖြည့်ဆည်း အလိုလိုက် ပေးမယ့် ချစ်ခင်ကြင်နာယုယမယ့် ဘဝအဖော် တစ်ယောက်ကို နင်ကိုယ်တိုင်တောင် သတိ မထားလိုက်မိဘဲ ဆုံးရှုံးချင်ဆုံးရှုံးမယ်ဟာ၊ နင့်ဘဝက ဘာအဓိပ္ပါယ်ရှိမှာလဲ"

'အကွရာ'၏စကားကို 'ဘော်'က မျက်မှောင်ကြုတ်ပြီး တုံ့ပြန်ပါသည်။

"ဟဲ့ . . . 'သည်း'ရဲ့၊ ငါက ငါ့ဘဝကို ငါကိုယ်တိုင်ရဲ့ လက်တွေခြေတွေနဲ့ပဲ တည်ဆောက်ချင်တဲ့သူလေဟယ်၊ ဘယ်သူ့ကိုမှ အားမကိုးချင်ဘူး၊ မမှီတွယ်ချင်ဘူး၊ ငါကိုယ်တိုင်သာ ငါ့ရဲ့ အားထားကိုးကွယ်ရာဖြစ်ရမယ်၊ အဲဒီအတွက် နင် ပြောသလို နုပျိုလန်းဆန်းမှုတွေ ဆုံးရှုံးလိုက်ရလို့လည်း ငါ ဂရုမစိုက်ဘူး သူငယ်ချင်း၊ ဘဝအဖော်မွန်နဲ့ လွဲလိုက်ရလို့လည်း ငါ မနှာကျင်ပါဘူး၊ ငါ ချမ်းသာချင်တယ်လေ . . . အဲဒီတော့ ငါ ချမ်းသာအောင် ငါ ကိုယ်တိုင်ပဲလုပ်ရမှာ၊ ဘယ်သူ့ကိုမှ အားကိုးမျှော်လင့်နေဖို့မှ မလိုတာ 'သည်း'ရဲ့"

'ဘော့်'မျက်နှာက မာန်တစ်မျိုးဖြင့် တောက်ပနေခဲ့ပါသည်။ 'အကွရာ'ကတော့ အပြုံးလှလှကလေးပြုံးလိုက်ရင်း

"အဲဒီတော့ နင် ပင်ပန်းတာပေါ့ ဘော်ရဲ့၊ မိန်းကလေးတစ်ယောက်ဟာ သိပ်တော်နေဖို့ မလိုဘူး၊ သိပ် ထက်မြက်နေဖို့မလိုဘူး၊ သိပ်လှနေဖို့ပဲလိုတယ်၊ ပြီးတော့ လှလှပပ အသုံးချတတ်ဖို့နဲ့ ဉာဏ်ကစားတတ်ဖို့ပဲလိုတယ် သိလား၊ အဲဒါ ငါ့ရဲ့ လျှို့ဝှက်ချက်ပဲ၊ ငါရော နင်ရော မိဘတွေက သာမန်ဝန်ထမ်းတွေ၊ မချမ်းသာ မပြည့်စုံခဲ့ဘူး၊ အဲဒီတော့ ငါတို့နှစ်ယောက်လုံးရဲ့ ရင်ထဲမှာ တူညီစွာ ကိန်းဝပ်နေခဲ့တာက ငါတို့သည် အရမ်းချမ်းသာပြည့်စုံချင်တယ်၊ အဆင့်အတန်းမြင့်မြင့် ခမ်းခမ်းနားနားဘဝတစ်ခုကို အရမ်းလိုချင်မက်မောတယ်၊ ရိုက်ထ် ?၊ အဲဒီအတွက် နင်က နင့်ဘာသာ အပင်ပန်းခံပြီး ကြိုးစားရုန်းကန်တယ်၊ နင် တန်ဖိုးထားတဲ့အရာက





www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ပညာ၊ ငါ့အတွက်ကျတော့ ငါ့ရဲ့ ရင်နှီး မြှုပ်နှံ မှုက အလှအပပဲ ဘော်ရဲ့၊ ငါကိုယ်ငါ လှပလွန်းနေ အောင် ဆံစ,ကနေ ခြေဖျားအထိ ဂရုတစိုက် ပြင်ဆင် တယ်၊ မျက်စိဖွင့် နားစွင့်ထားပြီး အခွင့်အလမ်း မှန်သမျှကို လိမ္မာပါးနပ်စွာ စောင့်မယ်၊ သူဌေးတွေက မိန်းမချော မိန်းမလှတွေကို မက်မောတတ်တယ်၊ သူတို့အတွက် မိန်းမချောတစ်ယောက် နံဘေးမှာရှိရင်ပြည့်စုံတယ်၊ အဲဒီ မိန်းမချောကကျတော့ သူတို့ဆီက ပြီးပြည့်စုံခမ်းနားတဲ့ လိုတရ ချမ်းသာကို စွဲမက်တယ်၊ အဲဒီတော့ တစ်ယောက် ကိုတစ်ယောက် အပြန်အလှန်လို အပ်ကြတဲ့ လူ နှစ်ယောက် ဆုံစည်းကြတဲ့အခါ ပွဲပြီးသတည်းပေါ့၊ happily ever after ပေါ့ အဟိ"

"ဟယ် ၊ နင့်ရဲ့ အတွေးအခေါ်ကြီးကလဲဟယ်၊ မမိုက် လိုက်တာ၊ ငါကတော့ လောကမှာ ကိုယ့်ကိုယ်တိုင်က လွဲပြီး ဘယ်သူ့ကိုမှ မယုံကြည် မမျှော်လင့်ပါဘူးဟာ၊ ကိုယ်ပိုင်အစွမ်းအစ ကိုယ့်အရည်အချင်းနဲ့ပဲ ချမ်းသာ ချင်တယ်၊ သူတစ်ပါးကို မမှီခိုချင်ပါဘူး 'သည်း'ရဲ့"

"အဲဒီတော့ နင်ပင်ပန်းတာပေါ့ 'ဘော်'ရဲ့၊ ငါကတော့ အပင်ပန်း လုံးဝမခံနိုင်ဘူးဆရာ၊ တစ်သက်လုံး လှလှ ပပ ... ကြော့ကြော့မော့မော့ကလေးနေပြီး လိမ္မာ ပါးနပ်တဲ့ သူဌေးကတော် လှလှလေးပဲလုပ်တော့မယ်၊ အဲဒါ ငါ့ဘဝရဲ့ဒဿန ဟား ဟား"

"အပေါမ၊ နင်ဟာလေ ရုပ်ကလေးအရမ်းလှသလောက် ဉာဏ်ကိုကြီးတယ် ဟင်း"

"ဟဲ့ ...၊ မိန်းမဆိုတာ ဉာဏ်ကြီးဖို့ပဲလိုတာ 'ဘော်'ရဲ့၊ နင်သာ ဉာဏ်မကြီးလို့ ယောကျာ်းတွေနဲ့ ရင်ဘောင် တန်းပြီး ယောကျာ်းတစ်ယောက်လို ပင်ပန်းခံပြီး ရုန်း ကန်နေရတာပေါ့၊ မျက်နှာကိုကြည့်ဦး ... ဘယ် တော့မှ skin care မလုပ်ဘူး၊ ငါနဲ့လိုက်ခဲ့ လာ၊ beauty spa သွားကြမယ်၊ မျက်နှာပေါင်းတင်မယ် ... အဆီချ မယ် ... တစ်ကိုယ်လုံး ပေါင်းတင်မယ် ... အဆီချ မယ်"

"တော်ပါပြီ 'သည်း'ရယ်၊ နင်နဲ့ငါ ကာလာချင်းမှ မတူ တာ၊ အဲဒီ ပေါင်းတင်တာတွေက ဘာမှ သုံးစားလို့မရ ပါဘူး၊ ငါ့အတွက်တော့ အပေါ်ယံအရေပြားအလှထက် စိတ်နှလုံးအလှက ပိုအရေးကြီးတာပါ၊ ပေါင်းတင်တာ



www.burmeseclassic.com

www.burmeseclassic.com



တွေအတွက် ကုန်ကျမယ့် ပိုက်ဆံတွေကို ငါက အရမ်းနှမြောတယ်၊ အဲဒီအစား စာအုပ်တွေဝယ်ဖတ်လိုက် ရင်ဉာဏ်ပညာတွေ အရမ်းတိုးတယ်၊ သိချင်တာတွေအားလုံးသိခွင့်ရဖို့အတွက် စာဖတ်ရမှာ 'သည်း'ရဲ့"

"အမယ်လေး . . . စာမဖတ်ချင်ပေါင်၊ ပျင်းမှပျင်း၊ နင်စာအုပ်ဆိုင်ရောက်ရင်သာ ငါ့အတွက် ဒီဇိုင်နာကတ်တလော့ဂ်စာအုပ်တွေဆွဲခဲ့ဖို့ မမေ့နဲ့နော်"

"အေးပါ၊ ဒါဖြင့် ငါလစ်တော့မယ် 'သည်း'၊ နေ့လည်နှစ်နာရီ meeting ရှိတယ် . . . ရုံးပြန်ရမယ်၊ နင်ဖေ့စ်ဘွတ်ခ်ချည်းပဲ လုပ်မနေနဲ့နော်"

"အေးပါဆို . . .၊ ဓာတ်ပုံရိုက်ထားပြီးသားအသစ်ကလေးတွေတော့ တင်ပါရစေဦးဟယ် . . . အဟိ"

"မိန်းမ . . .၊ နင်လှတာ တစ်ကမ္ဘာလုံးက သိစေချင်တယ်ပေါ့လေ၊ ဟုတ်လား"

"ဒါပေါ့လေ . . . ဒါပေါ့၊ ဒါမှ ကမ္ဘာတစ်လွှားက ဘီလျံနာကြီးများ ငါ့ရဲ့အလှမှာ ဒူးထောက်ခစားကြစေသတည်းပေါ့ . . . အဟီး"





"အရှုံးမ . . . 'သည်း'၊ နင့်ကို အလှနတ်ဖုရားမကလေးလို့ ထင်နေကြတဲ့သူတွေက နင် ဒီလို ပေါချာချာ ရှုံးပေါပေါကလေးမှန်း လုံးဝ သံသယရှိမှာ မဟုတ်ဘူး၊ ကြည့်လည်းတင်ဦးနော်၊ နိုင်ငံတကာက ဆိုက်ကိုကြီးများလည်းနင့်အလှမှာယစ်မူးပြီး ခြေရာခံရောက်လာကြဦးမယ်"

"သွား . . . ဘော်ငွေပုလဲ . . . အစုတ်ပလုပ် . . . အယုတ်ပုပ် . . . ညကျမှ ငါနင့်ကို ဖုန်းခေါ်လိုက်မယ် အိုကေ"

"အိုကေ . . . သွားပြီ . . . သည်းအကွာရာ၊ အရွှအထအလှအပကလေး ဟေးဟေး"

'ဘော်'က အနိုင်မခံ အရှုံးမပေးစွာ လှတပတတလေး ဆဲရေးနောက်ပြောင်ပြီး ကော်ဖီဆိုင်ထဲမှ ထွက်ခွာသွားတော့သည်။ ကျန်ရစ်ခဲ့သော'သည်း'က စိတ်မဆိုးနိုင်ဘဲတခစ်ခစ် ရယ်မောရင်း ကျန်ရစ်ခဲ့ပါသည်။ အဲဒီလိုပဲ 'သည်း' နှင့် 'ဘော်'ဟာ ညီရင်းအစ်မတွေသဖွယ် တကျက်ကျက်နှင့်ရန်ဖြစ်လျက်ကပဲ တစ်နေ့မတွေ့ မနေနိုင်အောင် ချစ်ခင်လွန်းခဲ့သည်။ ဘယ်လောက်ပဲ အယူအဆ အတွေးအခေါ် စိတ်ဓာတ်





www.burmeseclassic.com

www.burmeseclassic.com

ချင်း စရိုက်ချင်း ဆန့်ကျင်ခြားနားပါစေ 'သည်း'သည် 'ဘော်'
ကို သူမတူအောင် ချစ်ခင်မိသလို 'ဘော်'ကလည်း 'သည်း'ကို
အသည်းစွဲအောင် ချစ်ခင်မြတ်နိုးသူဖြစ်ပါသည်။







လူတစ်ယောက်ကို
မျှော်လင့်ခြင်းဆိုတဲ့ မျက်စိနဲ့
ဘာဖြစ်လို့ ကြည့်နေမှာလဲ၊
သူမှာ ဘာရှိသလဲဆိုတာ ပေါင်းတာထက်
သူဘာလဲဆိုတာကို ပေါင်းရတာ
ပိုစိတ်ချမ်းသာစရာမကောင်းဘူးလား…



www.burmeseclassic.com

www.burmeseclassic.com

အခန်း ... ၂



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD

အခန်း - ၂

"Junction Centre Mawtin" ထဲက နိုင်ငံတကာစာအုပ် အရောင်း ဆိုင်ကလေးက 'ဘော့်' အတွက် သည်းခြေကြိုက်နေရာ ကလေးတွေထဲက တစ်ခုအပါ အဝင်ဖြစ်သည်။ လမ်းကြုံလျှင် ဖြစ် စေ .. အလုပ်နည်းနည်း အားလျှင်ဖြစ်စေ .. ဒီဆိုင် ကလေးဆီလာပြီး ဖတ်ချင်သော စာအုပ်တွေ ရွေးချယ်ရှာဖွေနေ ကျဖြစ်သည်။ နိုင်ငံခြားက စာအုပ် ဆိုင်တစ်ဆိုင်လို ပညာရေးဆိုင်ရာ၊ အသိပညာ ဗဟုသုတပိုင်းဆိုင်ရာ၊ သုတရသစာပေ၊ ကျန်းမာရေး ဆိုင်ရာ နိုင်ငံတကာဝတ္ထုတချို့



www.burmeseclassic.com

www.burmeseclassic.com

... စသဖြင့် သူ့ section နှင့်သူ စနစ်တကျရှိတာမို့ ရှာဖွေရလည်းလွယ်ကူကာ နောက်ဆုံးထွက် စာအုပ်တွေပါ ရနိုင်တာမို့ 'ဘော်က' တော်တော် သဘောကျသည်။

လက်ထဲမှာ ကော်ဖီခွက်ကလေးတစ်ခွက်နှင့် ဖတ်ချင်သမျှစာအုပ်ကို စိတ်တိုင်းကျရှာဖွေနိုင်သည်။ 'သည်း' အတွက် ဖက်ရှင်ကက်တလော(ဂ်)တစ်အုပ် .. ပြီးတော့ 'ဘော့်' အတွက်တော့ "Business Success" နဲ့ "International Business" နှစ်အုပ်ရပြီးချိန်မှာ ဆိုင်ဝ,မှာ ပိုက်ဆံရှင်းပြီး ဝယ်လိုက်သည်။ တကယ်တော့ 'ဘော့်'အမှား ...။ ဆိုင်ထဲက အထွက်မှာ အိတ်ထဲကဖုန်းက မြည်လာသည်မို့ ဖုန်းဖြေဖို့ အိတ်ထဲကို လက်တစ်ဖက်ကနှိုက်ပြီးရှာနေချိန် ... တစ်ဖက်မှာက စာအုပ်တွေ ထည့်ထားသောအိတ်ရယ်၊ ကော်ဖီခွက်ရယ်နှင့်မို့ မနိုင်မနင်းဖြစ်နေသည်။ ထို့ကြောင့် ဆိုင်ထဲပြန်ဝင်ပြီးမှ အေးအေးဆေးဆေး ဖုန်းဖြေဖို့ ပြန်အလှည့် 'ဘော့်'နောက်နားမှာ ဆိုင်ထဲကနေ စာအုပ်ဝယ်ပြီးပြန်ထွက်လာသူတစ်ယောက်နှင့် နီးနီးကလေးကပ်ပြီး တိုက်မိသွားခဲ့သည်။ အားနာဖို့ကောင်းသည်က 'ဘော့်'လက်ထဲက ကော်ဖီခွက်ထဲမှ ကော်ဖီတချို့ သူ့ရဲ့ ရှပ်အင်္ကျီရင်ဘတ်ဆီမှာ စွန်းထင်းသွားခဲ့ခြင်းဖြစ်သည်။





"ဟောတော့၊ ဆောရီး .., ဆောရီးနော်၊ ကျွန်မ ဝင်တိုက်မိတာပါ၊ ဖုန်းမြည်တာနဲ့"

"ရတယ် ညီမ၊ ကိစ္စမရှိဘူး၊ ဖုန်းနှိုက်လို့မရသေးဘူးလား၊ ကျွန်တော့်ကို စာအုပ်နဲ့ကော်ဖီခွက် ခဏပေးထားလိုက်လေ၊ ဖုန်းကို အရင်နှိုက်လိုက်ပါ"

"ဪ... ဟုတ်ကဲ့ ကျေးဇူး"

'ဘော်'က လက်ထဲက စာအုပ်အိတ်နှင့်ခွက်ကို သူ့ဆီလှမ်းပေးပြီး အိတ်ကိုဖွင့်ကာ ဖုန်းကို သေချာရှာဖွေနှိုက်ယူလိုက်ပြီး ဖုန်းဖြေလိုက်သည်။ သူ့လက်ထဲမှာလည်း စာအုပ်အိတ်တွေအများကြီး ကိုင်ထားတာမြင်ရသည်မို့ အားနာအပြုံးကလေး လှမ်းပြုံးပြလိုက်ရသေးသည်။

"ဟယ်လို ..."

" 'ဘော်' ... နင် ဘယ်ရောက်နေလဲ၊ အလုပ်ရှုပ်နေလား"

" 'သည်း' ... ငါ အခု Junction Mawtin ထဲမှာ၊ စာအုပ်ဝယ်ပြီး ပြန်အထွက် နင့်ဖုန်းမြည်လာတာ၊ ပြောဘာပြောမလို့လဲ"

"ညနေ နင့်ကို ချိန်းမလို့ပါ၊ hot pot သွားသောက်ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်လို့"

"အေး အေး ... ငါ ပြန်ဆက်လိုက်မယ် 'သည်း'ရာ နော်"

"အိုကေ ..."

ဆိုပြီး 'သည်း'ဖုန်းချသွား၏။ ဖုန်းကို အိတ်ထဲ ပြန်ထည့်ပြီးမှ သူ့ရင်ဘတ်မှာ စွန်းထင်းသွားသော ကော်ဖီတွေကို လှမ်းကြည့်ကာ ...

"ဆောရီးပါရှင်၊ ရှင့်အင်္ကျီစွန်းသွားပြီ ..."

"ရပါတယ် ညီမ၊ စွန်းတာက ပြန်လျှော်လို့ရပါတယ်"

သူက အပြုံးချိုချိုမြမြကလေးဖြင့် ပြန်ပြောသည်။

"စာအုပ်တွေများလှချည်လား ဝယ်ထားတာ"

"ဩော် ... ကျွန်တော့်ဝန်ထမ်းတွေကို လက်ဆောင် ပေးဖို့ပါ"

'ဘော်'က သူ့လက်ထဲမှ စာအုပ်ထုပ်တစ်ထုပ်နှင့် ကော်ဖီခွက်ကို ပြန်ယူလိုက်ပြီး ...

"ကျေးဇူးပါ ... အင်္ကျီ စွန်းတာအတွက် တကယ် ဆောရီး နော်၊ ကျွန်မကို ခွင့်ပြုပါဦး"

ဟု နှုတ်ဆက်ပြီး ခပ်သွက်သွက် ပြန်ထွက်လာခဲ့သည်။ ချိန်းထားသော Appointment တစ်ခုအမီ သွားစရာ ရှိတာမို့ ကားပါကင်ဆီသို့ တန်းလာခဲ့သည်။ စာအုပ်ထုပ်ကို နောက်ခန်းထဲထည့် ကော်ဖီလက်ကျန်ကို အပြတ်ရှင်းလိုက် ပြီး စက္ကူခွက်ကလေးကို ကားထဲက အမှိုက်အိတ်ကလေးထဲ ထည့်ပြီးမှ ကားမောင်းထွက်ခဲ့၏။ ညနေ 'သည်း'နှင့်တွေ့မှာဆို တော့ ဝယ်လာသော ဖက်ရှင်ဒီဇိုင်းစာအုပ်ကလေးပေးဖို့ အ တော်ပဲ .. ဟု တွေးမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဟော့ပေါ့(ထ်)ထဲမှာတော့ ရွှေကောင်းဟော့ပေါ့(ထ်)ကို 'ဘော်'ရော 'သည်း'ပါ အကြိုက်ဆုံး။ ညဘက်ဆို လူတွေစည်ကားနေတတ်သည်မှာ စားပွဲဝိုင်းတိုင်းအပြည့်။ ဖုန်းကြိုဆက်ထားလို့သာ 'ဘော်'တို့နှစ်ယောက်စာ စားပွဲကလေး ပြင်ဆင်ပေးထားခဲ့သည်။ 'ဘော်'က စာအုပ်အိတ်ကလေး ယူလာခဲ့ပြီး အထဲက ဖက်ရှင်ဒီဇိုင်းစာအုပ်ကို 'သည်း'ကိုပေးဖို့ ထုတ်အယူမှာ အထဲက စာအုပ်နှစ်အုပ်ကြောင့် မျက်လုံးတွေ ဝိုင်းသွားခဲ့သည်။ Dale Carnegie ၏ "How to Win Friends and Influence People."

"ဟောတော့ ငါ့စာအုပ်အိတ် သူ့ဆီပါသွားခဲ့ပြီတော့"

"ဟဲ့ ဘယ်သူ့ဆီတုံး 'ဘော်'ရဲ့ ဘာစာအုပ်လဲ"

"မနေ့လည်က စာအုပ်ဆိုင်ကနေ နင့်အတွက် ဒီဇိုင်းစာအုပ်ရယ် ငါ့အတွက် International Business စာအုပ်ရယ် ဝင်ဝယ်ခဲ့တာ၊ နင့်ဖုန်းမြည်လာတော့ ဖုန်းရှာရင်း လူတစ်ယောက်နဲ့ ဝင်တိုက်မိတယ်၊ ထုံးစံအတိုင်း ငါ့







လက်ထဲမှာက ကော်ဖီခွက်နဲ့ဆိုတော့ သူ့ကို ကော်ဖီတွေ စင်ကုန်တယ်၊ သူက ငါ့လက်ထဲက စာအုပ်အိတ်နဲ့ ကော်ဖီခွက်ကို ကိုင်ပေးထားပြီး ငါ့ကို ဖုန်းတွေ့အောင် ရှာခိုင်းတယ်၊ သူ့လက်ထဲမှာလည်း စာအုပ်အိတ်တွေ အများကြီး ဆွဲထားသေးတာ၊ သူ့ဝန်ထမ်းတွေကို ပေးဖို့တဲ့၊ စာအုပ်ဆိုင်ကပေးတဲ့ အိတ်ချင်းက ဆင်တူတွေဆိုတော့ မှားသွားတာထင်တယ်၊ ကွိုင်ပဲဟာ၊ သူ့ကို ဘယ်လိုပြန်ရှာရမလဲ မသိပါဘူး"

"ရော် . . . ဒါလေးများ အလွယ်လေးဟာ၊ 'ဘော်'က လည်း၊ နင် အဲဒီစာအုပ်ဆိုင်ကိုပြန်သွား၊ စာအုပ်မှားသွားတဲ့အကြောင်း ပြောပြပြီး စာအုပ်နှစ်အုပ်ပြန်လဲချင်တဲ့ အကြောင်း ပြောပြပေါ့၊ သူကလည်း စာအုပ်မှားသွားမှန်းသိရင် ပြန်လဲချင်မှာပဲ၊ စာအုပ်ဆိုင်မှာ နင့်ဖုန်းနံပါတ်လေး ပေးထားလိုက်ပေါ့၊ ဟိုဘက်ကလူလည်း လာပြန်လဲချင်လဲမှာပဲ၊ အဲဒီအခါကျတော့ နင့်ဖုန်းကို ဆိုင်က ပေးလိုက်မှာပေါ့"

မရွှေသည်းကတော့ဖြင့် ရွှေဉာဏ်တော်က ပြေးပြီးသားမို့ ချက်ချင်း အကြံဉာဏ်ကောင်းပေးနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

"အေး . . . အဲဒါ အကောင်းဆုံးပဲ၊ ဆိုင်ကကောင်လေးနဲ့လည်း ခင်နေပြီးသားပါ၊ ငါ ခဏခဏ စာအုပ်သွားဝယ်နေကျလေ"

"နေပါဦး . . . မေးရဦးမယ်၊ အဲဒီလူက ရုပ်ရည်အဆင်းရူပကာ ဘယ်လိုအခြေအနေရှိလဲ 'ဘော်' "

"လာပြန်ပြီ၊ နင်က ဘာလုပ်မလို့လဲ"

"ရော် . . . သူ့စကားထဲ ပါတယ်လေဟယ်၊ ဝန်ထမ်းတွေကို ပေးမှာဆိုတော့ သူက ဘော့(စ်)ဖြစ်မှာပေါ့၊ မဟုတ်ဘူးလား၊ ပေးတဲ့စာအုပ်ကလည်း အဆင့်အတန်းမြင့်မြင့် Dale Carnegie ပေးတာဆိုတော့ တော်ရုံတန်ရုံအဆင့်မကဘူးလေ၊ ဘော့(စ်)ဆိုရင် တော့ ဇာတ်လမ်းလေးဘာလေး ဆက်ရကောင်းမလားလို့လေ အဟိ"

"ရွှေသည်း . . ရွှေသည်း၊ နင်ကတော့လေ၊ တကယ်မလွယ်ဘူး သိလား၊ လူတစ်ယောက်ကို မျှော်လင့်ခြင်းဆိုတဲ့ မျက်စိနဲ့ ဘာဖြစ်လို့ ကြည့်နေမှာလဲ၊ သူ့မှာ ဘာရှိသလဲဆိုတာ ပေါင်းတာထက် သူဘာလဲဆိုတာကို ပေါင်းရတာ ပိုစိတ်ချမ်းသာစရာမကောင်းဘူးလား သည်းရဲ့၊ သူက ရိုးသားဖြောင့်မတ်တဲ့ ခင်စရာကောင်း





တဲ့ လူတစ်ယောက်ဆို တော်ပြီပေါ့၊ ငါနဲ့ သူငယ်ချင်းဖြစ်လို့ရပြီ၊ ဘော့(စ်)ဖြစ်စရာ မလိုပါဘူး၊ ကျော်ကြားခမ်းနားတဲ့လူတစ်ယောက်ဖြစ်ဖို့လည်း မလိုပါဘူး၊ စိတ်ကောင်းစေတနာကောင်းရှိဖို့ပဲလိုတယ်၊ တကယ်ဆို ငါ့အတွက်ပြောရရင် ရုပ်လှဖို့တောင် မလိုအပ်ပါဘူး၊ စိတ်နှလုံးလှတဲ့သူဖြစ်ရင် ငါကတော့ ခင်မှာပဲ . . ."

'ဘော်'က ပြောမယ့်သာပြောနေရတာပါ။ 'သည်း'က နားဝင်လှသည်ရယ်လို့ မရှိ။ 'သည်း'က လူ အခင်အဆန်ရွေးတတ်တာကို 'ဘော်'အသိဆုံး။ 'သည်း' ခင်မင်ပေါင်းသင်းသမျှသည် စီးပွားရေးလောကမှာဖြစ်စေ၊ အနုပညာနယ်ပယ်မှာဖြစ်စေ အောင်မြင်ထင်ရှားကျော်ကြားနေသူတွေ၊ မိဘတွေက ချမ်းသာသော သူဌေးသားသမီးတွေ အဲဒါမျိုးတွေနှင့်သာ ရွေးပြီး ခင်မင်တတ်ပါသည်။ 'လုပ်နေသောအလုပ်ကတော့ ဒီဇိုင်နာ ချောချောလှလှကလေးဖြစ်နေပြန်တော့ မင်းသားမင်းသမီးတွေ တရုန်းရုန်းနှင့် 'သည်း'က မင်းသမီးတစ်ယောက်ထက်တောင် လူစိတ်ဝင်စားစဖွယ် လှပတင့်တယ်နေသူကလေးဖြစ်သည်။

"တော်စမ်းပါအေး၊ အဲဒါတွေ လာမပြောနဲ့၊ အဲဒီလူနဲ့



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ချင်းပြန်လဲတဲ့အခါကျရင် သာ သူ ဘယ်သူဘယ်ဝါလဲဆိုတာ ညည်းသိအောင်လုပ်ခဲ့အေ ဒါပြီ၊ အကောင်းစားကလေးဆို ညည်း စိတ်မဝင်စားရင် ကျုပ်ဆီပို့လိုက် . . . အဟိ"

'သည်း'က ထုံးစံအတိုင်း အလေးအနက်မရှိ သောပေါ့ပျက်ပျက် ရွှတ်နောက်နောက် စကားကိုဆိုရင်း ပော့ပေါ့(ထ်)ထဲက ပုဇွန်ကလေးတွေကို ရွေးကာစားနေခဲ့ သည်။ "သည်း အက္ခရာ" ဆိုသည်မှာ အဲဒီလို မိန်းကလေးပါ။



ဖုန်းမြည်လာချိန်က 'ဘော်' အလုပ်ပြီးလို့ အိမ်အပြန် ကားမောင်းနေချိန်ဖြစ်၏။ နံပါတ်ကို လှမ်းကြည့်တော့ 'ဘော်'မသိသော နံပါတ်တစ်ခု။ ကားမောင်းရင်းမို့ Hands-free kits တပ်ထားပြီးသားမို့ 'ဘော်' အလွယ်တကူပဲ ဖုန်းဖြေလိုက်ပါသည်။

"ဟယ်လို . . ."

"ဘော်ငွေပုလဲလားခင်ဗျာ . . ."

"ဟုတ်ကဲ့ပါ . . . ဘယ်သူပါလဲ"

"ကျွန်တော် 'ဇွဲဆု' ပါ၊ ဟို စာအုပ်တွေမှားသွားလို့ ဒီနေ့ဆိုင်ကိုရောက်တော့ ဆိုင်ကညီလေးက ညီမလည်းလာသွားတယ်လို့ ပြောပါတယ်၊ ညီမရဲ့ဖုန်းနံပါတ်ပေးလိုက်တာနဲ့ လှမ်းပြီး ဖုန်းခေါ်လိုက်တာပါ။ အနှောင့်အယှက်များ ဖြစ်သွားလား မသိဘူး"

"အို . . . သိပြီ၊ အနှောင့်အယှက် မဖြစ်ပါဘူးရှင့်၊ ကျွန်မခုပဲ အိမ်ပြန်နေတာပါ"







www.burmeseclassic.com

www.burmeseclassic.com

"ဒါဖြင့် ကားမောင်းနေတာလား . . ဒရိုင်ဘာနဲ့လား"

သူမမေးခွန်းက စေ့စပ်လွန်းသူတစ်ယောက်ဆန် လှသည်မို့ 'ဘော်' မျက်ခုံးကလေးပင့်ကာ တစ်ချက်ပြုံးမိသည်

"ကျွန်မ-ကားမောင်းနေတာပါ"

"ဪ . . . ဒါဆို ကျွန်တော် ညီမ အိမ်ပြန်ရောက် ချိန်ကျမှ မှန်းပြီး ပြန်ဆက်လိုက်ပါ့မယ်"

"အို . . . ရပါတယ်၊ ကျွန်မ Hands-free kits န ပြောနေတာပါ၊ စာအုပ်ချင်း ပြန်လဲချင်တယ်၊ ကျွန်မ ကားပေါ်မှာ ကိုဇွဲဆုရဲ့ စာအုပ်တွေပါလာတယ်၊ သူယ ချင်းကို ပေးမယ့်စာအုပ်က ဖက်ရှင်စာအုပ်ဖြစ်နေလို့ပါ သူနဲ့က ဒီညတွေ့မှာ ချိန်းထားလို့ပါ"

"အိုကေ . . . ကျွန်တော် ဘယ်မှာ လာပေးရမလဲ၊ ညီမ ဘယ်နားရောက်နေပြီလဲ၊ ညီမရောက်နေတဲ့ဆီကို ကျွန်တော် လာပေးပါ့မယ်"

'ဘော်'က ကားမောင်းရင်း ဘေးဘီဝဲယာကို လှမ်းကြည့်မိတော့ ရှေ့နားမှာ စိမ်းလန်းစိုပြေထဲဝင်လို့ရတာနှင့် . .

"ဒါဖြင့် ကျွန်မ စိမ်းလန်းထဲပဲ ဝင်လာခဲ့လိုက်မယ်





Zephyr ထဲပဲ လာခဲ့လိုက်နော်၊ ကျွန်မ ရေစပ်နားက စားပွဲတစ်ခုမှာရှိမယ်"

"အိုကေ . . . ညီမ၊ ကျွန်တော် ငါးမိနစ်ဆိုရောက်မယ်"

သူ ဖုန်းချသွားတော့ 'ဘော်'က စိမ်းလန်းထဲ ဝင်လာခဲ့လိုက်သည်။ ညနေစောင်းမို့ Zephyr ထဲမှာ စုံတွဲကလေးတွေ စုံညီနေသည်။ ရေစပ်နားက စားပွဲမှာ နေရာယူရင်း ပျားသံပုရာတစ်ခွက် မှာသောက်နှင့်ကာ 'ဇွဲဆု'ဆိုသူကို စောင့်ရင်း 'သည်း'ကို ပြေးသတိရလိုက်မိသေးသည်။ သိပ်ကြာကြာ မစောင့်လိုက်ရပါ။ 'ဘော်' ထိုင်နေသော စားပွဲဆီသို့ မတ်မတ်မားမားလျှောက်လာနေသော သူမကို မြင်လိုက်ရပါသည်။ ဘော်ဒီဖစ်(ထ်)ရှပ်အင်္ကျီအပြာနုနုနှင့် ပုံကျနလွန်းသော ဘောင်းဘီကို တွဲဖက်ဝတ်ထားပုံက စမတ်(ထ်)ကျလွန်းလှသည်။ 'သည်း'သာဆို ရှပ်အင်္ကျီဟာ ဘာ brand လဲလို့ အမိအရ လိုက်ကြည့်ဦးမှာ မလွဲ။ အနားရောက်လာတော့ ခင်မင်နှစ်လိုဖွယ်အပြုံးကလေးနှင့် တရင်းတနှီး လှမ်းနှုတ်ဆက်ကာ . . .

"ဆောရီးပဲ ညီမရယ်၊ ကျွန်တော့်ကို စောင့်ရတာ"

ဟု ပြောရင်း ခုံမှာဝင်ထိုင်ပါသည်။ ကြည်လင်လတ်ဆတ်ဝင်းဖန့်နေသော အသားအရေပေါ်မှာ နက်မှောင်



www.burmeseclassic.com

www.burmeseclassic.com



ရွှန်းလက်စူးရှလွန်းသော မျက်ဝန်းတောက်တောက်တစ်စုံနှင့် ပိရိသေသပ်သော နှုတ်ခမ်းနှစ်လွှာ၊ တိကျခိုင်မာသော မေးရိုးများ ဘောင်ခတ်ထားသော သူ့မျက်နှာသည် ယောကျ်ားတစ်ယောက်အဖို့ ချောမောပြေပြစ်လွန်းနေခဲ့သည်။

"ရပါတယ် ကိုဇွဲဆုရဲ့၊ ကျွန်မရဲ့ အလုပ်ချိန်လည်း ပြီးပြီဆိုတော့ အိမ်ပြန်ဖို့ပဲ ရှိတာလေ၊ သိပ်လည်း မစောင့်ရပါဘူး၊ ဒီမှာ ပျားသံပုရာသောက်လို့ကောင်းတုန်း၊ ကိုဇွဲဆု ဘာသောက်မလဲ . . တစ်ခုခုသောက်လေ"

"ကျွန်တော် ပျားသံပုရာကြိုက်တယ်၊ မှာလိုက်မယ်နော်၊ ညီမ အချိန်ရရဲ့လား"

"ရပါတယ် . . . ခဏပေါ့"

သူက ပျားသံပုရာတစ်ခွက်မှာပြီး စာအုပ်ထုပ် ရယ် နောက်ထပ်အထုပ်ကလေးတစ်ထုပ်ရယ် 'ဘော်'ဆီသို့ လှမ်းပေးပါသည်။ 'ဘော်'ကလည်း သူ့စာအုပ်ထုပ် ပြန်ပေးလိုက်ရင်း . . .

"ဒီအထုပ်လေးက ဘာလေးလဲ"

"ဖွင့်ကြည့်လေ၊ ကျွန်တော့်ဘက်က မှားသွားတဲ့အတွက် တောင်းပန်တဲ့သဘောလေး လက်ဆောင်ပေးတာပါ"



"ဪ . . . မလိုပါဘူး၊ ကိုဇွဲဆုကလဲ၊ ကျွန်မဘက်က မှားတာလည်း ပါ,ပါတယ်"

"ဖွင့်ကြည့်လိုက်ပါ၊ ဘာမှ မဟုတ်ပါဘူး၊ သေးသေးမွှား မွှားကလေး တစ်ခုပါ"

သူ တိုက်တွန်းတာနှင့် 'ဘော်'လည်း ဘာရယ် မဟုတ် ဗူးကလေးကို ဖွင့်ကြည့်လိုက်ပါသည်။ crystal ဖြင့် လုပ်ထားသော ဒေါက်မြင့်ဖိနပ်ပုံစံ နာရီကလေးတစ်ခု။ သိပ် အကြီးကြီးမဟုတ်၊ စားပွဲတင်နာရီအသေးစားကလေးဖြစ် သည်။

"အို . . ချစ်စရာလေး၊ ကျေးဇူးပဲ ကိုဇွဲဆုရယ်၊ ကျွန်မက နာရီတော့ သဘောကျတယ်၊ အချိန်သမားဆိုတော့လေ၊ နှိုးစက် alarm ပါလားဟင်"

"ပါတယ် ညီမ၊ ကျွန်တော်လည်း အချိန်သမားဆိုတော့ ခင်မင်တဲ့လူတွေကို လက်ဆောင်ပေးချင်ရင် နာရီပဲ စိတ်ကူးမိတယ်"

"ကျေးဇူးပဲ . . ကျွန်မ အိပ်ရာခေါင်းရင်းမှာ ထားလိုက်မယ်"

"ညီမကို ဘယ်လိုခေါ်တာ ကြိုက်သလဲဟင်"

"ရှင် . . . ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com

“ဩော် . . . ဘော်ငွေပုလဲဆိုတော့ ဘယ်လို အတို
ကောက်ခေါ်ရမလဲလို့ ကျွန်တော် စဉ်းစားနေတာ”

“အားလုံးက ‘ဘော်’လို့ပဲ ခေါ်ကြတယ် ကိုဇွဲဆု”

“ကျွန်တော်က ဘော်ငွေလို့ ခေါ်ရင်ဖြစ်မလားဟင် အား
လုံးနဲ့လည်း မတူချင်လို့ပါ”

“ရပါတယ်ရှင် ကြိုက်သလိုခေါ်ပါ၊ ကျွန်မကိုယ်ကျွန်မပဲ
မိတ်ဆက်ရဦးမယ်၊ ကျွန်မက PERFECT MART Group
ရဲ့ မန်နေဂျာပါ”

“ဩ . . . မန်နေဂျာလေးက ငယ်ငယ်ပဲရှိသေးတာပါ
လား၊ တော်တယ်ဗျာ၊ ကျွန်တော်က ကိုယ်ပိုင်ကုမ္ပဏီ
တစ်ခုဖွင့်ထားပါတယ် "ZWE SU" ပညာရေးဝန်
ဆောင်မှု လုပ်ငန်းပါ၊ ကျွန်တော့်မိဘတွေက စင်္ကာပူမှာ
အနေများတာဆိုတော့ ကျွန်တော်က မြန်မာနိုင်ငံကနေ
စင်္ကာပူမှာ ကျောင်းသွားတက်ချင်တဲ့ ကလေးတွေအ
တွက် ပညာသင်ခွင့်လျှောက်ထားရေးကစပြီး နေထိုင်ဖို့
အခန်း စားသောက်ဖို့အပါအဝင် အားလုံး အဆင်ပြေ
အောင် စီစဉ်ပေးပါတယ်၊ ကျွန်တော်က ပညာရေးကို
အရမ်းအားပေးပံ့ပိုးချင်တယ်၊ မြန်မာလူငယ်ကလေး





တွေကို ပညာအရမ်းတတ်စေချင်တယ်၊ ဒါ စကားကြီး စ
ကားကျယ် ပြောတာမဟုတ်ဘူးနော်၊ ကျွန်တော့်ရင်ထဲက
တကယ့်စေတနာပါ၊ ပညာတတ်ထားတဲ့ လူငယ်တစ်
ယောက်ဟာ ဘယ်နိုင်ငံပဲသွားသွား မျက်နှာပန်းလှတယ်၊
လူရာဝင်တယ်၊ လူတောတိုးတယ်လေ၊ ကျွန်တော် ကိုယ်
တိုင်လည်း အရမ်းကြိုးစားခဲ့တယ်၊ ခုချိန်ထိလည်း ကြိုး
စားနေဆဲလူတစ်ယောက်ပါ၊ ဒီမှာလည်း Private School
တစ်ခုဖွင့်ထားပါတယ်၊ ဆရာ ဆရာမတွေနဲ့ ဝန်ထမ်းတွေ
ငှားထားပြီး ကျွန်တော် ဦးဆောင်နေတာပေါ့နော်”

“အို . . . ရှင်လည်း တကယ်တော်တာပဲ ကိုဇွဲဆုရဲ့၊
ငယ်ငယ်လေးရှိသေးတယ်၊ ပညာရေးဝန်ဆောင်မှုရော
Private School ပါ run လုပ်နိုင်တယ်ဆိုတော့ အံ့ဩ
စရာကြီး”

“ဒီလိုပဲ စမ်းသပ်ရင်း စွန့်စားရင်း စိန်ခေါ်ရင်းနဲ့ပဲ
အတွေ့အကြုံတွေက ပြန်သင်ပေးသွားတာပါ ဘော်ငွေ
ရယ်၊ ခုချိန်ထိ ကျွန်တော် လေ့လာသင်ယူနေဆဲပါ၊
ကျွန်တော်က လူမှုရေးတွေ ပရဟိတတွေလည်း ဝါသနာ
ပါသေးတယ်ဆိုတော့ အားတဲ့အချိန်ကလေးတွေမှာ



www.burmeseclassic.com

www.burmeseclassic.com

လည်း တကယ်လိုအပ်နေတဲ့သူတွေဆီ ရောက်အောင် သွားပြီး လိုအပ်သမျှတွေ ကူညီပေးတယ်၊ အဲဒါ ကျွန်တော့်ရဲ့ ဘဝပဲ”

‘ဘော်’ သူ့ကို ဖွင့်ဟပြီး မချီးကျူးလိုက်မိပေမယ့် ‘စိတ်ထဲမှာတော့ သူ့ကို အတော် impress ဖြစ်သွားခဲ့မိပါသည်။ သူပြောပြနေပုံကလည်း သူ့ကိုယ်သူ ကိုယ်ရည်သွေးပြနေပုံ၊ ကြွားဝါနေပုံမျိုး မဟုတ်။ ရိုးရိုးသားသား အရှိအတိုင်း ပြောပြနေတာဖြစ်သည်။ ‘ဘော်’ကလည်း ဉာဏ်ပညာနှင့် စိတ်နှလုံးကို အရေးထားတတ်သူမို့ သူနှင့် စရိုက်ချင်း၊ စိတ်ဓာတ်ချင်း၊ အရမ်းနီးစပ်ဆင်တူလွန်းနေတာကို ခံစားမိသည်။

“PERFECT MART Group က အကြီးကြီးပဲ၊ ကျွန်တော် ဈေးဝယ်ရင် PERFECT MART မှာပဲ ဝယ်လေ့ရှိတယ်၊ ပစ္စည်းအရည်အသွေးကောင်းတာရယ်၊ အစစအရာရာ စည်းစနစ်တကျရှိပြီး ဝန်ဆောင်မှုကောင်းတာကြောင့် ပါ၊ ကျွန်တော်က Valued Customer နော်”

“ကျေးဇူးတင်ပါတယ်ရှင်၊ နောက်တစ်ခါ PERFECT MART Group ရဲ့ နှစ်ပတ်လည်မိတ်ဆုံစားပွဲကျရင် ကိုဇွဲဆုကို ဆက်ဆက်ဖိတ်ပါ့မယ်၊ ကဲ တစ်ယောက်ကို





တစ်ယောက်လည်း သိသွားပြီ၊ စာအုပ်ချင်းလည်း လဲလှယ်ပြီးပြီဆိုတော့ ကျွန်မ ပြန်ဖို့ အချိန်တန်ပြီနော်၊ ခုလို ခင်မင်ခွင့်ရတာ ကျွန်မ တကယ်ဝမ်းသာပါတယ်”

“ကျွန်တော်က ပိုဝမ်းသာပါတယ်ဗျာ၊ ကျွန်တော့် card ကလေး ပေးထားမယ်နော်၊ လိုအပ်ရင် အချိန်မရွေး ဖုန်းဆက်ပါ၊ ကျွန်တော် အရောက်လာခဲ့ပါ့မယ်၊ ဘော်ငွေ့ ဖုန်းနံပါတ်ကိုတော့ ကျွန်တော့်ရဲ့ VIP List ထဲမှာ သေချာသိမ်းထားလိုက်ပြီ၊ သတိရရင် ဖုန်းလှမ်းဆက်ပါရစေနော်၊ စိတ်ချပါ၊ အနှောင့်အယှက် မဖြစ်စေရပါဘူး၊ ဘော်ငွေရော ကျွန်တော်ပါ အလုပ်ပြီးတဲ့ ခုလိုအချိန်မျိုးပဲ ဆက်မှာပါနော်”

“OK! ကိုဇွဲဆု၊ ကျွန်မ လစ်ပြီ၊ တာ့တာ”

သူ့ကိုနှုတ်ဆက်ပြီး ‘ဘော်’ ကားပေါ်တက်ကာ အိမ်သို့ တန်းမပြန်ဘဲ ‘သည်း’ဆီသို့သာ တန်းမောင်းခဲ့သည်။ ‘သည်း’ကို ဖက်ရှင်စာအုပ်ကလေးပေးချင်သောကြောင့်ဖြစ်သည်။ ပြီးတော့ ‘ဇွဲဆု’ ဆိုသော လူတစ်ယောက်အကြောင်းကိုလည်း ‘သည်း’ဆီ သံတော်ဦးတင်ချင်သေးလေသည်။

●



www.burmeseclassic.com

www.burmeseclassic.com

အစအဆုံး ဇာတ်ရည်လည်ပြီးသွားသောအခါ 'သည်း'က သူမ၏မူပိုင် လှတပတအပြုံးကလေးဖြင့် အားပါးတရပြုံးလေသည်။

"ကြည့်စမ်း . . . 'ဘော်'၊ ညည်းပြောပုံအရဆို သူက ဟိုင်းဘော့(စ်)ပေါ့ဟဲ့၊ စိတ်ဝင်စားဖို့ကောင်းသားပဲ၊ နောက်တစ်ခါ နင်နဲ့ဆုံမယ်ကြံရင် ငါ့ကိုပါ လှမ်းခေါ်လိုက်အေ၊ ငါ အကဲခတ်စမ်းမယ် . . . အဟိ"

" 'သည်း'ရယ် နင့်ကိုကြိုက်တဲ့လူတွေလည်း မင်းသားတွေတောင် ပါလိုက်သေး၊ ဒီလောက် ဝိုင်းဝိုင်းလည်နေတဲ့ ကြားက ဣန္ဒြေရရနေစမ်းပါအေ၊ တကတည်းမှပဲ အမြင်ကတ်ဖို့ ကောင်းလိုက်တာ"

"ဟဲ့ . . . အားလုံးထဲက အကောင်းဆုံး 'ခေါင်'ကို ရွေးမှာပေါ့အေ၊ ငါက ကိုယ်ပိုင်လုပ်ငန်းရှင်မျိုးကို ပို ကြိုက်တယ်၊ မြန်မာနိုင်ငံမှာ Private School တစ်ခု run လုပ်နိုင်တယ်ဆိုကတည်းက သူ အချဉ်မဟုတ်ဘူး ဟဲ့၊



ပြီးတော့ စက်ဘုပူနဲ့ ပညာရေးဝန်ဆောင်မှုလုပ်နေ တာ၊ သူ့မိဘတွေက စက်ဘုပူမှာဆိုတော့ ငါ့အတွက် စက်ဘုပူကို မှန်မှန် ရှော့ပင်ထွက်နိုင်ဖို့အရေး အဆင်ပြေ ချောမွေ့လှပြီပေါ့ ဟီး ဟီး"

"ကြည့်စမ်း . . . ကြည့်စမ်း၊ စိတ်ကူးတွေ ယဉ်နေလိုက်တာ၊ ဟိုကဖြင့် သူ့ကိုတောင် မတွေ့ဖူးသေးဘူး၊ သူက လှမ်းပြီးတော့ပြစ်မှားနေလိုက်တာ စက်ဘုပူထိတောင် ရှော့ပင်ထွက်ပြီးနေပြီ၊ နင့်ကိုတော့ ငါ တကယ်မနိုင်ဘူး 'သည်းမ'ရေ"

"အောင်မယ် ငါ့ကို မြင်လိုက်ရပြီးတာနဲ့ အသည်းခိုက်မသွားတဲ့မိုက်သား ဘယ်နှယောက်ရှိခဲ့ဖူးလို့တုန်း . . ညည်းဖြေလေ ဘော်ငွေမ,ရဲ့၊ အားလုံးက တမ်းတမ်းစွဲ အရူးအမူးတွေ ဖြစ်သွားတာချည်းပဲနော်၊ ဟင်း . . . ညည်းလူက ဘာသားနဲ့ထုထားတာမို့တုန်း၊ ဖြုတ်ခနဲ တောင် ကြွေဆင်းသွားစေရဦးမယ်၊ စိန်လိုက် သူငယ်ချင်း ငှင်းငှင်း"

'သည်း'က တစ်စက်ကလေးမှ မလျှော့။ အရှုတ်အနောက်လည်း မပျက်ချေ။ 'သည်း'ဆီကနေ ပြန်လာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ 'ဘော့'ခေါင်းရင်းကစားပွဲကလေး ပေါ်မှာ သူ့လက်ဆောင် crystal ဒေါက်ဖိနပ်နာရီကလေးကို သတိတရ တင်ထားလိုက်မိပါသည်။





အချစ်ဆိုတာ ဘာလဲ။
တစ်ခါမှ
မသင်ယူမလေ့လာခဲ့ဖူးတဲ့
ဘာသာရပ်တစ်ခုပါ။
လိုက်လို့ မမီအောင် နားလည်ရခက်ပါသည်။
ထို့ကြောင့် သူ့ကို ခဏမေ့ထားလိုက်ပါမည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း … ၃



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD

အခန်း - ၃

တစ်ပတ်လုံးလုံး 'ဘော်'လည်း ကိုယ့်အလုပ်တွေနှင့်ရှုပ်နေခဲ့သလို 'သည်း'လည်း သူ့မင်းသမီးတွေအတွက် ဒီဇိုင်းတွေစီစဉ်ပေးရ၊ ဘန်ကောက်ထွက်ကာ ဈေးဝယ်ပေးရနှင့် မအားလပ်နိုင်ခဲ့ပါ။ မရွှေသည်းကတော့ဖြင့် ဘယ်လောက်ပဲ အလုပ်မအားသည့်ကြားက ဖေ့(စ်)ဘွတ်မှာ update တော့ မှန်မှန်လုပ်ဖို့ မပျက်ကွက်စေရပါ။ နှစ်ယောက်သား မအားကြပေမယ့် ညနေဘက်တော့ ဆုံဖြစ်အောင် ဆုံမိကြပါသည်။ တစ်ပတ်လုံး လုံး ပျောက်နေခဲ့သည့် 'ဖွဲ့ဆု'က သောကြာနေ့ ညနေခင်း



www.burmeseclassic.com

www.burmeseclassic.com

ကျမှ ဖုန်းဆက်လာခဲ့သည်။

"ဟယ်လို"

"ဘော်ငွေပါလားခင်ဗျာ"

"ဟုတ်ပါတယ်ရှင် . . . "

"ကျွန်တော့်ကို မှတ်မိပါတယ်နော်၊ ဇွဲဆုပါ . . . "

ဒီအသံကိုလား 'ဘော်'မေ့မှာ။ ယဉ်ကျေးပျူငှာပြီး နွေးထွေးချိုမြသော ရင်းနှီးနှစ်လိုဖွယ်အသံတစ်ခုကိုလေ။

"မှတ်မိပါ့ရှင် . . . "

"ကျွန်တော် အခွင့်အရေးကလေးတစ်ခု တောင်းချင်လို့ပါ၊ တစ်ပတ်လုံးလုံး ကျွန်တော် ဆက်ဖို့ စဉ်းစားနေတာ၊ ကျွန်တော်လည်း အလုပ်ရှုပ်နေတာရယ် ဘော်ငွေ့ကိုလည်း အားနာတာနဲ့လေ"

"ရပါတယ် ကိုဇွဲဆုရဲ့၊ ပြောပါ . . . အားမနာပါနဲ့"

"ကျွန်တော် ဘော်ငွေ့ကို ညစာကလေး ဖိတ်ကျွေးချင်လို့ပါ၊ ဘော်ငွေတစ်ယောက်တည်း ဖြစ်နေရင် သူငယ်ချင်းဖြစ်ဖြစ် အဖော်ခေါ်လာလို့ရပါတယ်"

'ဘော်'နှလုံးသားဆီမှ ဖျတ်ခနဲတစ်ချက် ဆောင့်ခုန်လို့သွားခဲ့သည်။ တကယ်လည်း သူနှင့်နောက်တစ်ကြိမ် ထပ်ဆုံခွင့်ရဖို့ 'ဘော်'ကိုယ်တိုင်လည်း ဘာကြောင့်မှန်းမသိ တိတ်တဆိတ် မျှော်လင့်နေခဲ့မိတာပါ။

"အထိမ်းအမှတ်တစ်ခုခုရှိလား ကိုဇွဲဆု"

"ဟင့်အင်း . . . မရှိပါဘူး၊ မိတ်ဆွေသူငယ်ချင်းတစ်ယောက်အဖြစ် ခင်မင်ရင်းနှီးချင်လို့ပါ . . . "

"ဘယ်နေ့လဲ ကိုဇွဲဆု"

"ဘော်ငွေ အားတဲ့ရက်ပါ၊ စနေညဖြစ်ဖြစ် တနင်္ဂနွေ ညဖြစ်ဖြစ်ပေါ့နော်"

"စနေနေ့ည ကျွန်မ အားပါတယ် ကိုဇွဲဆု၊ ကျွန်မရဲ့ သူငယ်ချင်းတော့ ခေါ်ခဲ့မယ်လေ"

"ခေါ်ခဲ့ပါ ခေါ်ခဲ့ပါ ဘော်ငွေ၊ ကျွန်တော် White Rice မှာ စီစဉ်ထားလိုက်မယ်နော် ဘော်ငွေ၊ ညနေခြောက်နာရီလောက်ပေါ့"

"OK! ကိုဇွဲဆု၊ ကျွန်မ လာခဲ့ပါ့မယ်၊ ကျေးဇူးပါရှင်"

"ကျွန်တော်က ကျေးဇူးတင်ရမှာပါ၊ ဘော်ငွေများ ငြင်းလိုက်မှာလားလို့ ကျွန်တော်က စိုးရိမ်နေတာ"

"ဩော် . . ဘာလို့ငြင်းရမှာလဲ ကိုဇွဲဆုရဲ့၊ ခုခေတ်မှာ ခင်မင်မှုနဲ့ ထမင်းဖိတ်ကျွေးတာ ယဉ်ကျေးမှုတစ်ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပြီပဲဥစ္စာ၊ တွေ့မယ်လေ . . . နော် တာ့တာ"

သူ့ကို ဖုန်းချပြီးတာနှင့် 'ဘော်' ချက်ချင်း 'သည်း' ဆီ ဖုန်းခေါ် လိုက်မိသည်။ ကိုယ် စိတ်လှုပ်ရှားနေမိတာကိုလည်း 'သည်း'မသိအောင် ဖုံးကွယ်ထားရပါသေးသည်။

"သည်း"

"ပြော . . . ဘော်ဘော်"

"နင် ဘာလုပ်နေလဲ၊ ထုံးစံအတိုင်း Laptop တစ်လုံးနဲ့ အဖေ့ဘုတ်ပဲမှလား"

"အဟီး ပြောရမယ်ဆိုရင်ဖြင့် အိမ်သာထိုင်တာတောင် Laptop ယူယူသွားလို့ မေမေ တော်တော် ခရေ့(စ်)ဖြစ်နေပြီ၊ အခု ငါ i pad ဝယ်ဖို့ စိတ်ကူးနေတာ၊ i pad က ပိုပေါ့တယ် . . ပိုသေးတယ် အဟီး"

'သည်း'၏အသံက အမြဲတမ်း ရွှင်လန်းမြူးဖျလျက်။

"ငါ ပြောမလို့ သည်းရဲ့၊ မနက်ဖြန် ညနေခြောက်နာရီ White Rice မှာ ညစာကျွေးဖို့ ကိုဇွဲဆု ဖုန်းဆက်ချိန်းထားတယ်၊ နင်ပါလိုက်ခဲ့နော် 'သည်း' "

"မလိုက်လို့ဖြစ်မလား ဘော်ဘော်မရဲ့၊ ငါနဲ့ ဆုံခွင့်ရချင်လို့ နင့်ကိုချိန်းရတဲ့ဥစ္စာ ခ္ခိ ခ္ခိ၊ အိုကေအေ . . ညည်း ဘာသာသွားနှင့်၊ ငါ့ကိုလာမခေါ်နဲ့၊ ငါ ညည်းနဲ့အတူတူ တစ်ချိန်တည်း မလိုက်ချင်ဘူး၊ ငါ့မှာ အထာကလေးတွေ ရှိတယ်၊ လူတစ်ယောက်ရဲ့အာရုံကို ဘယ်လိုအချိန်မျိုးမှာ ဆွဲဆောင်ဖမ်းစားရမလဲဆိုတာ ငါ သိတယ်လေ ဟင်း ဟင်း ဟင်း"

"အမလေး 'သည်း'ရယ်၊ နင့်မှာလဲ မာယာဆော့ဖ်ဝဲလ်တွေက အများသား၊ ပြီးရော ဒါဖြင့်လည်း၊ သိပ်တော့ နောက်မကျစေနဲ့ဟယ်"

"အိုကေ . . ."

'သည်း'မှာ လူတွေရဲ့ စိတ်ဝင်စားမှုအာရုံကို ဖမ်းစားတတ်သော ပရိယာယ် တကယ်ကြွယ်ပါသည်။ ကျောင်းမှာကတည်းက အတန်းထဲကိုဝင်လျှင် နောက်ကျပြီးမှ အမြဲတမ်းဝင်လေ့ရှိသူ . . .။ ထိုင်တာက နောက်ဆုံးဆို ရှေ့ဆုံးတံခါးပေါက်ကနေဝင်ကာ ဟိုးနောက်ဆုံးထိ အလှပဆုံးခြေလှမ်းများနှင့် ကြော့မော့လွန်းစွာ လျှောက်သွားတတ်သည်။ လမ်းတစ်လျှောက်မှာ ဦးခေါင်းတွေအားလုံး ချာချာလည်လျက်၊ မျက်လုံးတွေအားလုံး၊ အာရုံတွေအားလုံး 'သည်း'ဆီသို့သာ စုရုံးပြုံကျ



www.burmeseclassic.com

www.burmeseclassic.com

ရောက်ရှိသွားတတ်စမြဲ။ ဆူညံနေသောအသံတွေတောင် ဖြုတ်ခနဲ တိတ်ဆိတ်သွားမြဲ။ အဲ့ဒါကို 'သည်း'က အလွန်သဘောကျကျေနပ်ခဲ့သေး၏။ အခုလည်း 'ဇွဲဆု'၏ စိတ်အာရုံကို 'သည်း' ဆွဲဆောင်ဖို့ ခြေလှမ်းပြင်နေခဲ့ပြီ။ 'ဘော့'ရင်ထဲမှာတော့ တစ်မျိုးလေးပင်နေခဲ့သည်။



# နှလုံးသားရဲ့ PASSWORD

'ဘော့'ရဲ့ အားနည်းညံ့ဖျင်းချက်က အလှမပြင်တတ်တာ၊ ဆံပင်မထုံးဖွဲ့တတ်တာ၊ အဝတ်အစားဆို ပိုးရှပ်အင်္ကျီကလေးတွေနှင့် မီနီစကတ်လို စတိုင်လ်ပဲန်လို ရှုံးတက်ဝတ်စုံမျိုးကလွဲပြီး လှလှပပ ဆန်းဆန်းပြားပြား မဝတ်စားတတ်တာပဲ ဖြစ်သည်။ 'သည်း'ဆို ပြင်တတ်လိုက်တာများ မျက်ခုံးမျက်လုံးဆို အနုစိတ်ခြယ်သ,ပြင်ဆင်တတ်တာ၊ ပါးပြင်ကလေးပန်းသွေးပြေးနေအောင် ညို့မျက်ဝန်းတွေ တောက်ပသက်ဝင်အောင် နှင်းဆီငုံနှုတ်ခမ်းလှလှကလေး ဖူးကြွဖောင်းပြည့်နေအောင် သူ အလွန်ခြယ်တတ်လွန်း၏။ ဆံထုံးဆို ပုံစံမျိုးစုံလှပဆန်းကြယ်အောင် သူ ထုံးတတ်သည်။ မြန်မာဝတ်စုံဝတ်မလား၊ ဘိုဆန်ဆန် ဝတ်မလား၊ ကိုရီးယားစတိုင်လ်ဝတ်မလား၊ 'သည်း'က အဲဒီဘက်မှာတော့ ပါရမီထူးသူဖြစ်ခဲ့သည်။ ဒီဇိုင်နာမို့ taste က အပြည့်ရှိပြီးသား။ သူ့ဗီဇနှင့်သူ သူ့ထူးချွန်မှုနှင့်သူမို့ 'သည်း'အတွက် 'ဘော့'မှာ ဂုဏ်ယူခဲ့ရတာ အမော။ ငါ့သူငယ်ချင်း ချောချောလှလှ မင်းသမီးရှုံးတဲ့ ဒီဇိုင်နာကလေးရယ်လို့



www.burmeseclassic.com

www.burmeseclassic.com

လေ . . .။

White Rice သို့ ချိန်းထားသည့်အချိန်အတိုင်း အတိအကျရောက်သွားခဲ့သော 'ဘော့်'ကို 'ဇွဲဆု'က ဆိုင်အဝနားမှာ ထွက်ကြိုနေခဲ့ပါ၏။

"တစ်ယောက်တည်းလား ဘော်ငွေ၊ သူငယ်ချင်းရော"

"လာလိမ့်မယ် ကိုဇွဲဆုရေ၊ သူ့ဘာသာသူ လာခဲ့မယ်တဲ့၊ သူ ရောက်လာတော့မှပဲ မိတ်ဆက်ပေးတော့မယ်"

သူက 'ဘော့်'ကို စားပွဲတစ်ခုဆီသို့ ခေါ်သွားခဲ့သည်။

"ဘော်ငွေ စားချင်တာ အရင်မှာထားလိုက်နော်၊ ပြီးမှ စကားပြောကြတာပေါ့ . . ."

"ကျွန်မက ဆိတ်သားအမွှကြော်ကြိုက်တယ် ကိုဇွဲဆု၊ ဟိုကောင်က seafood hotplate နဲ့ ငါးကြင်းမြီးစတူး ကြိုက်တယ်၊ ကျန်တာ ကိုဇွဲဆု ကြိုက်တာမှာ"

"အိုကေ . . ."

ဇွဲဆုက စားစရာတွေ အရင်မှာလိုက်သည်။ ပြီးမှ 'ဘော့်'ဆီသို့ ပါကင်လှလှထုပ်ထားသောဗူးကလေး လှမ်းပေးလာပါသည်။





"အဲဒါက ဘာလဲ ကိုဇွဲဆုရဲ့"

"ကျွန်တော့်ဘက်က သူငယ်ချင်းဖြစ်ခွင့်တောင်းတဲ့ အထိမ်းအမှတ်ကလေးဆိုပါတော့၊ ဖွင့်ကြည့်ပါ ဘော်ငွေ"

သူ့မျက်နှာဆီက အပြုံးနွေးနွေးက 'ဘော့်'ရင်ဆီ လာဟပ်ခဲ့သည်။ ပါကင်လေးကို စိတ်ဝင်တစားဖြင့် 'ဘော်' ဖောက်လိုက်ပါ၏။ ဒီဗူးနဲ့ ဒီတံဆိပ်ကလေးကို 'ဘော်' ကောင်းစွာ မှတ်မိခဲ့ပြီ . . .။ crystal နှင်းဆီခက်ကလေးနှင့် စားပွဲတင်နာရီကလေး . . .။

"အို . . . ချစ်ဖို့ကောင်းလိုက်တာ၊ ကိုဇွဲဆုက စိတ်ကူးကောင်းကောင်းနဲ့ လက်ဆောင်ပေးတတ်တယ် . . တကယ်ပဲ၊ ကျွန်မ မငြင်းရက်နိုင်ဘူး၊ ကဲပါ . . ကိုဇွဲဆု တောင်းတဲ့ဆုပြည့်စေသတည်းပါရှင်၊ ကျွန်မတို့ သူငယ်ချင်းဖြစ်ပြီနော်"

"အိုခေ . . . သူငယ်ချင်းဆိုတာ အပေါ်ယံဟန်ဆောင်ခင်မင်တဲ့ plastic သူငယ်ချင်းမျိုး မဟုတ်ဘူးနော်၊ ရင်ဘတ်ချင်း ဆက်သွယ်နီးစပ်ရမယ့် စစ်မှန်နက်ရှိုင်းရမယ့် မျှဝေခံစားရမယ့် ရင်ဘတ်သူငယ်ချင်းမျိုးကို ပြောတာနော်"



www.burmeseclassic.com

www.burmeseclassic.com

"အိုကေပါ . . . ကျွန်မ လက်ခံပါတယ်၊ ကျွန်မလည်း အပေါ်ယံဟန်ဆောင်တာမျိုး တကယ်မလုပ်တတ်ပါ ဘူး။ ကျွန်မမှာ ရင်ဘတ်သူငယ်ချင်း များများစားစား မရှိပါဘူး။ ရှိတဲ့သူငယ်ချင်းကိုတော့ ကျွန်မ အရာရာ ပေးဆပ်ပြီး အသေခင်တတ်တယ်၊ ကျွန်မရဲ့ အခင်ဆုံး သူငယ်ချင်းက သည်းအကွာရာတဲ့၊ သူက မင်းသမီးက လေးတွေရဲ့ ဒီဇိုင်နာလေ"

"ဩော် . . . ကျွန်တော် ကြားဖူးပါတယ်"

ခဏနေတော့ ဟင်းပွဲတွေလာချပါသည်။ 'သည်း' တစ်ယောက် ရောက်မလာသေး။ 'သည်း'ကို ဖုန်းခေါ် ကြည့်ဖို့ ကြံဆဲမှာပဲ ဆိုင်ထဲရှိလူတွေ တော်ဇတ် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားကြကာ စိတ်ဝင်စားစရာ အာရုံတစ်ခုဆီ အားလုံးစု ပြုံရောက်ရှိသွားကြတာမို့ အဲဒါဆိုရင် 'သည်း'ရောက်လာ ခဲ့ပြီဆိုတာ လှည့်မကြည့်ဘဲ 'ဘော်' သိလိုက်ပါပြီ။ လူတိုင်း၏ မျက်လုံးတွေ ခေါင်းတွေ တစ်နေရာတည်းကို စုပြုံရောက်ရှိနေ ခဲ့ပြီး ထိုမျက်လုံးတွေ ရွေ့လျားရာသည် နောက်ဆုံးတော့ 'ဘော်' တို့စားပွဲဆီမှာ စိုက်တန့်သွားခဲ့ပါ၏။

"ဟယ် စားနေကြပြီလား 'ဘော်'ရဲ့၊ ဆောရီးပဲ ကျွန်မ





နောက်ကျသွားတယ်"

chanel ရေမွှေးနံ့ကလေးက 'ဘော့'နံဘေးမှာ ဖြန်းခနဲ ဝင်ထိုင်လိုက်သည်။ ခရင်(မ်)ရောင်အခံပေါ်မှာ အညိုနုရောင် အလုံးကလေးတွေပါသော အဆင်ဒီဇိုင်းနှင့် ဒူးဖုံးရုံ ကိုယ်ကြပ်ဂါဝန်လက်ပြတ်ကလေးက 'သည်း'ရဲ့ကိုယ် ခန္ဓာ အလှအပကောက်ကြောင်းတွေကို စွဲမက်စဖွယ် ပေါ်လွင် လှပစေပါသည်။ ပုလဲပုတီးကလေးတစ်ကုံးတည်း ယဉ်ယဉ် ကလေးဆွဲထားကာ YSL Clutch အိတ်ကလေးတစ်လုံးသာ ကိုင်ထားသည်။ ခေါက်မြင့်ဖိနပ်က ချွန်လွန်းမြင့်လွန်းပေမယ့် 'သည်း'က ကြော့မော့ကြွရွစွာ မော်ဒယ်လ်ကလေးတစ်ယောက် လို အချိုးတကျ လျှောက်လှမ်းနိုင်ပါသည်။ ဆံနွယ်အညိုရောင် ဖျော့ဖျော့တွေကို ဆံနွယ်ခွေကလေးတွေဖန်တီးထားပြီး ပုခုံး တစ်ဖက်မှာ တစ်စောင်းကလေးချထားဟန်က မဟာဆန်လွန်း နေသည်။ လှလိုက်တဲ့ ဒေဝီနတ်မျိုးနွယ်ကလေး မရွှေသည်။ 'ဖွဲ့ဆု'၏ မျက်ဝန်းတွေက 'သည်း'ဆီမှာ တအံ့တသြ စိုက်တန့် လို့။ 'သည်း'၏ အပြုံးက ကမ္ဘာကျော်မိုနာလီဇာရှုံးလောက်ပါ သည်။

"မစားရသေးပါဘူး 'သည်း'ရဲ့၊ နင့်ကို စောင့်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးမလို့ . . .''

"ကျွန်မ သည်းအက္ခရာပါရှင်"

'သည်း'က သွက်သွက်ရွှတ်ရွှတ်ကလေးပြောကာ သူ့ဘာသာသူ မိတ်ဆက်သည်မို့ 'ဇွဲဆု'က သဘောကျသလိုပြုံးကာ . . .

"ကျွန်တော် 'ဇွဲဆု'ပါခင်ဗျာ . . ."

ဟု အားကျမခံ တုံ့ပြန်ရင်း 'သည်း'ကမ်းပေးသောလက်ကို ဆွဲယူနှုတ်ဆက်လိုက်သည်။ 'ဘော်'ကတော့ 'သည်း'အထာကိုနောကျေနေအောင် သိထားပြီးသားမို့ ပခုံးကလေးတွန့်ကာ အသာငြိမ်နေလိုက်သည်။ 'သည်း'ရောက်လာလျှင် စားပွဲဝိုင်းတစ်ခုလုံးကို သူမ ဦးဆောင်တော့မယ်ဆိုတာ သိပြီးသား . . .။

"ကိုဇွဲဆုက တကယ်တော်တယ်နော်၊ Private School တစ်ခု run လုပ်နေတာဆို၊ ငယ်ငယ်လေးပဲရှိသေးတာနော်၊ ဂုဏ်ယူပါတယ်ရှင်"

"ဩော် . . . ဒီလိုပဲ ကြိုးစားရင်း ရုန်းကန်ရင်း သင်ယူနေရတာပါဗျာ၊ မသည်းအက္ခရာကလည်း နာမည်ကြီး ဒီဇိုင်နာတစ်ယောက်ပဲ၊ မင်းသမီးတွေထက်တောင် ပိုလှသေးတာ ဂုဏ်ယူပါတယ်ဗျာ၊ ခုလို ခင်မင်ခွင့်ရတာ၊ ကဲ စားလိုက်ပါဦး၊ စားရင်း ပြောကြတာပေါ့နော်"

"ကျွန်မ တကယ်ဖြစ်ချင်တာက စင်္ကာပူမှာ ကျောင်းသွားတက်ချင်သေးတာ ကိုဇွဲရဲ့၊ ကိုဇွဲပဲခေါ်မယ်နော်၊ ဒီဇိုင်နာကျောင်းဆက်တက်ချင်တာ၊ အခုတော့ မင်းသမီးနှစ်လက်ရဲ့ ပင်တိုင် ဒီဇိုင်နာတာဝန်ယူထားရတော့ ကျောင်းဆက်တက်ချင်ပေမယ့် အချိန်မပေးနိုင်သေးဘူး၊ သူတို့နှစ်ယောက်ကလည်း တကယ့်နာမည်ကြီးတွေဆိုတော့ ကားရိုက်တွေက ဆက်နေတာလေ၊ တစ်ကားစာအတွက် ဇာတ်ညွှန်းကို အရင်ဖတ်ပြီးမှ လိုက်ဖက်တဲ့ဝတ်စုံတွေတစ်ကားလုံးစာ စီစဉ်ပေးရတာ တော်တော်ခေါင်းစားတဲ့အလုပ် ကိုဇွဲရဲ့၊ တစ်ခါတစ်ခါ ပြက္ခဒိန်ရိုက်ဖို့တို့ ကြော်ငြာရိုက်ဖို့တို့တွေဆိုရင် သူတို့ကလည်း နာမည်ကြီးဒီဇိုင်နာ brand တွေ ဝတ်ချင်တယ်ဆိုရင် စင်္ကာပူထိပြေးရသေးတာ၊ ခေတ်က label ခေတ်ဖြစ်လာတော့ နာမည်ကြီး brand တွေနောက် အပြိုင်အဆိုင်လိုက်လာတော့ Chanel တို့ LV တို့ Gucci တို့ Dior တို့ အစစ်အမှန်လိုချင်တော့ စင်္ကာပူထိထွက်ဝယ်



www.burmeseclassic.com

www.burmeseclassic.com

ရတာပေါ့လေ၊ ဒါနဲ့ စကားမစပ် ကိုဇွဲရှပ်အင်္ကျီက Hugo Boss မှလား၊ ဒီဇိုင်းလေးက မိုက်တယ်၊ အခု body fit ရှပ်အင်္ကျီလေးတွေ အရမ်းခေတ်စားလာတယ်နော်၊ ကိုဇွဲက body structure မိုက်တော့ အဲဒီလို slim fit ရှပ်တွေနဲ့လိုက်တယ်"

"ကျွန်တော် ဒီဇိုင်းတွေဘာတွေ မသိပါဘူးဗျာ၊ မေမေ ဝယ်ပို့ပေးတာတွေ ဝတ်နေတာပါ၊ မေမေက သည်းအကွာရာလိုပဲ၊ ဖက်ရှင်ဒီဇိုင်းတွေ brand တွေ အရမ်းပြောတယ်၊ သူဝယ်လိုက်ရင် Hugo Boss တို့၊ Armani တို့ တကယ့်ဈေးကြီးတဲ့ဟာတွေ၊ ကျွန်တော်က brand တွေ label တွေထက် ဝတ်ရအဆင်ပြေ အချိုးကျရင် တော်ပြီ"

"ဒီလိုမဟုတ်ဘူးလေ . . .၊ ကိုဇွဲလုပ်နေရတဲ့အလုပ်က နိုင်ငံခြားသားတွေနဲ့ ရင်ဘောင်တန်းပြီး လုပ်နေရတာလေ၊ သူတို့က Materialistic အရမ်းဖြစ်တာ၊ လူတစ်ယောက် ဘာဝတ်ထားလဲဆိုတာ အရင်ကြည့်ပြီးမှ impress ဖြစ်တတ်တာမျိုးမှလား၊ နာရီဆို ROLEX မှ၊ OMEGA မှ၊ လက်ကို အရင်လှမ်းကြည့်တာ . . . ဟုတ်တယ်မှလား"

"နိုင်ငံခြားသားတိုင်းတော့မဟုတ်ပါဘူး သည်းအကွာရာရယ်၊ ပညာကိုအရမ်းလေးစားတတ်တဲ့ တန်ဖိုးထားတတ်တဲ့ ဘိုတွေအများကြီးပါ၊ ကျွန်တော့်ကျောင်းက ကျောင်းအုပ်ဆရာမကြီးနဲ့ ဆရာ ဆရာမတွေဆို သာမန်ချည်ထည်ကလေးတွေပဲ ဝတ်စားကြတာပါ"

'ဇွဲဆု'က 'သည်း'နှင့်သာစကားပြောနေပေမယ့် မျက်ဝန်းတွေက 'ဘော်'ဆီ မကြာခဏလှမ်းကြည့်တတ်ပါသည်။ 'ဘော်'က 'သည်း'ကို အခွင့်အရေး အပြည့်ပေးထားသည့် သဘောနှင့် တစ်ခွန်းမှဝင်မပြောဘဲ ထမင်းကိုသာ အာရုံစိုက်စားနေခဲ့သည်။ 'သည်း'ကတော့ အစားနည်းနည်း စကားများများပြောကာ ခေါင်းစဉ်တွေတစ်မျိုးပြီးတစ်မျိုး ပြောင်းလဲပြီး ဆောင်သွားသည့်နောက်ကို 'ဇွဲဆု'က အလိုက်သင့် မျောပါသွားခဲ့တော့သည်။ တစ်နာရီဆိုတာ ဘယ်လိုကုန်သွားလိုက်မှန်းပင် မသိလိုက်။ 'ဘော်'က နားထောင်သူသက်သက်။ အချိုပွဲစားပြီးချိန်မှာတော့ 'ဘော်'က အိမ်ပြန်ချင်ပြီ။ 'သည်း'က အိမ်ပြန်ချင်စိတ် ရှိဟန်မတူသေး . . .။

"ကိုဇွဲ ညဘက် TRADER'S HOTEL ခေါင်မိုးပေါ်အထိ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ဖူးလား"

"ဟင့်အင်း . . . ဘာဖြစ်လို့လည်း မသည်း . . ."

"ဟား . . . အရမ်းမိုက်တယ်၊ အမြင့်ဆုံးနေရာတစ်ခုကနေ အရာအားလုံးကို စီးမိုးကြည့်ရတဲ့ဖီလင် . အော်ချင်သလို အော်ဟစ်ရတဲ့ဖီလင် ကိုဇွဲကို အမြည်းကျွေးမယ် . . .၊ သွားရအောင် 'ဘော်' နင် လိုက်မယ် ဟုတ်"

"နင့်သဘောလေ 'သည်း' . . . နင် လိုက်စေချင်ရင် လိုက်ခဲ့မယ်"

"လိုက်ခဲ့ပါဟယ် . . . ငါ အိမ်မပြန်ချင်သေးဘူး၊ ခေါင်မိုးပေါ် သွားချင်သေးတယ်"

"အေး . . . ဒါဖြင့်လည်း သွား သွား၊ ကိုဇွဲဆု လိုက်မှာလား"

"လိုက်ခဲ့မယ်လေ . . . 'မသည်း'ပြောသလို မရဖူးတဲ့ဖီလင်အသစ်တစ်ခု မြည်းကြည့်တာပေါ့"

ဒီလိုနှင့် 'သည်း'ရဲ့ဦးဆောင်မှုအတိုင်း ကားတစ်စီးစီဖြင့် ကိုယ့်ကားကိုယ်မောင်းကာ TRADER'S HOTEL ခေါင်မိုးဆီအထိ ရောက်ခဲ့ကြပါသည် . . .။

'သည်း'က တစ်ခါတစ်ရံမှာ အဲဒီလို မထင်မှတ်တာကလေးတွေ သိပ်လုပ်တတ်ပြီး တစ်ဘက်လူ၏ စိတ်နှလုံးကို ဆွဲဆောင်လွှမ်းမိုးတတ်ပါသေး၏။

"ကျွန်မကလေ အဲဒီလို အမြင့်ကြီးကနေ အားလုံးကို လွှမ်းမိုးကြည့်ရတဲ့အရသာကို ဘယ်လို စွဲလန်းမှန်းမသိဘူး၊ တစ်ခါတစ်လေ အလုပ်သိပ်များပြီး စိတ်ရှုပ်လာရင် ဒီပေါ် ကိုတက်လာလိုက်ပြီး မြင်မြင်သမျှရှုခင်းတွေကို တရှည်တဝေးကြီး ငေးကြည့်နေလိုက်တယ်၊ တစ်ခါတစ်ခါ မှန်ပြောင်းတစ်လက်ယူလာပြီး မှန်ပြောင်းနဲ့ လူတွေကားတွေကို အနီးကပ်ဆွဲကြည့်ရတာ အရမ်းပျော်စရာကောင်းတယ်၊ စိတ်ပြေလက်ပျောက်ပေါ့နော်၊ တစ်ခါတစ်လေကျရင်လည်း အသံအကျယ်ကြီးနဲ့ သီချင်းတွေ အော်ဆိုပစ်လိုက်တယ်၊ မဆိုးဘူး၊ ရင်ထဲပေါ့သွားတယ် သိလား"

'သည်း'ပြောသမျှကို 'ဇွဲဆု'က ခေါင်းတညိတ်



www.burmeseclassic.com

www.burmeseclassic.com

ညိတ် တပြုံးပြုံးနှင့် နားထောင်နေရင်း 'ဘော်'ဆီသို့လည်း မကြာခဏ လှမ်းလှမ်းကြည့်ကာ မျက်ခုံးကလေးပင့်ပင့်ပြတတ်၏။

"လုပ်ပါဦး ဘော်ငွေကရော၊ စိတ်ရှုပ်လာရင် ဘယ်လိုနည်းနဲ့ ဖြေသိမ့်တတ်သလဲ ပြောပါဦး၊ ဘော်ငွေ ဒီနေ့ စကားတွေအရမ်းပြောတာပဲနော်၊ ဆူညံနေတာပဲ"

'ဖွဲ့ဆု'က 'ဘော်'ကို စကားပြောဖို့ သိသိသာသာပင် ဆွဲသွင်းလာခဲ့သည်။ 'ဘော်'က ပခုံးကလေးတစ်ချက်တွန့်ကာ . .

"ကျွန်မကလား . . ကျွန်မက ကိုယ့်ကိုယ်ကိုယ် အရမ်းချစ်တတ်တယ်၊ သနားငဲ့ညှာတတ်တယ် ကိုဖွဲ့ဆုရဲ့၊ ဘာအကြောင်းနဲ့မှ ကိုယ့်ကိုယ်ကိုယ် စိတ်ညစ်ဆင်းရဲမခံတတ်ဘူး၊ ဘဝမှာ ကိုယ့်စိတ်ချမ်းသာမှုလောက် ဘယ်အရာကမှ အရေးမပါဘူး၊ အဓိကမကျဘူးလို့ တွေးလိုက်ရင် တော်ရုံတန်ရုံ စိတ်ညစ်စရာတွေ လောဘ ဒေါသနဲ့ stress တချို့တော့ ပြေလျော့သွားတတ်တာပဲ ကိုဖွဲ့ရဲ့ . . ."

"သိပ်ကောင်းတဲ့ စိတ်ဖြေနည်းပဲ ဘော်ငွေရဲ့၊ ကျွန်တော်







ဘော်ငွေ့ဆီကနေ ပြန်သင်ယူရမယ်၊ ကျွန်တော်က တော့ stress တွေများလာရင် ခရီးထွက်ပစ်လိုက်တာပဲ"

"အဲဒါလည်း ကောင်းတာပဲ ကိုဖွဲ့ရဲ့၊ ကဲ ကျွန်မတို့ ပြန်ကြမယ်၊ မပြန်ခင် ပျော်စရာကလေးတစ်ခုလုပ်ရအောင်၊ အမှတ်တရပေါ့၊ စိတ်ထဲရှိတာ တစ်ခုခုကို အော်နိုင်သမျှ အသံအကျယ်ဆုံးနဲ့ အော်ပစ်ခဲ့ရအောင်"

'သည်း'က တစ်မျိုးတီထွင်ပြန်သည်။ 'ဖွဲ့ဆု'က သဘောကျစွာ အသံထွက်ပြီးရယ်လေသည်။

"အင်း . . . ကောင်းသားပဲ၊ တစ်ခါတစ်လေ အဲဒီလို ကလေးကလားဆန်ဆန်ကလေးတွေ လုပ်လိုက်ရတာက လည်း စိတ်ကိုနုပျိုစေသားပဲ၊ ကဲ မသည်း အရင်စ"

"ကမ္ဘာလောကကြီးရေ အစစအရာရာအတွက် ရှင့်ကို အရမ်းကျေးဇူးတင်တယ် သိလား"

'သည်း'က အသံတွေပြာထွက်သွားတဲ့ အထိ အသံကုန်အော်ဟစ်ပစ်လိုက်ပြီး တခစ်ခစ်ရယ်မောနေသည်။ သူကလည်း အားပါးတရ ပြုံးရယ်နေသည်။

"ကဲ . . ဒီတစ်ခါ 'ဘော်'အလှည့်"





www.burmeseclassic.com

www.burmeseclassic.com



'ဘော်'ကလည်း အလှည့်ကျ မန္တလေးစတမ်းဆိုသော မျက်နှာပေးကလေးနှင့် အာခေါင်ခြစ်ပြီး အော်ပစ်လိုက်သည်။

"ဟေး . . ကျွန်မ ပျော်တယ်ဗျို့"

'ဖွဲ့ဆု'က သူ့အလှည့်မှာ မျက်လုံးစုံမှိတ်ပြီး မျက်နှာကို ကောင်းကင်ဆီသို့ မော့လှန်ကာ တစ်ခုခု ခံယူသလို လက်နှစ်ဖက်ဖြင့် ခံယူထားရင်း အသံဝါညက်ညက်ကြီးဖြင့် အကျယ်ကြီး အော်ပစ်ပါသည်။

"ကောင်းကင်ကြီးရေ . . ကျွန်တော့်အတွက် ဘုရင်မ နတ်သမီးလေးတစ်ပါး ရှာချပေးပါဗျို့"

ကောင်းကင်ဘုံက သူ့အဲ့ဒီလောက် ပေါတတ်လိမ့်မည်ဟု မျှော်လင့် မထားခဲ့ပြီ ရယ်သံတွေတောင် တော်တော်ဆူညံသွားခဲ့သည်။ ဘာပဲဖြစ်ဖြစ် 'သည်း'တီထွင်လိုက်သော ဒီလုပ်ရပ်ကလေး ကြောင့်ပင် 'ဘော်'တို့သုံးယောက် ပို၍ ရင်းနှီးဆက်သွယ်မိသွား သလို ခံစားရပါသည်။ 'သည်း'က 'ဖွဲ့ဆု'ကို အလွန်လှပ သော အပြုံးကလေးနှင့် လှမ်းကြည့်လို့နေခဲ့သည်။

"ပြုံးပြီး အကျိုးရှိပဲ 'မသည်း'ရာ၊ ခုလိုအော်လိုက်ရတာ တကယ် ပျော်ဖို့ကောင်းတယ်၊ နောက်ဆို ခုလို ချိန်းချိန်းပြီး လာအော်ရအောင် . . ဟား ဟား"

"တွေ့လား . . . ကျွန်မပြောတယ် ဟုတ်၊ ကိုဖွဲ့ အရ သာသိသွားပြီဟုတ်၊ တစ်ခါတစ်ခါ လူတွေကြားထဲမှာ ကျနေရှုပ်တည်ကြီးနဲ့ နေရတာထက် ခုလို ဟန်မဆောင် စတမ်း လွတ်လွတ်လပ်လပ် ပေါလိုက်ရတာ စိတ်ထဲ ဘယ်လောက် relax ဖြစ်လိုက်သလဲ"

'ဘော်'တို့သုံးယောက် hotel အောက်သို့ ပြန်ဆင်း လာခဲ့သည်။ 'ဖွဲ့ဆု'ကို နှုတ်ဆက်ပြီးသောအခါ 'သည်း'က 'ဘော့်' နားသို့ကပ်လာပြီး . . .

" 'ဘော်' . . . ဒီနေ့ည နင့်အိမ်မှာ ငါလိုက်အိပ်မယ်"

ဟု . . တိုးတိုးကလေးပြော၏။ 'သည်း'မျက်နှာ က တစ်ခုခု ထူးခြားနေသည့်ဟန်။ 'ဘော်' တစ်ခုခုကို ကြိုတင် ရိပ်မိနေခဲ့ပါသည်။

●





www.burmeseclassic.com

www.burmeseclassic.com



"Seriously . . . 'ဖွဲဆု'ဟာ ငါ့အတွက် နတ်ဖန်ဆင်းထားသလားထင်ရလောက်အောင် ငါ့ရဲ့စံတွေနဲ့ အားလုံးကိုက်ညီနေတဲ့ ငါလိုချင်တဲ့ဘဝအဖော် My Man ပဲ 'ဘော်'ရေ"

နှစ်ယောက်သား 'ဘော့်'အိပ်ခန်း လသာဆောင်ကလေးဆီမှာ ပက်လက်ကလေးတွေကိုယ်စီလှဲရင်း 'သည်း'က စတင်ပြောလိုက်ခြင်းဖြစ်သည်။ 'သည်း'မျက်နှာက အလေးအနက် အသည်းအသန်။ ခါတိုင်းလို ရွှတ်နောက်နောက် ပေါ့ပျက်ပျက် မျက်နှာထားမျိုးမဟုတ်ဘဲ အတည်ပေါက်ကြီး ပြောနေခြင်းဖြစ်သည်။ 'ဘော့်'နှလုံးသားဆီမှ လှပ်ခနဲ ဟာသွား သောခံစားချက်ကို 'ဘော်'ကိုယ်တိုင်ပဲ သိနေခဲ့ပါသည်။

"နင် သူ့ကို ကြိုက်သွားတာလား 'သည်း' "

"အင်း . . ကြိုက်သွားတာလား၊ မက်မောသွားတာ လား ဘယ်ဟာပိုမှန်မလဲ မသိပါဘူး 'ဘော်'ရယ်၊ သူ့ဆီမှာ ငါလိုချင်သမျှ ဖြစ်ချင်သမျှစံတွေ အရည်အသွေးတွေ အကုန်ရှိနေတယ်၊ ရုပ်ချောတယ်၊ ချမ်းသာတယ်၊ ပညာတတ်တယ်၊ အဆင့်အတန်းမြင့်တယ်၊ ဟာသဉာဏ်ရှိတယ်၊ လူယဉ်ကျေးပီသတယ်၊ ယောကျ်ားဆန်တယ်၊ ဣန္ဒြေတခွဲသားနဲ့ မာယာမများဘူး၊ ပွင့်လင်းဖြောင့်မှန်တယ်၊ မိန်းကလေးတွေအပေါ် လေးစားမှုထားတတ်တဲ့လူစားမျိုး၊ ငါလိုသလို ကြိုးကိုင်ရင် အလိုလိုက် ကြည်ဖြူတတ်မယ့် နူးညံ့မှုမျိုးလည်းရှိတယ်၊ ငါဆုံဖူးသမျှယောကျ်ားတွေက သူ့လောက် မပြည့်စုံနိုင် ဘူး၊ တစ်ချက်မဟုတ်တစ်ချက်တော့ လွဲချော်နေတာ ချည်းပဲ၊ ငါ့ဘဝမှာ လူတစ်ယောက်ကို ဒီလူဟာ ငါလိုချင်တဲ့ လူစားမျိုးလို့ သေချာသိလိုက်တဲ့ခံစားချက်မျိုး ဖြစ်လာဖူးတာ ဒါ ပထမဆုံးအကြိမ်ပဲ . . . 'ဘော်' "

'သည်း'အသံထဲမှာ ဇီလင်အပြည့်။ 'ဘော်' သက်ပြင်းတရှိုက် ခိုးရှိုက်လိုက်မိသည်။ ရင်ထဲမှာနင့်သွားသော ခံစားမှုကလေးကို မတော်တဆ သည်းရိပ်မိသွားမှာစိုးသည့်အလား သက်ပြင်းတောင် ဖွဖွမချရဲ . . .။

"အဲဒီတော့ နင့်စိတ်ကူးကို ပြောပါဦး 'သည်း' "

"ငါ့ဘက်က စနစ်တကျ မာယာလှလှကလေးတွေ ထုတ်



www.burmeseclassic.com

www.burmeseclassic.com



သုံးရမှာပေါ့ 'ဘော်' ရဲ့၊ ဒါပေမယ့် ငါ မစိုးရိမ်ပါဘူး 'ဘော်' ရဲ့၊ ငါ့ရဲ့အလှနဲ့ မာယာကြားကနေ ဘယ်သူရုန်းဆန်နိုင်ခဲ့လို့လဲ၊ သူလည်း ငါ့ကို တမ်းတမ်းစွဲ ကြွေလာမှာပါ၊ သူ့နှလုံးသားက နွေးပြီးသားပါ"

"ကောင်းတာပေါ့ 'သည်း'ရယ်၊ နင်နဲ့သူ အရမ်းလိုက်ဖက်ညီတယ် .. သိလား၊ နင့်ကိုဆို သူ အရမ်းချစ်မှာ၊ အလိုလိုက်မှာပဲ၊ နင့်အလှက ထိရက်ကိုင်ရက်စရာမရှိအောင် ပြည့်စုံချောမွတ်နေတဲ့ ကြွေရုပ်ကလေးတစ်ရုပ်လိုပဲ .. သိလား"

"ဟား ဟား ... နာ့တယ်ရင်းလေး၊ ဒီအပြောလေးတွေကြောင့် နာ့မှာ တိတ်ချစ်နေရတာ ... မွ မွ မွ"

'သည်း'က ပက်လက်အနေအထားကလေးက နေ 'ဘော်'ဆီလှိမ့်လာကာ လှမ်းဖက်ရင်း ပါးပြင်ကို အားပါးတရ မွှေးနေလေသည်။ 'ဘော်'က သဘောတကျ ရယ်မိသည်။ 'သည်း' က ဒီလို ချစ်စနိုးကလေးတွေလည်း သိပ်လုပ်တတ်သူမို့ သူ့ကို မချစ်ဘဲ ဘယ်သူမှ မနေနိုင်ဘူးရယ်။ ထိုခဏမှာ ဖုန်းမြည်သံကို ကြားရပါသည်။

"ဟော ... ဖုန်းလာနေတယ်၊ ခဏလေး 'သည်း' "



ဘော်က လူးလဲကျုံးထပြီး ဖုန်းကိုပြေးယူမိသည်။

"ဟယ်လို .. ဘော်ငွေ မအိပ်သေးပါဘူးနော်"

သူ့အသံကြောင့် ရင်ထဲနွေးခနဲဖြစ်သွားခဲ့ပါသည်။ ယောင်ယမ်းပြီး 'သည်း'ဆီသို့ လှမ်းကြည့်လိုက်မိသေးသည်။

"မအိပ်သေးဘူး ကိုဇွဲ၊ 'သည်း'လိုက်လာပြီး ကျွန်မနဲ့လာအိပ်လို့လေ၊ သူငယ်ချင်းနှစ်ယောက် စကားတွေပြောနေကြတာ"

"ကျွန်တော့်အကြောင်းတွေလား ?"

"ဘယ်လွတ်လိမ့်မလဲရှင် ..."

သူ့ရယ်သံနွေးနွေးကိုကြားရပါသည် ...။

"ဘော်ငွေ့သူငယ်ချင်းက funny ဖြစ်တယ်နော်"

"အရမ်းရော မလှဘူးလား"

"အရမ်းလှပါတယ် .. အလှထိုင်ကြည့်နေဖို့ကောင်းလောက်အောင်ကို လှပါတယ်"

ထိုခဏမှာ 'သည်း'အနားသို့ရောက်လာခဲ့သည်။ 'ဘယ်သူလဲ' ဟု အသံတိတ်မေးသဖြင့် 'ဇွဲဆု'ဟု အသံတိတ်ပြန်ဖြေလိုက်ပြီး ...

" 'သည်း'အခု အနားမှာရှိတယ် ကိုဇွဲ၊ 'သည်း'နဲ့ပြော



www.burmeseclassic.com

www.burmeseclassic.com

နော်၊ 'သည်း'ကိုပေးလိုက်မယ်"


ဟု အလိုက်တသိပြောရင်း ဖုန်းကို 'သည်း'လက်ထဲသို့ ထည့်ပေးလိုက်လျှင် 'သည်း'မျက်နှာကလေးက လိုချင်တာရသွားသော ကလေးလေးတစ်ယောက်လို ကြည်လင်ဝင်းပစွာဖြင့် လေသာဆောင်ဘက် ပြန်ထွက်သွားခဲ့သည်။ 'ဘော်' လိုက်မသွားတော့ဘဲ မွေ့ရာပေါ် တက်ကာ Laptop ကလေးဖွင့်လိုက်ပြီး အလုပ်လုပ်ဖို့ ပြင်ဆင်လိုက်၏။ အချစ်ဆိုတာဘာလဲ။ 'ဘော်'တစ်ခါမှ မသင်ယူမလေ့လာခဲ့ဖူးတဲ့ ဘာသာရပ်တစ်ခုပါ။ 'ဘော်' လိုက်လို့မမီအောင် နားလည်ရခက်ပါသည်။ ထို့ကြောင့် 'ဘော်' သူ့ကို ခဏမေ့ထားလိုက်ပါမည်။

ထိုညက 'သည်း'တစ်ယောက် ဘယ်လောက်ထိ talky ပွားနေခဲ့သလဲဆိုတာ 'ဘော်' အိပ်ချင်လွန်းလို့ အိပ်ပျော်သွားခဲ့သည့်တိုင် 'သည်း' ဖုန်းပြောလို့ကောင်းဆဲ။ ဘာတွေပြောလို့ ပြောနေခဲ့မှန်းမသိ။ သေချာတာကတော့ စိတ်ဝင်စားစရာခေါင်းစဉ်တွေ တစ်ခုပြီးတစ်ခု တီထွင်ဖန်တီးတတ်လွန်းသော 'သည်း'သည် သူကပဲဦးဆောင်ပြီးပြောနေခဲ့မှာ အသေအချာ။

* * * * * * *







...ရပေါ်ဆီဆန်လွန်းသော
...ဲ့သွမ်းမှုကို
...တွေ့နေရချိန်မှာ
...နက်လွန်းမှုကို
...န်ဖိုးတထား မက်မောတမ်းတမိတာ
...ဘာဝပဲထင်ပါရဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ... ၄

www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD

## အခန်း - ၄

သူ့ Mobile ကလေးက Meeting အ ခန်း ဝင် နေ သော အ ချိန် တောက် လျှောက် ပိတ် ထား ခဲ့ သည်မို့ ပြန်ဖွင့်လိုက်တာနှင့် ဖုန်း ကချက်ချင်းထ,မြည်လာခဲ့သည်။ သူ မသိသော ဖုန်းနံပါတ် တစ်ခုမို့ ချက်ချင်းမဖြေမိ . . .။ ဖုန်းက ရပ်သွားပြီးမှ နောက် တစ်ကြိမ် ထပ်မြည်လာသဖြင့် သူ မနေသာ တော့ပါ။ သူ ဖုန်း ဖြေလိုက်ရသည်။

"ဟယ်လို . . ."

"ကိုဇွဲလား . . ."

"ဟုတ်ပါတယ်၊ ဘယ်သူ ပါလဲ ခင်ဗျာ"

မိန်းကလေး အသံ



www.burmeseclassic.com

www.burmeseclassic.com



လေးက ရင်းနှီးချိုမြလွန်းနေသည်မို့ ဘယ်သူပါလိမ့် . . . ဟု အပြေးအလွှား စဉ်းစားမိသည်။ အဖြေမထွက် . . .။

"'သည်း'ပါ ကိုဇွဲရဲ့၊ အားလား မအားလားတော့ မသိဘူး။ အကူအညီတစ်ခု တောင်းချင်လို့"

"ဩော် . . . 'မသည်း'၊ ပြော 'မသည်း' . . . ကျွန်တော် ဘာကူညီရမလဲ"

"မပြောချင်တော့ဘူး ကိုဇွဲရယ်၊ 'သည်း' အခု သန်လျင် ဘက်ရောက်နေတာ"

"တစ်ယောက်တည်းလား"

"ဟုတ် ကိုဇွဲ . . . ဒီလိုပဲ အလုပ်တွေပိလာရင် စိတ်ရှုပ်လာတာနဲ့ ကားလျှောက်မောင်းရင်း တစ်ယောက်တည်းရောက်လာတာ၊ ရေလယ်ဘုရားမှာ အခုရောက်နေတာ၊ ပြန်မယ်လုပ်တော့မှ ကားသော့ကပျောက်နေတာ ဘယ်မှာမှရှာမရတော့ဘူး ကိုဇွဲရယ်၊ ရေထဲများ ပြုတ်ကျသွားခဲ့သလား၊ လမ်းလျှောက်ရင်းတစ်နေရာမှာများ ပြုတ်ကျခဲ့သလား သတိမထားမိလိုက်ဘူးတော့"

"ဟောဗျာ၊ 'မသည်း'ကတော့ ဖြစ်ရမယ်"

သူ မျက်ခုံးရှုံ့ကာ တစ်ချက်စဉ်းစားရသည်။ သူ့



မှာက အလုပ်က ခပ်များများရယ်။ ကျောင်းမှာ meeting ပြီးလို့ ရုံးခန်းဆီပြေးရဦးမည်။ ချိန်းထားသည့် appointment ကလေးတွေ ရှိနေသေးသည်။

"ကျွန်တော် ဒီကနေ ဒရိုင်ဘာတစ်ယောက် လွှတ်ပေးလိုက်မယ်နော် 'မသည်း'၊ 'မသည်း'အိမ်မှာ ကားသော့ အပိုရှိမလား၊ အိမ်ကို သော့အပိုဝင်ယူခိုင်းပြီး လာပို့ပေးမယ်လေ၊ အဲဒီလိုဆို ဖြစ်မလား"

"ဟင့်အင်း . . . မဖြစ်ဘူး ကိုဇွဲ၊ ကိုဇွဲပဲ လာခေါ်ပေးပါ"

"ကျွန်တော် ဒီမှာ appointment ကလေး ရှိနေလို့ 'မသည်း' ရယ်"

"ရတယ် . . . အဲဒီ appointment ပြီးမှပဲ လာခဲ့လိုက်ပါ၊ 'သည်း'က တော်ရုံတန်ရုံလူကို အကူအညီ မတောင်းတတ်ဘူး ကိုဇွဲ၊ 'သည်း'ဆက်လိုက်ရင် အပြေးအလွှား လာမယ့်သူချည်းပဲ၊ ကိုဇွဲကို ခင်မင်လို့ ယုံကြည်လို့ လှမ်းခေါ်လိုက်မိတာပါ"

သူ နည်းနည်းတော့ အားနာသွားမိပါသည်။ မိန်းကလေးတစ်ယောက်၏ အကူအညီ တောင်းခံလာမှုကို သူ မငြင်း



www.burmeseclassic.com

www.burmeseclassic.com



သင့်ကြောင်း ယဉ်ကျေးမှုအရ သူ နားလည်မိပါ၏။ ပြီးတော့ သူ လေးစားမြတ်နိုးစ,ပြုနေမိသော ဘော်ငွေ့ မျက်နှာကလည်း ရှိသေးသည်မဟုတ်လား။

"အိုကေ . . . 'မသည်း'၊ ကျွန်တော် ဒီက appointment ကလေးရှင်းပြီးတာနဲ့ 'မသည်း'ဆီလာခဲ့မယ်လေ၊ အဲဒီမှာပဲ အေးအေးဆေးဆေးစောင့်ပေါ့ . . . ဟုတ်လား"

သူ ဖုန်းချပြီးသည်နှင့် ရုံးခန်းဆီသို့ပြေးရသည်။ နာရီကြည့်လိုက်တော့ ညနေသုံးနာရီ . . .။





ကျောက်တန်းရေလယ်ဘုရားသို့ သူရောက်သွားချိန်သည် ညနေ ငါးနာရီထိုးဖို့ ဆယ့်ငါးမိနစ် အလို . . .။ 'သည်း' က ဒီဘက်ကမ်းမှာ စောင့်နေခဲ့၏။ မြန်မာဆန်ဆန် ရင်ဖုံးလက်ပြတ် ထဘီရှည်ရှည်အိအိကလေးနှင့် ဆံနွယ်ရှည်ကလေးတွေ ရင်ဘတ်ပေါ် တစောင်း ချထားသော အလှက မဟာဆန်လွန်းလှပါသည်။ ထိုမိန်းကလေး သိပ်လှလွန်းတာကို သူ ဘယ်လိုမှ မငြင်းဆန်နိုင်။ ယောကျ်ားသားတော်တော်များများ၏ နှလုံးသားကို ချုပ်ကိုင်လှုပ်ရမ်းနိုင်သည့် အလှမျိုး။ ရိုးသားစွာ ဝန်ခံရလျှင် သူတော့ မပါဝင်ချင်ပါ။ သူ့အတွက် တစ်ချိန်လုံး ထိုင်ငေးကြည့်နေချင်စရာ မိုးကျနတ်သမီးတစ်ပါးလို ပြစ်မျိုးမှည့်မထင်အလှမျိုး တကယ်မလိုအပ်ပါ။ သူက အသိဉာဏ်ပညာကို တန်ဖိုးထားတတ်သူပီပီ မျှော်မြင်တွေးခေါ်တတ်သော၊ သူနှင့် ရင်ဘောင်တန်းကာ အမီလိုက်နိုင်စွမ်းရှိသည့် ခပ်ထက်ထက် မိန်းကလေးမျိုးကိုသာ အလိုရှိပါသည်။ အပြန်အလှန် ဆွေးနွေးဖလှယ်ရင်း အတွေ့အကြုံတွေ မျှဝေ





www.burmeseclassic.com

www.burmeseclassic.com



ရင်း အကြံအစည် အတွေးအခေါ် အယူအဆချင်း ဖလှယ်ရတာကို သူ သဘောကျသည်။ လူ့ဘဝရဲ့ အပေါ်ယံ ဆန်လွန်းသော Logo တွေ၊ Brand တွေ၊ Label တွေကို သူ စိတ်မဝင်စားပါ။ ပညာကို ဘယ်လိုသင်ဖို့ သူတစ်ပါးကို ပညာတတ်အောင် သင်ယူခွင့်ရအောင် ဘယ်လို မျှဝေရမလဲဆိုတာကိုသာ သူ စိတ်ဝင်စားပါသည် . . .။

"စောင့်နေရတာ ဆောရီးပဲ 'မသည်း'ရယ်၊ 'မသည်း'ရဲ့ သော့အပိုက အိမ်မှာရှာမတွေ့ရင် ဘယ်လိုလုပ်မလဲ"

"မပူပါနဲ့ ကိုဇွဲရဲ့၊ အိမ်မှာတွေ့အောင်ရှာပြီးမှ ဒရိုင်ဘာကိုလွှတ်ပြီး လာယူခိုင်းလိုက်ပါ့မယ်၊ ကိုဇွဲ့ကားကြီးက ကောင်းလှချည်လား၊ BMW X 5 ကြီး မိုက်တယ်ဆရာ"

"မမိုက်ပါဘူးဗျာ . . . ကဲ 'မသည်း'တက်"

"ဟောတော် . . . ရောက်တုန်းရောက်ခိုက် ကိုဇွဲက ရေလယ်ဘုရားမဖူးတော့ဘူးလား၊ လာပါ . . . စက်လှေနဲ့ ကူးသွားရအောင်ပါ"

အင်း . . .။ ဘုရားဖူးဖို့ကိစ္စကျပြန်တော့လည်း သူ မငြင်းကောင်းပြန်ပါ။ ထို့ကြောင့် 'သည်း'နှင့်အတူ ရေလယ်ဘုရားဆီ စက်လှေနှင့်ကူးကာ ဘုရားဖူးရပြန်ပါသည်။ ချော



ချောလှလှ မိန်းကလေးတစ်ယောက်နှင့် အတူတူတွဲပြီး ဘုရားဖူးခဲ့ဖူးသည်မို့ သူ တော်တော်လေး အနေရခက်ပါသည်။ ပို့ဆိုးတာက 'သည်း'က မင်းသမီးတစ်ယောက်လို ထင်ရှားပေါ်လွင်လွန်းနေတာကြောင့် လူတကာက ချာချာလည်အောင် သမင်လည်ပြန် လိုက်လိုက်ကြည့်ကြ၏။ 'သည်း'က ဘယ်လိုမှ မနေသော်လည်း သူကတော့ စိတ်အနှောင့်အယှက် ဖြစ်ရပါသည်။ တော်ပါပြီ . . . သိပ်လှတဲ့မိန်းမတစ်ယောက်ကို သူ ဘယ်တော့မှ ချစ်သူမရွေးပါ။

'သည်း'က လိပ်တွေအစာကျွေးရအောင် . . . ဟု ဆိုပြန်တာမို့ သည်းဆန္ဒကို လိုက်လျောရပြန်သည်။ စိတ်ထဲမှာတော့ သူ ပြန်ချင်လွန်းလှပြီ။ အလုပ်ကိစ္စတွေ ရှိနေသေးသည်မှလား။ သူက သိပ်အားလွန်းသူတစ်ယောက်မဟုတ်တာကို 'သည်း' နားလည်ဖို့တော့ကောင်းပါသည်။ အဲဒီလို ကိုယ့်အတွက် လိုအင်ဆန္ဒပြည့်ဖို့ တစ်ခုတည်းသာ ကြည့်တတ်ကာ တခြားသူဘက် နည်းနည်းမှ ထည့်မတွေးပေးတတ်သော တစ်ကိုယ်ကောင်းဆန် အတ္တကြီးတတ်သောစရိုက်မျိုးကို သူ တကယ် မနှစ်သက်တတ်ပါ။ မျက်နှာ အပြင်ပန်းကသာ စိတ်ရှည်ချင်ယောင်ဆောင်ပြီးထားရပေမယ့် ရင်တွင်းမှာတော့ ခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com

အားပါးတရကိုခါနေမိပြီ။ ဘယ်လောက် အလိုက်မသိတတ်တဲ့ မိန်းကလေးလဲ . . လို့ မျက်ခုံးတွေ ပင့်ချင်ပြီ။

လိပ်စာကျွေးပြီးမှ ဒီဘက်ကမ်းကိုပြန်လာကာ ကားပေါ်တက်သည်။

"ကိုဇွဲ . . . 'သည်း' ဗိုက်ဆာနေပြီ၊ တစ်ခုခု လိုက်ကျွေး နော်"

ဟု တောင်းဆိုပြန်သည်။ သူ နာရီကိုတစ်ချက် ကြည့်မိသည်။ ဖုန်းတွေ အဆက်မပြတ် ဝင်လာနေပြီ။ ကားပေါ်မှာ hands free mobile device ကလေး တပ်ဆင်ထားသည်မို့ ကားမောင်းရင်း ဖုန်းတွေဖြေကာ အလုပ်ကိစ္စတွေ စီစဉ်ညွှန်ကြားနေရသည်။ သူ လုံးဝ မအားဘူးဆိုတာကို 'သည်း' နားလည်ဖို့ကောင်းပါသည်။

"ကိုဇွဲ . . ဖုန်းကို ခဏလေးပိတ်ထားလိုက်ပါလားဟင်၊ 'သည်း' က အေးအေးဆေးဆေး စကားပြောချင်လို့ ကိုဇွဲ ကို ခေါ်လိုက်မိတဲ့ဥစ္စာ၊ တကတည်း အမေရိကန် သမ္မတ အိုဘားမားတောင် ကိုဇွဲလောက် အလုပ်များပါ့ မလားမသိဘူး၊ ပိုက်ဆံတွေရော ထားစရာနေရာရှိသေး လားဟင်"





သူမက စကားဖြတ်ကာ ခပ်ထေ့ထေ့ရွှတ်နောက်နောက် လှမ်းပြောတော့ သူ စိတ်ထဲက ထောင်းခနဲဖြစ်သွား၏။ အဲဒီလောက် ဝင်ရောက်စွက်ဖက်ခွင့် သူမမှာ ရှိလို့လား။ ခင်မင်တာမှ ဘာမှမကြာသေး။

"'မသည်း'၊ ကျွန်တော် အခုလုပ်နေတာ ပိုက်ဆံအတွက် သက်သက် လုပ်နေတာ မဟုတ်ဘူးဗျ၊ နိုင်ငံခြားမှာ ကျောင်းတက်ချင်တဲ့လူငယ်လေးတွေအတွက် တိုင်းတစ်ပါးမှာ ဒုက္ခမရောက်ရအောင် နေရေး စားရေး အစစ အရာရာ အဆင်ပြေပြေနဲ့ ပညာသင်ခွင့်ရအောင် စီစဉ်ပေးနေတာပါ၊ Private School ဖွင့်ထားတဲ့ရည်ရွယ်ချက်ကလည်း ဒီအတိုင်းပဲ၊ ကျွန်တော့်ကျောင်းကထွက်တဲ့ ကလေးတွေ နိုင်ငံတကာကျောင်းကအတန်းတွေဆီ ဆက်တက်ခွင့်ရအောင် ဆက်သွယ်ပေးတဲ့သဘောပါ၊ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်က အဆင့်မြင့်ပြီးသားပါ၊ တမင်သက်သက် ကြီးကြီးကျယ်ကျယ်နဲ့ Private School ဖွင့်ထားတာမဟုတ်ပါဘူး"

သူ့လေသံကို ဒေါသသံမပါအောင် သတိထား ချုပ်ထိန်းပြီး တတ်နိုင်သလောက် ခပ်တိုတိုရှင်းပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဒီအကြောင်းအရာကို စိတ်ဝင်တစားရှိဟန်မတူ။

"ဟောတော် . . . ဒါက စိတ်တိုတာလား၊ 'သည်း' အဲဒီလောက်ထိ ဉာဏ် မမီပါဘူးရှင်၊ လူ့ဘဝဆိုတာ တိုတိုကလေးရယ်၊ လူ့ဘဝ ရခိုက်ကလေးမှာ ပေါ့ပေါ့ ပါးပါး ပျော်ပျော်ရွှင်ရွှင်နဲ့ လှလှပပ လိုတရဘဝကလေး ပဲ နေချင်တယ်၊ ပညာတွေလည်း မသင်ချင်ပါဘူး၊ စာတွေကျက်ရမှာ အုံးစားတယ်၊ ကြော့ကြော့မော့မော့ ကလေးပဲနေမယ် . . ဒါပဲ၊ ဟင်း ဟင်း ဟင်း"

"ကောင်းပါလေ့ဗျာ၊ ကိုယ့်ခံယူချက်နဲ့ကိုယ်ပေါ့ 'မသည်း' ကျွန်တော်ကျတော့ ပညာကို တန်ဖိုးထားလို့လား မသိ ဘူး၊ ပညာတတ်ချင်တဲ့သူတွေကိုဆို အရမ်း အားပေး တယ်၊ ကြိုဆိုတယ်၊ လေးစားတယ်"

"ကြည့်စမ်း . . . ဒါဖြင့် 'သည်း'ကိုတော့ မကြိုဆိုဘူး၊ မလေးစားဘူးလို့ ဆိုလိုတာပေါ့လေ . . . ဟုတ်လား"

နှုတ်ခမ်းကလေး စူနွဲ့ကာ မျက်ဝန်းနက်ကလေး ထောင့်ကပ်ကြည့်ပြီး မခို့တရို့ စူတူမူတူဟန်ကလေးနှင့် သူမက လှမ်းညို့သလို ပြောသည်ကို သူ့ရင်ဘတ်က စက်ကွင်းလွတ်လွတ် ကင်းကင်းပင် ဘာမှ မခံစားရဘဲ . . .

"ဟောဗျာ၊ မဆိုလိုပါဘူးဗျာ၊ ကျွန်တော်က ရိုးရိုးသား သား ရှင်းပြတာပါ၊ 'မသည်း'ကလည်း . . ."

"ဒါဖြင့်လည်းပြီးရော၊ Fuji ကိုပဲ မောင်းလိုက်နော်၊ ကော် ဖီသောက်ချင်လို့ . . ."

သူ မငြင်းနေတော့ဘဲ စိတ်လျှော့ထားလိုက်ကာ Fuji ဆီသို့ပဲ မောင်းခဲ့လိုက်ပါသည်။ ထူးထူးခြားခြား ဘော်ငွေ့ ကို ပိုပြီး သတိတရရှိနေမိခဲ့သည်။ ရေပေါ်ဆီဆန်လွန်းသော ပေါ့သွမ်းမှုကို ကြုံတွေ့နေရချိန်မှာ လေးနက်လွန်းမှုကို တန်ဖိုး တထား မက်မောတမ်းတမိတာ သဘာဝပဲထင်ပါရဲ့ . . .။







www.burmeseclassic.com

www.burmeseclassic.com

Fuji House ထဲမှာ လူရှင်းနေခဲ့သည်။ သူမက တော့ သူပိုင်ဆိုင်သောအချိန်တွေကို အလိုက်ကန်ဆိုးမသိစွာ မောင်ပိုင်စီးထားသူပီပီ အေးအေးဆေးဆေး ရှိလှသည်။ သူမှာ တော့ နာရီဆီတကြည့်ကြည့် . . .။ သူမက Cappuccino ကော်ဖီနှင့် tuna sandwich မှာသည်။ သူက သောက်နေကျ Espresso ပဲ မှာလိုက်သည်။

"ကိုဇွဲကြည့်ရတာ တစ်ခုခုကို နောက်ဆံတင်းနေသလို ပဲနော်၊ စိတ်ကို relax လေးထားပါ ကိုဇွဲရဲ့"

သူမက အလှပဆုံး အပြုံးကလေးနှင့် ပြောနိုင် သေးသည်။ သူ သက်ပြင်းတစ်ချက် ဖွဖွချမိသည်။ စိတ်ထဲရှိ တဲ့အတိုင်း မပြောမိစေရန် သူ့ယဉ်ကျေးမှုက သူ့ကို ထိန်းချုပ် ထားသည်။ သူ အသာအယာပဲ ပြုံးလိုက်ပါသည်။

"ဒီအချိန်က ကျွန်တော့်ရဲ့ relaxation အချိန်မဟုတ် သေးလို့ပါ 'မသည်း'၊ 'မသည်း'ကိုပို့ပြီး ကျွန်တော် ရုံးခန်း ပြန်ပြေးရဦးမှာ၊ မနက်ဖြန်အတွက် အစီအစဉ်တွေ





ဆွဲရဦးမယ်"

"သိပါ့ရှင် . . ကျွန်မလည်း အားနေတဲ့သူမဟုတ်ပါဘူး၊ အလုပ်များပါတယ်၊ ကိုဇွဲတစ်ယောက်တည်း မဟုတ်ပါ ဘူး"

'သည်း'က မျက်စောင်းကလေးချီပြီးပြောလျှင် သူ ငေးခနဲတော့ ဖြစ်သွားမိသေး၏။ သိပ်လှတဲ့မိန်းကလေးများ မျက်စောင်းထိုးတာတောင် လှနိုင်လွန်းလှချည်လား။

ထိုစဉ် စားပွဲထိုးကလေးက ကော်ဖီခွက်တွေ လာ ချပေးသည်။ သူမက လက်ထဲမှ i phone 4G ကလေးနှင့် ကော်ဖီခွက်ကလေးတွေရော၊ sandwich ရောအပြင် သူ့ကိုပါ ရိုက်ယူလိုက်သည်မို့ သူ နားမလည်နိုင်ဖြစ်သွားရသည်။

"ဘာဖြစ်လို့ ဓာတ်ပုံတွေ ရိုက်ယူထားတာလဲ 'မသည်း'"

"ဖေ့(စ်)ဘွတ်(ခ်)မှာ တင်မလို့လေ"

"ဟောဗျာ . . ဘာဖြစ်လို့ တင်မှာလဲ"

"ရော် . . ဒီလိုပဲ တင်နေကျလေ ကိုဇွဲရဲ့၊ ဒါမှ ခေတ်မီ တာ၊ ကိုယ် ဘယ်ဆိုင်သွားတယ်၊ ဘာစားတယ်၊ ဘယ် သူနဲ့ရှိတယ်ဆိုတာလေးတွေ update လုပ်တဲ့သဘောပါ။ ဒါက ဖေ့(စ်)ဘွတ်(ခ်) ယဉ်ကျေးမှုရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ! အံ့သြဖို့ကောင်းလိုက်တာ၊ 'မသည်း'ကလဲ ကိုယ့်ရဲ့ privacy ကို ထိခိုက်တာပေါ့၊ အဲဒီလိုတင်တော့ ဘာအကျိုးထူးများရှိလို့လဲ၊ ကိုယ့်အကြောင်းတွေပဲ သူများတွေသိအောင် ကြော်ငြာသလို ဖြစ်နေမှာပေါ့၊ ကျွန်တော့်အထင်တော့ ဒီလိုလုပ်တာ သိပ်အဓိပ္ပာယ် မရှိပါဘူး"

"ဩော် . . . ကိုဇွဲမှ facebook မသုံးဖူးပဲ၊ facebook က သတင်းရွာကလေးတစ်ခုနဲ့တူတယ် ကိုဇွဲရဲ့၊ လူတိုင်းလူတိုင်းဆီက သတင်းတွေ မျှဝေတာရှိမယ်၊ Romance တွေ၊ Drama တွေရှိမယ်၊ ကိုယ့်ခံစားချက်တွေကို ရင်ဖွင့်တဲ့နေရာ၊ ဒေါသတွေ ဖောက်ခွဲတဲ့နေရာ၊ ကိုယ်သိစေချင်တဲ့လူကို ချက်ချင်း သိအောင်လှမ်းပြောနိုင်တဲ့နေရာလည်းဖြစ်တယ်၊ အဲဒီမှာ သူငယ်ချင်းတွေက ဝိုင်းဝန်း မျှဝေခံစားကြမယ်၊ အကြံဉာဏ်တွေ ပေးကြမယ်၊ အားပေးနှစ်သိမ့်ကြတာတွေရှိမယ်၊ facebook ကနေ တစ်ချက်လှမ်းအော်လိုက်တာနဲ့ virus ပျံ့သလိုပဲ ချက်ချင်းပျံ့နိုင်တယ်၊ လူချင်းသာမတွေ့ဖူးရင်ရှိမယ် . . . facebook ထဲမှာတော့ အရမ်းရင်းနှီးကြတယ် ကိုဇွဲရဲ့၊ အဲဒါ facebook ရဲ့ အရသာပဲ"

'သည်း'ပြောပြသမျှကို သူ တအံ့တသြ နားထောင်မိရင်း မျက်ခုံးတပင့်ပင့်။ သူမှာဖြင့် facebook လုပ်ဖို့ အချိန်ဆိုတာ ဘယ်လိုရှာရမှန်းတောင် မသိ။ သူများ အကြောင်းတွေလည်း စိတ်မဝင်စားတတ်သလို ကိုယ့်အကြောင်းတွေ ဆိုလည်း သိုသိုသိပ်သိပ် ပိပိရိရိကလေးပဲ ရှိစေချင်သည်။ ဒီ face book ကတော့ဖြင့် သူ လိုက်မမီဘူးပဲဆိုပါစို့။ 'သည်း'က i phone တစ်လုံးဖြင့် အလုပ်များနေသည်ကို သူ စိတ်မရှည်နိုင်စွာ ငေးကြည့်နေမိသည်။

"ဟော . . . ခုပဲ i phone နဲ့ facebook ပေါ် တင်လိုက်တာ ချက်ချင်း comment တွေတောင်တက်လာပြီ သိလား၊ ကိုဇွဲကို ဘူလေးလဲတဲ့ ခိခိ၊ လှမ်းမေးနေကြပြီ"

"ကျစ် မလုပ်ပါနဲ့ 'သည်း'ရာ၊ ကျွန်တော့်ပုံ ပြန်ဖျက်လိုက်ပါ၊ ကျွန်တော့်ကို လူတွေ မသိစေချင်ဘူး . . . "

"မဖျက်ပါဘူး ကိုဇွဲရဲ့၊ သူငယ်ချင်းအဖြစ် အမှတ်တရ တင်ထားတာပါ"

သူ တစ်ခုခု ပြန်ပြောဖို့ပြင်စဉ်မှာ သူ့ဖုန်းက မြည်လာသည်။ ထုံးစံအတိုင်း အလုပ်ကိစ္စမို့ သူ ပြောချင်တာ



www.burmeseclassic.com

www.burmeseclassic.com

ကလေးတွေ မှာစရာကလေးတွေ မှာလိုက်ရင်း တဆက်တည်း သူ ပြန်ဖို့ အကြောင်းပြချက်ရသွားခဲ့၏။

"ဆောရီး 'မသည်း'ရယ် . . . ကျွန်တော် အလုပ်ကိစ္စလေး အရေးကြီးလို့ ပြန်ရမယ်၊ 'မသည်း'ကို အိမ်ပြန်ပို့ပေးခဲ့မယ်လေ . . . သွားကြစို့"

"OK ပါရှင်၊ ဒီနေ့ အစစအရာရာအတွက် ကျေးဇူးပါရှင်"

သူမကို အိမ်ပြန်ပို့ပေးပြီးမှပဲ သူ့စိတ်တွေ လွတ်မြောက်ပေါ့ပါးသွားခဲ့တော့သည်။ "သည်းအက္ခရာ" ဆိုသော မိန်းမချောကလေးသည် သူ တကယ်လိုက်လို့မမီသော ဘာသာရပ်တစ်ခုဖြစ်၏။





BURMESE CLASSIC .com

သူ့အကြောင်း တစ်ခါတွေးမိတိုင်း
ရင်ထဲတစ်ခါနွေးမိတာမျိုး
သူ့အတွက် ဘာလုပ်ပေးရရင်ကောင်းမလဲလို့
ခဏခဏ တွေးမိတာမျိုး
တစ်ခါတစ်ခါ ပြေးတွေ့လိုက်ချင်မိအောင်
သတိရသွားတတ်တာမျိုး . . .
အဲဒါတွေကပဲ အချစ်ကို ကိုယ်စားပြုတဲ့
အမှတ်အသားတွေပဲလား . . .



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# အခန်း ··· ၅



www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၅

'ဘော့'အခန်းထဲသို့ ပါဆယ်ထုပ်ကလေး ရောက်လာတာမို့ ဘာပါလိမ့် . . ဟု သိချင်စိတ်ဖြင့် 'ဘော်' ချက်ချင်းပဲ ဖွင့်ကြည့်လိုက်မိပါသည်။ ပါကင်ပေပါအောက်မှ ကဒ်ထူဗူး နက်ပြာတာလေးကို မြင်လိုက်ရရုံဖြင့် 'ဘော့' နှလုံးသားက ထိတ်ခနဲ ဆောင့်ခုန်သွားခဲ့၏။ ခပ်သွက်သွက်ကလေး ဗူးကိုဖွင့်လိုက်တော့ အထဲမှထွက်လာသည်က အမိုးပွင့် crystal ကားကလေး ပုံစံ နာရီကလေး။ ပြီးတော့ တစ်ခုခုရေးထားသော ကဒ်ကလေး တစ်ကဒ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘော်ငွေ . . ."

အလုပ်တွေများနေလားဟင် . . ."

မတွေ့တာကြာပြီနော် . . ."

သတိလည်းရတာနဲ့ တွေ့လည်းတွေ့ချင်လို့ပါ

အဆင်ပြေမယ်ဆိုရင်လေ . . .

ခင်မင်စွာ . . .

ဖွဲ့ဆု . . .

BURMESE CLASSIC .com

'ဘော့်'နှုတ်ခမ်းကလေး ဖျတ်ခနဲ ပန်းပွင့်သလို အပြုံးကလေးတစ်ပွင့် ချက်ချင်းပွင့်သွားခဲ့ပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် 'ဘော်'လည်း သူ့ကို မမေ့မလျော့ရှိပါ၏။ အထူးသဖြင့် 'သည်း'ဆီကနေ သူ့အကြောင်းတွေ ကြားခွင့်ရတိုင်း ပင့်သက်နွေးနွေးနှင့် သူ့ကို သတိတရ ရှိတတ်ပါသည်။ 'သည်း'ကတော့ သူမ၏ မာယာပရော့ဂျက်တစ်ခုကို စနစ်တကျ ရေးဆွဲလို့နေခဲ့ပြီ။ သန်လျင်ထိ ကားမောင်းသွားခဲ့ပြီးမှ ကားသော့ကို လက်ကိုင်အိတ်ထဲမှာ ဝှက်ထားခဲ့ပြီး ပျောက်သွားတယ် . . ဟု သူ့ကို လှည့်စားခဲ့သည့်အကြောင်း 'ဘော်' သိခွင့်ရခဲ့ပြီးပြီ။ facebook ပေါ်အထိ သူ့ဓာတ်ပုံကို မရမက တင်နိုင်ခဲ့သော 'သည်း'၏ ရဲတင်းသွက်လက်မှု အစွမ်းအစ,ကို 'ဘော်' လက်ဖျားလည်းခါမိရဲ့။ 'သည်း'အကြောင်းကို 'ဘော်'သာလျှင် အသိဆုံး။ 'သည်း'မို့ လိုချင်မက်မောမိတာတစ်ခုခုရှိခဲ့ပြီဆိုလျှင် အဲဒါကို မရရတဲ့နည်းနှင့် မဖြစ်မနေ ကြိုးစားယူတတ်တာလည်း 'ဘော်'အသိပါ။ တစ်ဘက်သားရဲ့ ခံစားချက် ဆန္ဒသဘောထားဆိုတာကို 'သည်း' နည်းနည်းကလေးမှ ထည့်တွက်လိမ့်မည်မဟုတ်။

'ဘော်'က ကားပုံနာရီကလေးကို 'ဘော့်'အလုပ်စားပွဲပေါ်မှာ အမြတ်တနိုးကလေး တင်ထားလိုက်သည်။ မရှေးမနှောင်းမှာပင် ဖုန်းမြည်လာခဲ့ပါသည်။ ဖွဲ့ဆုအတွက် သီးသန့်ထားမိသော ring tone သံကလေးမို့ ဖုန်းသံကလေးကို ကြားလိုက်ရသည်နှင့် လူက ဆတ်ခနဲတောင်တုန်သွားကာ ရင်ကတလှပ်လှပ်ခုန်လာခဲ့သည်။

"ဟယ်လို . . ကိုဖွဲ့၊ လက်ဆောင်ကလေးအတွက် ကျေးဇူးပါရှင်၊ အခုပဲရတယ်"

"Most Welcome ပါ ဘော်ငွေ၊ အလုပ်တွေရှုပ်နေလားဟင်"

"ဟုတ်ကဲ့ . . . တစ်နှစ်ကုန်တော့မယ်ဆိုရင် နှစ်ချုပ်





www.burmeseclassic.com

www.burmeseclassic.com



စာရင်းတွေ စစ်ဆေးရတာတို့၊ ဝန်ထမ်းဆုပေးဖို့ ရွေးချယ်ရတာတို့၊ နှစ်ပတ်လည်ပျော်ပွဲရွှင်ပွဲ ကျင်းပပေးဖို့ စီစဉ်ရတာတို့နဲ့ အလုပ်အရမ်းရှုပ်နေကျ ကိုဇွဲရဲ့၊ အလုပ်တွေ အိမ်အထိ ပြန်ပါတတ်တယ်"

"ကျွန်တော် နားလည်ပြီးသားပါ ဘော်ငွေ၊ ခုမအားလည်း အားတဲ့အထိ ကျွန်တော် စောင့်နိုင်ပါတယ်၊ အလုပ်တွေ ကူလုပ်ပေးဖို့ စိတ်ကူးအကြံဉာဏ်တွေ ဘာတွေ လိုအပ်တယ်ဆိုရင် ကျွန်တော် အားတက်သရော ကူညီပေးပါ့မယ်"

"ဟယ် . . . တကယ်လား ကိုဇွဲ၊ အဲဒါဆို ကျွန်မ တကယ်ပျော်သွားပြီ၊ ဒီညနေ အလုပ်ဆင်းရင် တစ် ဆိုင်ဆိုင်မှာ ဆုံရအောင်လေ၊ ကျွန်မ ကျွေးပါ့မယ်၊ အေးအေးဆေးဆေး ဆိုင်ကလေးတစ်ဆိုင်ပေါ့"

"ဟား . . . ကျွန်တော်လည်း ပျော်သွားပြီ၊ ညနေခြောက်နာရီဆို အားပြီလား ဘော်ငွေ၊ ကျွန်တော် အင်းလျားလမ်း Padonma ကနေ စောင့်မယ်လေ"

"အိုကေ . . . ဆီးယူ ကိုဇွဲ"

ဖုန်းချပြီး 'ဘော်' အလုပ်တွေ ခပ်သွက်သွက်လုပ်ရသည်။ ဘာကြောင့်မှန်းမသိ လူက အလိုလို တက်ကြွထက်သန်နေပြီး နာရီကလေးဆီ တကြည့်ကြည့်။ 'သည်း'ဆီ ဖုန်းဆက်ဖို့ အသိပေးဖို့ အကြိမ်ကြိမ် စိတ်ကူးလိုက် . . ထိုစိတ်ကူးကို အသာကလေး ပြန်ချေဖျက်လိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ်နေခဲ့သည်။

●



www.burmeseclassic.com

www.burmeseclassic.com



"Padonma" ဆိုသော ဆိုင်ကလေးက ခြံထဲမှာ မီးရောင်မှိန်မှိန်ကလေးတွေသာ ထွန်းထားခဲ့သည်မို့ နှစ်ယောက်တည်းဆုံရသောအဖြစ်ကို 'ဘော့'မှာ မလုံမလဲနှင့် ရင်တထိတ်ထိတ် ရှိရပါသည်။ အို . . . ဒါ သူ ရွေးချယ်တဲ့ဆိုင်ပဲဥစ္စာ။ 'ဘော့'မှာ 'သည်း'ကို အသိမပေးမိတာကလွဲလို့ အပြစ်ကင်းပါသည်နော်။ ရုံးဆင်းပြီးတာနှင့် တန်းလာခဲ့ရသည်မို့ ပိုးရှပ်လက်ရှည်အဖြူ၊ မီနီစကတ်အနက်ကလေးနှင့် မျက်နှာပြောင်သလင်း၊ ဆံပင်တွေအားလုံးကို အပြောင်စုသိမ်းထား ကာ နောက်မှာ ဆံထုံးကလေး မသပ်မရပ် ဖြစ်သလိုထုံးဖွဲ့ထားသော 'ဘော်'သည် လုံးဝ အလှတရား ကင်းစင်နေလိမ့်မည်။ သူကတော့ 'ဘော့'မျက်နှာကို ခပ်ပြုံးပြုံး ငေးကြည့်နေခဲ့၏။ ထိုအကြည့်ကို ရုတ်တရက် 'ဘော်' ဘာသာမပြန်တတ်ပါ။ အို . . . ရိုးရိုးသားသားပဲ ဖြစ်မှာပါ။

"ကဲ . . . ပြော၊ ကျွန်တော့်ဆီက ဘယ်လိုစိတ်ကူးမျိုး အကြံဉာဏ်မျိုး ဘော်ငွေလိုချင်သလဲ"

"အင်း . . . အဓိက,ကတော့ ဝန်ထမ်းတွေကို ပေးမယ့်ဆုအတွက်ပါ၊ ကိုဇွဲက ကိုဇွဲဝန်ထမ်းတွေကို တန်ဖိုးရှိတဲ့စာအုပ်ကလေးတွေ လက်ဆောင်ပေးနေကျဆိုတော့ ကျွန်မလည်း ဝန်ထမ်းကလေးတွေကို စာအုပ်ကောင်းလေးတွေ လက်ဆောင်ပေးချင်တယ်လေ၊ ပြီးတော့ သင်တန်း တစ်ခုခုပေါ့နော် . . တက်ခွင့်လက်မှတ်မျိုးပေါ့၊ အဲဒါမျိုးလေးတွေ ပေးချင်တယ်၊ ကိုဇွဲ ဘယ်လိုစိတ်ကူးရလဲဟင်"

"သိပ်ကောင်းတာပေါ့ ဘော်ငွေ၊ လူငယ်တွေအတွက် စာအုပ်က သစ္စာအရှိဆုံး အဖော်ပဲ၊ ကျွန်တော်က Dale Carnegie ကို အရမ်း crazy ဖြစ်တော့ ကျွန်တော့်ကလေးတွေကိုပေးရင် သူ့စာအုပ်တွေပဲ ပေးဖြစ်တယ်၊ အင်္ဂလိပ်လိုပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမယ့် သူတို့အတွက် ခက်ခဲမယ်၊ နားလည်အောင် ကြိုးစားဖတ်နေရမယ်ဆိုရင်တော့ ဘာသာပြန်ပြီးသားစာအုပ်တွေ ရှိပါတယ်၊ ကျွန်တော် ရှာပေးမယ်လေ၊ ဘယ်နှစ်အုပ် လိုချင်သလဲသာပြော"

"အိုး . . . ကျေးဇူးပဲ ကိုဇွဲ၊ နောက်တစ်ခုက ကိုဇွဲရဲ့





www.burmeseclassic.com

www.burmeseclassic.com

နာရီလေးတွေပေးတဲ့ စိတ်ကူးကိုကြိုက်တယ်လေ၊ အဲဒီလို နာရီကလေးတွေ ဘယ်ကနေမှာလို့ရမလဲလို့"

သူ တစ်ချက်ပြုံးလိုက်ပါသည်။ ထိုအပြုံးက နက်ရှိုင်းလွန်းလှသဖြင့် 'ဘော်' လိုက်လို့တောင်မမီပါ။

"အဲဒီနာရီလေးတွေက စင်္ကာပူကနေ စပါယ်ရှယ်အော်ဒါလုပ်ယူထားခဲ့တာ ဘော်ငွေ၊ ဘော်ငွေ့အတွက် သီးသန့်ပဲ၊ တခြား ဘယ်သူ့မှာမှ ဒီလိုပစ္စည်းမျိုး ဆင်တူမရှိနိုင်ဘူး ဘော်ငွေ"

ဩော် . . . ဟု တစ်လုံးသာ ရေရွတ်နိုင်ပြီး 'ဘော်'ရင်ထဲ သိမ့်ခနဲ နှစ်သိမ့်ကျေနပ်သွားသော ခံစားမှုကလေးကို ပီပီသသကလေး ခံစားလိုက်ရပါသည်။ သူ့ကို ဘာပြန်ပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ 'ဘော်' mobile ကလေး ထ,မြည်လာခဲ့၏။ ထုံးစံအတိုင်း 'သည်း'ဆီက။

" 'ဘော်' . . . နင် ဘယ်မှာလဲ၊ ငါတို့ ဆုံရအောင်ဟယ်၊ တစ်ခုခုစားရင်း စကားပြောရအောင်"

'ဘော်'သည် ပထမဆုံးအကြိမ်အဖြစ် ခိုးကြောင်ခိုးဝှက်လုပ်ခဲ့မိတာကို လူမိခံလိုက်ရသူလို 'သည်း'ကို အရမ်းအားနာသွားမိတော့သည်။





" 'သည်း'ရေ . . နင် အခုလာခဲ့လိုက်ပါလား၊ ငါ အခု Padonma မှာ ရှိနေတယ်၊ ကိုဇွဲလည်း ရှိတယ်"

"အောင်မယ်၊ နင်က ဘာကိစ္စ ဒီအလိုအချိန်မှာ ကိုဇွဲနဲ့ အတူရှိနေရတာလဲ၊ နှစ်ပါးသွား message ပို့နေတာတော့ မဟုတ်ပါဘူးနော်၊ ဘော်ဘော်မ,နော် နင့်ကိုငါ ဒါပဲပြောမယ်၊ ဟင်း ခုချက်ချင်း လာခဲ့မယ်၊ ငါ့ဖို့ seafood တစ်မျိုး မှာထားပေး ဒါဘဲ"

'သည်း'က အနည်းငယ်တင်းသွားဟန်ဖြင့် ဇိုးဇိုးဇတ်ဇတ်ပြောကာ ဖုန်းချသွားခဲ့သည်။ 'ဘော်'က ပခုံးကလေး အသာတွန့်ပြလိုက်မိသည်။

" 'သည်း'လာလိမ့်မယ် ကိုဇွဲ"

ဟု ပြောလိုက်တော့ သူ့မျက်ခုံးတွေပင့်သွားကာ တစ်မျိုးလေးတော့ ပြောင်းလဲသွားပါသည်။

" 'ဘော်'တို့သူငယ်ချင်းနှစ်ယောက်က သိပ်ခင်တာပဲ နော်"

ဟု ဆိုသည်။

"ဩော် . . . သူငယ်တန်းကျောင်းသူဘဝကတည်းက ခုချိန်ထိ မခွဲမခွာ ပေါင်းနေခဲ့တဲ့ သူငယ်ချင်းတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ကိုဇွဲရဲ့ ဒီလောက်တော့ ရှိမှာပေါ့၊ ကျွန်မက 'သည်း'ကို အရမ်းချစ်တယ်၊ သူ့သည်းညည်းကို အခံနိုင်ဆုံးလို့ ဆိုရမှာပေါ့၊ သူလိုချင်တာမှန်သမျှ ဘာမဆို ဖြည့်ဆည်းပေးနေကျလေ၊ 'သည်း'ကလည်း ကျွန်မကိုဆို ညီအစ်မရင်းတမျှ ချစ်တယ်၊ နွဲ့ဆိုး ဆိုးတတ်တယ်၊ ဂျီကျတတ်တယ်၊ ကျွန်မ သူ့ကို သိပ်ချစ်မှန်း သူသိတယ်လေ"

ကိုဇွဲက ခေါင်းတညိတ်ညိတ်ဖြင့်သာ နားထောင်နေလေသည်။ မကြာပါ . . .။ 'သည်း'တစ်ယောက် အနက်ရောင် ဂါဝန်တိုကလေးဖြင့် ရောက်ချလာခဲ့သည်။ ထုံးစံအ တိုင်း 'သည်း'ရောက်လာသည်နှင့် စောစောက ငြိမ်ငြိမ်သက်သက် သွေးအေးနေခဲ့သော Padonma ခြံဝန်းကလေးတစ်ခုလုံး လှုပ်လှုပ်ခတ်ခတ်ဖြင့် သွေးဆူသက်ဝင်လာခဲ့တော့သည်။ ရှိရှိသမျှ မျက်ဝန်းတွေအားလုံး 'သည်း'ဆီသို့ စုပြုံရောက်ချလာခဲ့သည်။ 'သည်း'ကတော့ နေသားတကျရှိစွာ လွတ်လပ်ပေါ့ပါးစွာ ပြုမူလှုပ်ရှားဆဲ။

"ဟယ်လို ကိုဇွဲ . . .၊ မတွေ့ရတာတောင် ကြာပေါ့ ဘယ်လိုက ဘယ်လို ဆုံမိကြတာလဲ၊ ဘော်ငွေပုလဲ သစ္စာဖောက်ကြီး၊ နင် ငါ့ကျတော့ လှမ်းပြီး မကလင်ဘူးပေါ့လေ . . . ဟွန်း"

"မဟုတ်ပါဘူး သည်းမ,ရယ်၊ ကိုဇွဲနဲ့ အလုပ်ကိစ္စပဲ ချိန်းကြတာပါ"

"အောင်မယ် . . . ဒီလူနဲ့ဒီလူ ဘာအလုပ်ကိစ္စရှိလို့ တုံး၊ လာရွှေမနေနဲ့ 'ဘော်'၊ လိမ်တတ်မှ လိမ်စမ်းပါ အေရယ်"

"ဟဲ့ . . . တကယ်ပါဆို မယုံရင် ကိုဇွဲမေးကြည့်၊ ငါ ဝန်ထမ်းကလေးတွေကို ဆုချဖို့အတွက် ဘာပေးရင် ကောင်းမလဲဆိုတာ တိုင်ပင်နေတာပါ၊ 'သည်း'ကလဲ မရစ်ပါနဲ့ဟယ်၊ ငါ နင့်အတွက် ပုဇွန်ထုပ်ကင်သုပ်မှာထားတယ်၊ ပြည်ကြီးငါးသုပ်လည်း မှာပေးထားတယ် လေနော်၊ လိမ္မာပါတယ် နှဲတယ်ရင်းလေးက"

'သည်း'က ဘော့ကို ပြုံးမျက်စောင်းကလေးချီ ကာ ခြေချင်းချိတ်လျက် တူချောင်းကလေးတွေကိုင်ကာ စား စရာတွေ အားပါးတရစားနေတော့သည်။ ကိုဇွဲက စကားတစ် ခွန်းမှ ဝင်မပြောသေးဘဲ 'သည်း'ရဲ့ အပြုအမူမှန်သမျှကိုသာ ခပ်ပြုံးပြုံး ထိုင်ငေးကြည့်နေခဲ့သည်။

"သြော် . . . ကိုဇွဲကိုမြင်မှ သတိရတယ်၊ ကျွန်မရဲ့ မင်းသမီးလေ (     ) က စက်ာပူမှာ ရုပ်ရှင်တစ်ကား

www.burmeseclassic.com



သွားရိုက်ရမယ်၊ ကျွန်မလည်း သူနဲ့အတူ လိုက်သွားရင်း ဈေးဝယ်ထွက်မယ်ဆိုပါတော့၊ တစ်ပတ်လောက် ကြာမှာဆိုတော့ ဟိုတယ်စရိတ်က အရမ်းဈေးကြီးတယ်လေ၊ ဒါရိုက်တာနဲ့ မင်းသားလည်း အသိအိမ်တွေမှာပဲ တည်းကြရမှာ၊ ကိုဇွဲရဲ့မိဘတွေက စင်္ကာပူမှာနေတာဆို၊ ဖြစ်နိုင်ရင် ကိုဇွဲတို့အိမ်မှာများ တည်းခွင့်ရမလားလို့လေ"

"ရပါတယ် . . . မေမေတို့က Ardmore Park မှာ ကွန်ဒိုဝယ်ထားတာ အကျယ်ကြီးပါ၊ ဖေဖေနဲ့မေမေ နှစ်ယောက်တည်းနေကြတာ၊ ဖေဖေကလည်း သူ့အလုပ်နဲ့သူ၊ မေမေကတော့ Lucky Plaza မှာ ရတနာဆိုင်လည်း ဖွင့်ထားတယ်၊ 'မသည်း'တို့ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး နေလို့ရတာပေါ့၊ ကျွန်တော် မေမေ့ဆီ အကျိုးအကြောင်း ဖုန်းဆက်ပေးထားမယ်လေ၊ မေမေက မင်းသမီး ( ) ကို အရမ်းကြိုက်တာ ကျွန်တော်သိတယ်၊ သူ ဝမ်းသာအားရကို လက်ခံမှာပါ"

"ဟယ် . . ကြည့်စမ်း၊ အဆင်ပြေလိုက်တာတော့၊ ကျေးဇူးပဲ ကိုဇွဲရယ်၊ မင်းသမီးကို ပြောပြထားလိုက်မယ်နော်၊ အိုကေတယ်မှုလား"

"ကျွန်တော့်ဘက်က confirm လုပ်ပေးပါ့မယ်၊ မင်းသမီးကိုတော့ သော်ချာမှပြောတာ ပိုကောင်းမယ်ထင်တယ်"

ထုံးစံအတိုင်း 'သည်း'ရောက်လာပြီဆိုတော့ စကားဝိုင်း၏အဓိကအကြောင်းအရာက 'သည်း'စိတ်ကြိုက်ဖြစ်တာ 'သည်း'ကပဲ ဦးဆောင်ခေါ်သွားခဲ့သည်။ 'ဘော်'ကတော့ အေးအေးဆေးဆေး ဘေးလွှင့်လို့ပေါ့လေ။ 'သည်း'၏စရိုက်တလေးက ဘယ်သူ့ကိုမဆို သူကပဲ လွှမ်းမိုးဦးဆောင်ထားရမှ၊ ဘယ်နေရာရောက်ရောက် သူကပဲ Centre of Attraction လုတကာ၏ အာရုံစိုက်ခံဖြစ်ရမှ ကျေနပ်တတ်သူကလေးဖြစ်သည်။ သူဖြစ်ချင်သလိုလည်း အမြဲဖြစ်ခဲ့သည်ကိုး။ ကိုဇွဲပင် 'သည်း'၏ စကား ညှို့ကွင်းအောက်ကနေ ရုန်းမထွက်နိုင်ဘဲ တဝဲလည်လည် မျောပါနေခဲ့သည်မဟုတ်လား။

●





www.burmeseclassic.com

www.burmeseclassic.com



PERFECT MART ၏ နှစ်ပတ်လည် မိတ်ဆုံစားပွဲကို TRADERS' HOTEL မှာ ဒီတစ်နှစ်ကျင်းပဖြစ်ခဲ့ပါသည်။ ဒီနှစ်တော့ ကိုဗွဲကို အထူးဧည့်သည်တော်အဖြစ် မှတ်မှတ်ရရ ဖိတ်ခဲ့၏။ ကလေးတွေအတွက် အကောင်းဆုံးဝန်ထမ်းဆုပေးပွဲ အပါအဝင် ကလေးတွေအတွက် အပျော်တမ်းသီချင်းဆိုခွင့်ရအောင် KTV အစီအစဉ်ကလေးပါ ထည့်သွင်းပေးထားခဲ့ပါ၏။ နှစ်စဉ်တိုင်း 'သည်း'ကိုလည်း ဖိတ်နေကျမို့ ဒီနှစ်လည်း 'သည်း' လာပါလိမ့်မည်။ ဒီနှစ်တော့ 'သည်း'ဆီမှာ ကိုယ့်ကိုယ်ကိုယ် အပ်နှံကာ 'သည်း'ဆင်ပေးသည့် ဒီဇိုင်းဖြင့် 'ဘော်' ပွဲတက်ဖြစ်ခဲ့ပါသည်။ ပိုးရင်ဖုံးလက်တို ပုံဆန်းခါးတိုကလေးနှင့် ထဘီကလေးမှာ အစိမ်းရောင်နှင့် ပတ္တမြားရောင် ကျောက်ကလေးတွေဖြင့် ထိုးသီထားသော ဆင်စွယ်ရောင် မြန်မာ၀တ်စုံကလေးဖြစ်သည်။ ပြင်သစ်ဆံထုံးကလေးကို သည်းကိုယ်တိုင် ထုံးဖွဲ့ပေးလိုက်ကာ ကျောက်စိမ်းပန်းခက်ကလေး ထိုးစိုက်ပေးလိုက်ပါ၏။ Dior Classic အိတ်အဖြူကလေးကိုင်ကာ ဒေါက်မြင့်ဖိနပ်ကလေး စီးလိုက်သောအခါ အံမယ် မဆိုးပါလားဟု ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ကျေနပ်သွားမိပါ၏။ 'သည်း'က ထုံးစံအတိုင်း သူဘာ၀တ်မယ်ဆိုတာကို 'ဘော်'ပင် မသိစေရ . . .။

" 'ဘော်' ညည်းသွားနှင့်နော်၊ ငါ နောက်ကျမှ လာခဲ့မယ်"

ဟု ဆိုသည်။ လူစုံသလောက်ရှိမှ လူအားလုံး၏ အာရုံကို ဖမ်းစားဖို့အတွက် 'သည်း' အလှဆုံးပြင်ဆင်ကာ ရောက်လာမှာကို သိပြီးသား။

'ဘော်' Hotel ကို ခပ်စောစောသွားနှင့်ရသည်။ ပွဲအတွက် ကြိုတင်ပြင်ဆင်စရာရှိတာတွေ စီစဉ်ရဦးမည်။ Hotel ရောက်သည်နှင့် အလုပ်တွေရှုပ်နေဆဲမှာ ကိုဗွဲရောက်လာသည်။ 'ဘော်'ကိုမြင်တော့ အံ့ဩမင်သက်သွားဟန်က သူ့ မျက်နှာမှာ ထင်းခနဲ . . .။

"ဟာ . . . အရမ်းလှနေပါလား ဘော်ငွေ၊ ခုလို ပြင်ပြင်ဆင်ဆင် လှလှပပကလေး မတွေ့ဖူးတော့ မြင်မြင်ချင်း မှတ်တောင်မမှတ်မိဘူး၊ အလှရှော့ခ်တောင် ရသွားတယ်"

"အောင်မယ်လေး ပိုလိုက်တာ၊ အဲဒီလောက်တောင်ပဲ



www.burmeseclassic.com

www.burmeseclassic.com

လား ကိုဖွဲ့ရဲ့ လာ ကိုဖွဲ့အတွက် ရှေ့ဆုံးက VIP ဝိုင်းမှာ နေရာချထားပေးတယ်"

"ရပါတယ်၊ ကျွန်တော် ဒီအတိုင်းကြီး ထိုင်မနေချင်ပါဘူး၊ ဘော်ငွေ့အနားမှာ ကူလုပ်ပေးမယ်၊ ဘော်ငွေတစ်ယောက်တည်း busy bee ကလေးဖြစ်နေတာ၊ ကျွန်တော် ထိုင်မကြည့်ရက်ပါဘူး"

"အဲဒါဆို ပိုကောင်းတာပေါ့၊ ကဲ . . . ခိုင်းပြီနော် ဒါပဲ"

အစီအစဉ်တွေအားလုံး စနစ်တကျရှိအောင် ထောင့်စေ့အောင် စေ့စေ့စပ်စပ် ပြင်ဆင်ရပါသည်။ 'ဘော်'မှာ မန်နေဂျာရယ်လို့ လှလှပပ ကြော့ကြော့မော့မော့ကလေး မနေနိုင်ပါ။ ဟိုပြေးလိုက် ဒီပြေးလိုက် .. ဟိုလူလာမေးတာကို ဖြေပေးရ၊ အခက်အခဲရှိရင် ကူညီဖြေရှင်းပေးရနှင့် ဧည့်သည်တွေလည်း တဖွဲဖွဲရောက်လာကာ ပွဲစဖို့အချိန် ရောက်လာခဲ့တော့သည်။ ခန်းမတစ်ခုလုံးပြည့်လုလုရှိမှ 'သည်း'တစ် ယောက် ရင်သပ်ရှုမောဖွယ်အလှအပတွေနှင့် လှလှကြော့ ကြော့ကလေး ရောက်လာခဲ့ပါသည် . . . ။ ခဲငွေမင်ရောင် အသားပါးပါးကလေးမှာ စိန်ပွင့်ကလေးတွေထိုးသီထားသော ဝတ်စုံကလေးနှင့် 'သည်း'အလှက မြင်သူတကာ လည်ပြန်ငေး ကြရပါသည်။



'သည်း'ကို VIP စားပွဲမှာ ကိုဖွဲ့နှင့်ကပ်လျက် နေရာချထားပေးရသည်။ 'ဘော်'ကိုယ်တိုင်က ချွေးကလေးတွေပင် စို့နေပါပြီ။

အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ကြေညာသွားပြီး PERFECT MART group ၏ M.D က အမှာစကားပြောသွားသည်။ ပြီးတော့ ဘော်ငွေ့အလှည့် . . . ။ နောက်တော့ ဝန်ထမ်းဆုတွေပေးသည်။ နောက်ဆုံးအစီအစဉ်အရ ဝန်ထမ်းကလေးတွေ ကာရာအိုကေနှင့် ဖျော်ဖြေစဉ် အစားအသောက် တွေကိုယ်တိုင်ထ,ယူစားသောက်ရသော ဘူဖေးအစီအစဉ်ပါ။ ဘော်ငွေက ကိုဖွဲ့နှင့် 'သည်း'ရဲ့အခြေအနေကို ခပ်လှမ်းလှမ်းကနေ အကဲခတ်မိသည်။ ကိုဖွဲ့က 'သည်း'ပြောနေသော အကြောင်းအရာတစ်ခုကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ခပ်ပြုံးပြုံး မျက်နှာပေးနှင့်ဖြစ်သည်။ 'သည်း'မျက်နှာကလေးက လှချင်တိုင်းလှနေကာ ဝမ်းမြောက်ကျေနပ်နေသည့်ပုံပါ။

'သည်း'အတွက် ဘူဖေးကို ကိုဖွဲ့ကပဲ သွားယူပေးရသည်။ တစ်ချက်တစ်ချက် ကိုဖွဲ့၏ မျက်ဝန်းတွေက တစ်ယောက်ယောက်ကို လိုက်ရှာနေသလို ဝေ့ဝဲဖွေရှာရင်း ဘော်



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့သွားလျှင် မျက်ဝန်းများလက်ခနဲဖြာကာ ပြုံးပြတတ်လေသည်။

တစ်ချိန်မှာတော့ ကိုဇွဲ ဖျတ်ခနဲ ထ,လာကာ ဘူဖေးစားပွဲပေါ်က စားစရာတချို့ကို ပန်းကန်ထဲထည့်ယူလာပြီး ဘော်ငွေ့ဆီ တန်းတန်းမတ်မတ် လျှောက်လာတာတွေ့ရ၏။

"ဘော်ငွေ . . . ခုချိန်ထိ ဘာမှ မစားရသေးဘူးမှလား၊ ဒါလေး စားလိုက်ပါဦး၊ အဆာလွန်ပြီး ဗိုက်အောင့်နေဦးမယ်"

"ကျေးဇူးပဲ ကိုဇွဲ . . . ကျွန်မ စားဖို့မေ့နေတာ၊ စားလိုက်မယ် ကိုဇွဲ၊ ဗိုက်ဆာနေတာ ခုမှပဲ သတိထားမိတော့တယ်"

"ကျွန်တော်တို့နဲ့ လာ join လေ"

"ရပါတယ် ကိုဇွဲ၊ ကျွန်မနေရာရှိပါတယ်၊ VIP ဝိုင်းမှာ ကျွန်မ လာထိုင်လို့ မဖြစ်ဘူးလေ၊ ကိုဇွဲရော အားလုံးအဆင်ပြေရဲ့လား"

"ပြေပါတယ် . . . 'မသည်း'ရှိနေတာပဲ၊ သူမှာက ပြောစရာအကြောင်းအရာတွေက အများသား"



ပြောပြီး သူ ပြုံးပါသည်။ ကိုဇွဲက Armani ကိုယ်နှင့် ကွက်တိ fitting ရှပ်အပြာကလေးနှင့် slim fit ဘောင်းဘီ ပုံကျကျ အနက်ရောင်ကလေးနှင့် သားနားလို့နေသည်။ အရပ်မြင့်မားမား ကိုယ်ခန္ဓာက ကျစ်လျစ်ဖွံ့ထွားသည်မို့ အဲဒီခေတ်ပေါ်ဒီဇိုင်းနှင့် သူ့စတိုင်လ်က အလွန်ပင်လိုက်ဖက်ပါသည်။

"ကိုဇွဲ အရမ်းကြည့်လို့ကောင်းတယ်၊ အဲဒီစတိုင်လ်နဲ့ မိုက်တယ်"

ဟု ဘော်ငွေ လှမ်းပြောလိုက်မိသည်။

"ဟုတ်လား . . . မိုက်လား၊ ဒါ မေမေဆင်ပေးလိုက်တာပါ၊ မေမေတောင် မြန်မာပြည်ခဏပြန်ရောက်နေတယ် ဘော်ငွေ၊ ခုဏက 'မသည်း'ကိုတောင် ပြောပြလိုက်သေးတယ်၊ 'မသည်း'တို့က ဒီလကုန် စင်္ကာပူသွားမှာဆိုတော့ မေမေနဲ့ တစ်ရက်ဆုံပြီး မိတ်ဆက်ပေးထားလိုက်မယ်လေ၊ ဘော်ငွေ့ကိုပါ ဖိတ်လိုက်မယ်နော်၊ မေမေနဲ့သိထားရအောင်လို့ပါ"

"ရပါတယ် ကိုဇွဲရဲ့၊ 'သည်း'က အဓိကပါ၊ 'သည်း'နဲ့ ရင်းနှီးထားဖို့က ပိုအရေးကြီးတယ်လေ"

'ဘော်'က အဓိပ္ပာယ်တစ်မျိုး သက်ရောက်စေ



www.burmeseclassic.com

www.burmeseclassic.com

သော စကားအထာကလေးနှင့် တမင်ရည်ရွယ်ပြီးပြောလိုက်ခြင်းဖြစ်ပါသည်။ သူက မျက်ခုံးကလေးရှုံ့ကာ . . .

"ကျွန်တော်က မေမေ့ကို ဘော်ငွေနဲ့ တကယ်ဆုံစေချင်တာပါ၊ ကျွန်တော် အလေးအနက်ပြောတာနော်"

ဟု . . . လေးလေးနက်နက်ပြောပြီး လှည့်ထွက်သွားတော့သည်။ ဘော်ငွေ့ရင်ထဲ ပဟေဠိကလေးဖြစ်ကျန်ခဲ့ပါ၏။ သူ ဘာအဓိပ္ပာယ်နဲ့ ပြောသွားခဲ့တာလဲ။ ဘာကိစ္စ 'ဘော်'ကို သူ့မေမေနှင့် ဆုံစေချင်ရတာလဲ။ 'ဘော်'ကတော့ 'သည်း'နှင့် ဘယ်လိုပဋိပက္ခမျိုးမှ မလိုလားတာအမှန်ပါ။ 'သည်း'ကို ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်ဖြင့်သာ သူမ လိုချင်သောအရာကို ပိုင်ပိုင်နိုင်နိုင်ရစေချင်ပါသည်။

ဝန်ထမ်းကလေးတွေ ပျော်ပွဲရွှင်ပွဲလုပ်နေချိန်မှာ 'သည်း'က ကိုဇွဲကို ဦးဆောင်ပြီး တစ်နေရာရာသို့ခေါ်သွားတာကို ဖျတ်ခနဲ 'ဘော်'တွေ့လိုက်ရ၏။ ဗေဒင်မေးစရာမလိုပါ။ 'သည်း'မှာ အလွန်လှပသော မာယာအထာကလေးတွေ ကျွမ်းကျင်ပြီးသား . . .။ ဟိုးခေါင်မိုးဆီသို့ ခေါ်သွားတာပဲဖြစ်မှာပါ။

●





TRADERS' ၏ ခေါင်မိုးပေါ်မှာ လူသူရှင်းလင်းနေခဲ့ပါသည်။ 'သည်း'နှင့်သူ နှစ်ယောက်တည်း။ 'သည်း'သည် ကိုဇွဲ၏မျက်နှာချောချောကို ခပ်ဆဆ,လှမ်းကြည့်မိရင်း ရင်တသိမ့်သိမ့်ကလေး ခုန်လာခဲ့သည်။ အဆင့်အတန်းမြင့်ကာ ယဉ်ကျေးသိမ်မွေ့တာကအစ ယောကျ်ားပီသတည်ငြိမ်လေးနက်သော လူတစ်ယောက် . . .။ အမှတ်တွေ တိုးပေးမိရင်း တိုးပေးနေခဲ့မိကာ အပြစ်အနာအဆာရယ်လို့ တစ်စက်ကလေးမှ ရှာမတွေ့သော ပြည့်စုံခမ်းနားသူတစ်ယောက်။ သူ့ကိုသာ တစ်ဘဝစာ ပိုင်ဆိုင်ခွင့်ရခဲ့လျှင် 'သည်း'ဘဝလောက် ပြီးပြည့်စုံ လိုတရစေမှာ မရှိတော့ပြီ။ သူ့အကြောင်းကို ပိုသိလာရလေ ပိုပြီးမက်မောစရာဖြစ်ရလေ။ 'သည်း'အတွက်တော့ ယောကျ်ားတစ်ယောက် ကိုယ့်ကို သက်ဝင်မြတ်နိုးလာအောင် ညို့ငင်ဖို့ သိပ်မခက်လှဘူးထင်သည်။ ဘယ်သူမဆို 'သည်း'ရဲ့ စွဲမက်စရာ အလှခြေရင်းမှာ ဒူးထောက်ဝပ်ဆင်းကြရတာချည်းပါပင်။ သူကတော့ တခြားသူတွေထက်ပိုပြီး ကြန့်ကြာရ တည်ငြိမ်လွန်း



www.burmeseclassic.com

www.burmeseclassic.com

လှသည်ဟု ဆိုရပါမည်။ တခြားသူတွေလောက် 'သည်း'ရဲ့အလှ မာယာကြားမှာ ပျော်ဝင်လှခြင်းမရှိ။ အဲဒီလို သူ နေနိုင်တာကပဲ 'သည်း'အတွက် ပို၍စွဲမက်စရာ ဖြစ်လာခဲ့ သည်။ သူ့ကြည့်ရတာ ဟန်ဆောင်နေတာမျိုးလည်းမဟုတ် . . .။

"ကိုဇွဲ . . "

"ပြောလေ . . "

"ကိုဇွဲ ရည်းစားထားဖူးလား"

"ရှိဖူးတယ် . . . စရိုက်ချင်း၊ စိတ်ချင်း မတိုက်ဆိုင်တာ နဲ့ ပြတ်သွားခဲ့တယ်၊ အဲဒီနောက်ပိုင်းကစပြီး ကျွန်တော် ရည်းစားမထားတော့တာ ခုချိန်ထိပဲ 'မသည်း'ရဲ့၊ မိန်း ကလေးတွေရဲ့အထာကို ကျွန်တော် မကျွမ်းဘူး၊ သိပ် simple ဖြစ်လွန်းတဲ့ မိန်းကလေးမျိုးမှပဲ ကျွန်တော်နဲ့ ဖြစ်မယ်ထင်တယ်"

"ကိုဇွဲက အချစ်ဆိုတာကို ဘယ်လိုမြင်ထားလို့လဲ"

"ရှင်းရှင်းပြောရရင် ကျွန်တော် မသိဘူးဗျ၊ ဒါပေမယ့် ကိုယ် လေးစားမိတဲ့ မိန်းကလေးတစ်ယောက်ကိုတော့ စနစ်တကျ ချဉ်းကပ်ချင်မိတယ်၊ ကျွန်တော့်ဘဝအတွက် မျှဝေ နားလည် ပေးနိုင်တဲ့ မိန်းကလေးပေါ့လေ၊ သူ့







အကြောင်း တစ်ခါတွေးမိတိုင်း ရင်ထဲတစ်ခါနွေးမိ တာမျိုး၊ သူ့အတွက် ဘာလုပ်ပေးရရင်ကောင်းမလဲလို့ မကြာခဏ တွေးမိတာမျိုး၊ တစ်ခါတစ်ခါ ပြေးတွေ့လိုက် ချင်မိအောင် သတိရသွားတတ်တာမျိုး . . အဲဒါတွေက ပဲ အချစ်ကို ကိုယ်စားပြုတဲ့ အမှတ်အသားတွေပဲလား မသိပါဘူး 'မသည်း'ရယ်၊ 'မသည်း'က ပိုသိမှာပေါ့၊ ဆရာမ့ကြီးပဲ ဥစ္စာ၊ 'မသည်း'ကို ချစ်တဲ့သူတွေ ဝိုင်းဝိုင်း လည်နေမှာပဲ . . . ဟုတ်တယ်မှလား"

"ဟား ဟား . . ကျွန်မက တန်ဖိုးကြီးတယ် ကိုဇွဲရဲ့၊ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားတဲ့တန်ဖိုးဆိုပါတော့၊ ဥပမာ Lamborghini တံဆိပ်မျိုးဆိုပါတော့၊ လူတိုင်းက အရှူးအမူး အသည်းအသန် လိုချင်မက်မောကြတယ်၊ crazy ဖြစ်ကြတယ်၊ ဒါပေမယ့် သူ့ရဲ့တန်ဖိုးက တော်ရုံ လူ အနားကပ်လို့မရဘူးလေ၊ လိုချင်တိုင်းလည်း မရဘူး ပေါ့၊ မတတ်နိုင်ဘူးလေ၊ သူနဲ့ ထိုက်တန်တဲ့သူ သူ့ကို တတ်နိုင်တဲ့သူမှပဲ ချဉ်းကပ်လို့ရမယ့်သဘောဆိုပါတော့"

"ဟိုက်(ရှ်) အလွန်မြင့်တဲ့ဒိုင်ပါလား . . ဒါဖြင့် 'မသည်း' က Lamborghini ပေါ့ ဟုတ်လား၊ ဘယ်လောက်ပဲ





www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးကြီးတဲ့ Logo တစ်ခုဖြစ်ပါစေ၊ သတ်မှတ်ထားတဲ့ တန်ဖိုးတစ်ခုတော့ ရှိတာပါပဲ 'မသည်း'ရာ၊ ကျွန်တော့် သဘောကတော့ ကိုယ့်ကိုယ်ကို 'ဘာ'နဲ့မှ တန်ဖိုးမဖြတ်စေချင်ဘူး၊ လူတစ်ယောက်ရဲ့တန်ဖိုးဟာ Logo တစ်ခုထက် ပိုတန်ဖိုးရှိပါတယ်၊ လူတိုင်းမှာ sentimental value ဆိုတာ ရှိပြီးသားပါ"

"ဩော် . . . ကျွန်မကလည်း ဥပမာပြောတာပါ ကိုဖွဲ့ရဲ့၊ ကိုယ့်ကိုယ်တော့ ဘယ်သူက တန်ဖိုးဖြတ်နိုင်မှာလဲ၊ ဟုတ်တယ်မှုလား၊ ကျွန်မဆိုလိုချင်တဲ့အဓိပ္ပာယ်က ကိုယ့်ကိုယ်ကိုယ် တန်ဖိုးမြှင့်မြှင့်ထားတတ်သလို၊ ကိုယ့်တန်ဖိုးကို သိနိုင်တဲ့ ထိုက်တန်တဲ့သူမျိုးကိုမှ ကျွန်မရဲ့ အချစ်ကို ပေးမယ်လို့ ဆိုချင်တာပါ"

"လေးစားပါတယ် 'မသည်း'ရာ၊ ကဲ ကျွန်တော်တို့ ခန်းမထဲ ပြန်ရွှေ့ရအောင်၊ ဘော်ငွေ လိုက်ရှာနေဦးမယ်"

သူက ဦးအောင် စကားဖြတ်ကာ ဒီလောက်ရှုတောင့်ရခဲ လွတ်လပ်အေးဆေးသော အခြေအနေတစ်ခုဆီက နေ 'သည်း' လိမ္မာပါးနပ်စွာ ခင်းကျင်းပြင်ဆင်ပေးထားသော အခွင့်အရေးဆိုသည့်လမ်းကို လျှောက်လှမ်းမလာဘဲ လွတ်မြောက်ရာဆီ ရှောင်ထွက်ဖို့ ပြင်ဆင်နေသော သူ့ကို တအံ့တဩ မျက်ခုံးကလေးပင့်မိကာ အသည်းတယားယား ဖြစ်သွားမိပါ၏။ သို့သော် 'သည်း'က အမှုမဲ့အမှတ်မဲ့ အပြုံးကလေးကိုသာ ဆင်မြန်းလျက် . . .

"အိုကေ . . . ကိုဖွဲ့၊ လေကောင်းလေသန့်ကလေး ရလိုက်လို့ နည်းနည်းတော့ လန်းသွားပါပြီ၊ ပြန်ဆင်းကြတာပေါ့"

ဟု . . . ပြန်ပြောလိုက်ရသည်။ ဩော် . . လောကမှာ အခွင့်အရေးပေးမိတိုင်းလည်း မယူတတ်သူ ယောကျ်ားတစ်ယောက်ကို 'သည်း'ရဲ့ ပထမဆုံးအတွေ့အကြုံအဖြစ် မြင်ဖူးသွားတာပေါ့လေ . . .။



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD





သူစကားတွေကို သာယာညွတ်နူးမိပါရဲ့ ···
ကိုယ့်နှလုံးသားကိုလည်း
အတိုင်းသားသိမြင်ခံစားနေရပါရဲ့ ···
ကိုယ်ဘာကိုလိုချင်မက်မောနေမိသလဲဆိုတာကိုလည်း
နိုပ်မိနှားလည်နေမိပါရဲ့။
ထိုခံစားမှုတွေအားလုံးကို ဖြုန်းခနဲ
သိမ်းခြုံလွှမ်းအုပ်မိုးလိုက်သည်က
သိပ်ချစ်ရသော သူငယ်ချင်းအပေါ်
စောင့်ထိန်းငဲ့ညှာပေးရမည့်
“စည်း” ဆိုသော အရာ ···



www.burmeseclassic.com

www.burmeseclassic.com

အခန်း ... ၆



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD

အခန်း - ၆

ကိုဖွဲ့ဖိတ်သော ဒင်နာပွဲကလေးကို ခြံထဲမှာ လှပငြိမ်းချမ်းစွာပြင်ဆင်ထားခဲ့ပါသည်။ ဒီနေ့တော့ 'သည်း'နှင့်'ဘော်' အတူတူပဲ လာခဲ့ကြသည်။ မရွှေသည်းက ကားမမောင်းချင်ပါ . . ဆိုသောကြောင့် 'သည်း'ကို 'ဘော်' ကပဲ သွားကြိုပေးရသည်။ 'သည်း' သည် ပုံပန်းကျနလှပသေသပ်လွန်းသော ညနေခင်း ဂါဝန်ရှည်ပိုးပျော့အိအိ အသားရောင်ကလေးနှင့် ဆံနွယ်ခွေတွေကို ပုံဆန်းဆန်း ဆံထုံးလှလှကလေးထုံးထားကာ မြင့်မားလှသောဒေါက်မြင့်ဖိနပ်ကလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆန်လွန်းစွာ လှပလွန်းနေခဲ့သည်။ 'ဘော်'ကတော့ ထုံးစံအတိုင်း ခပ်ရိုးရိုး ရှင်းရှင်း ဂါဝန်လက်ပြတ်ကလေးသာ ဝတ်လာခဲ့သည်။ သိပ်ပြင် ပြင်ဆင်ဆင်ကြီးလည်း မလုပ်ချင်ပါ။ 'သည်း'ကတော့ ဘယ်နေရာပဲသွားသွား မင်းသမီးတစ်ယောက်လို ကြော့မော့ ထင်ရှားနေအောင် ဝတ်စားဆင်ယင်လေ့ရှိတာမို့ မဆန်း...။

"အဟီး ... နောင်ပတ်သက်လာမယ့် ယောက္ခမ လောင်းကြီးနဲ့ ပထမဆုံး စ,တွေ့ရမှာ ရင်ခုန်စရာတော့ အကောင်းသား"

ဟု .. ရွှတ်နောက်နောက်ဆိုလိုက်သေးသည်။ 'ဘော်'က သူ့မေမေကြိုက်သောပန်းကို ကိုဇွဲဆီကတဆင့် စုံစမ်းခဲ့ပြီးမှ လီလီအဖြူရောင်တွေချည်း စည်းထားသော ပန်းစည်းတစ်စည်း Floral Shop ကနေ ဝင်ဝယ်ခဲ့သည်။ အကြံသမား မရွှေသည်းက မတွေ့ခင်ကတည်းက ကိုဇွဲမေမေရဲ့ ကိုယ်အတိုင်းကို ကိုဇွဲဆီမှာစုံစမ်းခဲ့ပြီးမှ ပိုးရင်ဖုံးလက်တိုကလေးနှင့် လုံချည်တစ်စုံကို သူ့စိတ်ကြိုက်ဒီဇိုင်းထွင်ပြီး ချုပ်လာခဲ့သည်။

"ဘယ်သူမဆို First Impression က အရေးကြီးတယ် ဘော်ဘော်ရဲ့၊ မယ်တော်ကြီး ငါ့ကို ရေလည်ကြွေဆင်း



သွားစေရမယ် .. ခိခိ"

ဟု .. ပိုင်နိုင်သေချာစွာ ဆိုခဲ့သေးသည်။

သူတို့ခြံထဲရောက်တော့ သူနှင့်အတူ သူ့မေမေ ပါ စောင့်ကြိုနေခဲ့ကာ ဖက်လှဲတကင်း ဘိုဆန်ဆန်ကလေး နှင့် နှုတ်ဆက်ကြိုဆိုပါသည်။

"ဟယ် .. သမီးလေးက ချောလိုက်တာတော်၊ မှုန်ညက်နေအောင်ကို ချောတာ .. ကြည့်စမ်း၊ ဒါ ဒီဇိုင်နာကလေးမှလား၊ မင်းသမီးပဲ လုပ်လိုက်ပါလားဟယ်"

'ဘော်'က 'သည်း'ကို ဦးစားပေးသည့်အနေနှင့် နောက်နားမှာ ခပ်ခွာခွာကလေးပဲ ရပ်နေလိုက်သည်။ 'သည်း' နှင့်သူ့မေမေတို့ ခပ်တင်းတင်းကလေး ပွေ့ဖက်နှုတ်ဆက်လျက် မြင်မြင်ချင်း နွေးထွေးချစ်ခင်လျက်ရှိတာကို 'ဘော်'က အပြုံးကလေးနှင့်သာ ငေးကြည့်နေမိသည်။ 'သည်း'ရဲ့ ထူးခြားသော ပါရမီဟာ အဲဒါပါပဲ။ မြင်မြင်ချင်း ချစ်ခင်ကြင်နာပါစေ.. ဆိုသော ဆုနှင့် ပြည့်ဝသူကလေးပေါ့။

"ဟယ် ... အန်တီက ချစ်ဖို့ကောင်းအောင် ပြောတတ်လိုက်တာ၊ သမီးတော့ မြင်မြင်ချင်း ကြွေသွားပြီ၊ ခစ်ခစ်၊ အန်တီကမှ အရမ်း နုပျိုလှပတာပါ အန်တီရယ်၊



www.burmeseclassic.com

www.burmeseclassic.com

မင်းသမီး ဂေါင်းလီနဲ့ အရမ်းတူတယ်၊ သွယ်သွယ် လျလျကလေးတော့"

"ဟာ . . . သွားပြီ၊ 'မသည်း'ကတော့ မေမေ့အညာ ကိုင်လှုပ်လိုက်ပြီ၊ မေမေက သူ့ကို ဂေါင်းလီနဲ့တူတယ် လို့ ပြောတဲ့လူကို အသည်းစွဲချစ်တော့တာ ဟား ဟား"

"တကယ်ပြောတာပါ ကိုဇွဲရဲ့၊ အန်တီက ဂေါင်းလီထ တောင် ပိုနုသေးတဲ့ဥစ္စာ၊ အန်တီ့အတွက် သမီးရဲ့လ ရာ မြန်မာရင်ဖုံးဝတ်စုံကလေး ချုပ်လာခဲ့တယ် အန်တီ အန်တီ့အကြိုက်ဆုံးအရောင် ဖက်ဖူးစိမ်းကလေး"

"ဟယ် . . . ဟုတ်လား၊ ကျေးဇူးတင်လိုက်တာ သမီး ရယ်၊ ကြည့်စမ်း အလိုက်သိတတ်လိုက်တာ၊ အန်တီက အသက်ကလေးရလာတော့ မြန်မာရင်ဖုံးကလေးတွေ အရမ်းကြိုက်တယ် သမီးရဲ့၊ Euphoria ကနေ အမြဲမှ ချုပ်ရတယ်၊ သမီးလက်ရာကလေး ဝတ်ကြည့်ရဦးမယ်"

"မေမေ ဒီမှာတစ်ယောက်ကျန်သေးတယ်နော်၊ ဒါလေး က ဘော်ငွေပုလဲတဲ့၊ PERFECT MART Group ရဲ့ မ နေဂျာကလေးပေါ့"

"သြော် . . . အေးအေး၊ ဒီသမီးလေးကလည်း တစ်မျိုး







ချစ်စရာကလေးပဲ၊ တွေ့ရတာ ဝမ်းသာပါတယ်ကွယ်"

'ဘော်'က 'သည်း'လို ရွှန်းရွှန်းဝေအောင် မပြော တတ်သူမို့ အပြုံးကလေးနှင့်သာ နှုတ်ဆက်လိုက်ရင်း လီလီ ပန်းစည်းကလေးကို လှမ်းပေးလိုက်သည်။ အန်တီက ပန်းစည်း ကို ချက်ချင်းပဲ ပန်းအိုးထိုးစေပါသည်။ ကိုဇွဲဖေဖေက စင်္ကာပူ မှာ ကျန်ရစ်ခဲ့ကြောင်း ကိုဇွဲ ပြောပြ၍ သိရပါသည်။

စားပွဲမှာ ထိုင်ကြရင်း အဆင်သင့်ပြင်ဆင်ထား သော ဟော့ပေါ့(တ်)အိုးထဲ နံဘေးကကောင်မလေးတွေက လိုလေသေးမရှိ ဖြည့်ဆည်းပေးလျက်ရှိသည်။ ပြီးတော့ ပြည် ကြီးငါးသုပ် ငါးအသားလွှာကြော် ထမင်းကြော်တွေလည်း ပြင် ဆင်ခင်းကျင်းပေးထား၏။ စားရင်းသောက်ရင်း စကားတ ပြောပြောနှင့် ထုံးစံအတိုင်း စကားဝိုင်းကို ဦးဆောင်လွှမ်းမိုး ထားသူမှာ 'သည်း'နှင့်သူ့မေမေ . . .။ 'သည်း'နှင့်အန်တီတို့ အတိုင်အဖောက်အရမ်းညီနေတာကို ကိုဇွဲနှင့်'ဘော်'က တပြုံး ပြုံးငေးရင်း အစားကိုသာ အဖော်ပြုနေရသည်။ ကိုဇွဲက 'ဘော်' ကို အသားလုံးတွေ ပုဇွန်တွေ ထည့်ထည့်ပေးတတ်သည်။

အန်တီနှင့်'သည်း'ကတော့ စင်္ကာပူအကြောင်း၊ အဝတ်အစား brand တွေအကြောင်း၊ skin care အကြောင်း၊





www.burmeseclassic.com

www.burmeseclassic.com



လက်ကိုင်အိတ်တွေ ဖိနပ်တွေအကြောင်း၊ ပြီးတော့ ခန္ဓာကိုယ် အလှအပထိန်းသိမ်းနည်းတွေအကြောင်း၊ Yoga အကြောင်း တွေ ရွှန်းရွှန်းဝေအောင် ပြောနေကြချိန်မှာ 'ဘော်'နှင့်ကိုဇွဲက စာအုပ်တွေအကြောင်း၊ ရုပ်ရှင်အကြောင်း၊ သီချင်းတွေအ ကြောင်းဆီ ရောက်သွားကြ၏။ စကားဝိုင်းက နှစ်မွှဲ့ မသိမသာ ကွဲသွားခဲ့ပါပြီ။ အန်တီနှင့်'သည်း'ကတော့ တစ်သားတည်းကျ စွာ အလွမ်းသင့်လွန်းလှပြီ . . .။

"စင်္ကာပူကိုလာခဲ့ သမီး၊ အန်တီ့ကွန်ဒိုက အကျယ်ကြီး ရယ်၊ အိမ်မှာပဲနေကြ၊ ကြိုက်သလို လွတ်လွတ်လပ်လပ် နေလို့ရတယ်၊ တစ်မြို့လုံးအနှံ့ လိုက်ပို့ပေးမယ်၊ ရှော့ ပင်တွေထွက်ကြမယ်၊ အန်တီက ရှော့ပင်သာထွက်လို့ ကတော့ တစ်နေကုန်လည်း ဘယ်တော့မှ မပင်ပန်းဘူး၊ အဲဒီလောက် crazy ဖြစ်တာ၊ တစ်နေ့တစ်နေ့ လျှောက်ရ လွန်းလို့ ဘော်ဒီက ဒီပုံစံဖြစ်နေတာ၊ ဘယ်ဆိုင်မှာ ကိုယ်အရမ်းကြိုက်တဲ့ပစ္စည်း Sale ချပြီလဲဆိုတာ အမြဲ စနည်းနာနေတာ၊ 30% sale ဆို မဝယ်သေးဘူး၊ 50% sale လောက်ဆို ပြေးဝယ်ပြီးသားပဲ၊ သမီးက size zero မှလား၊ နောက်ဆို အန်တီ ဝယ်ထားပေးမယ်၊ sale ချတဲ့အခါ အရမ်းတန်တယ် သမီးရဲ့"

"ဟယ် . . . အန်တီက တော်လိုက်တာ အရမ်းပဲ၊ အန်တီ့ ဆီက သင်ယူစရာတွေ အများကြီးပဲ၊ သမီးက ဒီဇိုင်နာ သာ လုပ်နေတာ၊ ရတနာကုန်သည်လည်း အရမ်းလုပ်ချင် တာပဲ အန်တီ၊ အရမ်း စိတ်ဝင်စားတယ်"

"စိတ်ဝင်စားရင် လုပ်ပေါ့ သမီးရဲ့၊ အန်တီသင်ပေးမယ်၊ အန်တီလည်း ဒီလိုပဲ မန္တးမနပ် မလည်မဝယ်ကနေပဲ စ,ခဲ့ရတာပါ၊ ယောကျ်ားက support လုပ်တာတော့ ပါတာပေါ့လေ၊ ပြီးတော့ အလုပ်ကနေ အတွေ့အကြုံ ကနေ သင်ပေးသွားတာပေါ့"

စကားဝိုင်းက တော်တော်နှင့် အဆုံးမသတ်နိုင် ခဲ့။ 'သည်း'တစ်ယောက် သူ့မေမေရဲ့ နှလုံးသားကို အောင်မြင် စွာ သိမ်းပိုက်နိုင်ခဲ့တာတော့ အသေအချာ။ 'ဘော်'တို့ပြန်တော့ သူဆယ်နာရီကျော်နေခဲ့ပါပြီ။

အိမ်အပြန်လမ်းမှာ 'သည်း'တစ်ယောက် စိတ် ကူးတွေ ယဉ်ချင်တိုင်းယဉ်လာခဲ့၏။

"ငါ တကယ်နေချင်တဲ့ဘဝဟာ ကိုဇွဲမေမေရဲ့ ဘဝမျိုးပဲ ဘော်ရဲ့၊ ယောကျ်ားရဲ့ချစ်ခင်မြတ်နိုးမှုကို အပြည့်အဝ





www.burmeseclassic.com

www.burmeseclassic.com

ရထားပြီး ကိုယ်လုပ်ချင်ရာလုပ်ခွင့်ရထားတဲ့ ဘဝလေ၊ လှလှပပကြော့ကြော့မော့မော့ကလေး နေမယ်၊ လိုချင်သမျှ လိုတရစေမယ်၊ ယောကျ်ားရဲ့အရှိန်အဝါက ကိုယ့်ဘဝကို လုံခြုံမှုအပြည့်အဝ ပေးထားနိုင်စွမ်းရှိတယ်၊ ကဲ ဘာလိုသေးလဲ၊ ကိုဇွဲကိုပဲ ငါ အရယူတော့မယ်ဟယ်၊ သူ့လောက် ဘယ်သူမှ perfect မဖြစ်ဘူး"

"ကောင်းပါ့လေ'သည်း'ရယ်၊ နင်နဲ့ကိုဇွဲ လိုက်ဖက်တင့်တယ်ပြီးသားပါ။ အန်တီကလည်း နင့်ကိုချစ်တယ်၊ ဘာလိုလေးလဲ"

'ဘော်'က အလိုက်အထိုက်ကလေး ပြန်ပြောရသည်။ 'သည်း'မျက်နှာကလေးက မျှော်လင့်ခြင်းတွေနှင့် တောက်ပအရောင်လက်လျက်ရှိတာကို 'ဘော်' တွေ့နေရပါသည်။ ဘယ်တုန်းကမှ လူတစ်ယောက်ကို အခုလောက်လိုချင်မက်မောခဲ့ကြောင်း 'သည်း' ထုတ်ဖော်ဝန်ခံမဖူးခဲ့ပါ။

●







တစ်ခါတစ်ရံတော့ ဘဝသည် ထင်မထားခဲ့ သောအလှည့်အပြောင်း တစ်ဆစ်ချိုးကွေ့ကလေးတွေနှင့် ရင်ခုန်တိမ်းမူးအောင် ဖမ်းစားတတ်လိမ့်မည်ဟု 'ဘော်' မမျှော်လင့်ခဲ့ပါ။ 'ဘော်' ရိုးရိုးဖြောင့်ဖြောင့်ကလေး တွေးထားခဲ့သော ဖြစ်စဉ်တစ်ခုသည် 'ဘော်' ဘယ်လိုဆုံးဖြတ် အဖြေ ထုတ်ရမှန်း မသိနိုင်လောက်အောင် ရုတ်တရက် ခက်ခဲရှုပ် ထွေးသွားခဲ့ခြင်းဖြစ်၏။ အမိက တရားခံမှ ကိုဇွဲဟု ဆိုရမည် . . . ။

ထိုရက်ပိုင်းတွေမှာ 'သည်း'တစ်ယောက် သူ့မင်းသမီးနှင့်အတူ စကော်ပူရောက်နေခဲ့ပါသည်။ 'သည်း'မရှိတော့ ညနေခင်းဘက်ဆို ဆိုင်တစ်ဆိုင်မှာ အေးအေးဆေးဆေး စားသောက်ရင်း စကားပြောဖော် . . . ဖုန်းပွားဖော်မရှိလို့ ပျင်းမိတာတော့ အသေအချာ။ စနေနေ့ မနက်ခင်းတစ်ခုမှာ ကိုဇွဲဆီက ဖုန်းဝင်လာခဲ့၏။

"ဘော်ငွေ . . . ဒီည အားလားဟင်"

တဲ့ . . . ။





www.burmeseclassic.com

www.burmeseclassic.com

"ဘာအစီအစဉ်မှတော့ မရှိပါဘူး ကိုဗွဲ့ ဘာဖြစ်လို့လဲ ဟင်"

"ညနေ ခြောက်နာရီလောက် TRADERS' HOTEL ခေါင်မိုးပေါ် လာခဲ့လို့ရမလားဟင် ဘော်ငွေ"

သူ့အသံက အနည်းငယ် နွေးမြချိုသာနေခဲ့သည်။

"အင်း ... လာခဲ့မယ်လေ ကိုဗွဲ့"

ဟု ... သဘောတူလိုက်လျောလိုက်မိသည်။ တစ်ခါက 'သည်း'နဲ့အတူ ထိုနေရာကလေးကနေ အာခေါင်ခြစ် အော်ဟစ်ခဲ့ကြသောအဖြစ်ကို သတိတရရှိစွာ ပြုံးမိခဲ့သေး သည်။ သူ 'ဘော်'နှင့်အတူ အဲဒီလိုမျိုး အော်ချင်လို့များလား။ အဲဒီထက် ပိုပြီး 'ဘော်' ဘာမှမျှော်လင့်မထားခဲ့။

TRADERS'S ခေါင်မိုးပေါ်ရောက်သွားချိန်မှာ 'ဘော်'အသက်ရှူခြင်းကို ခဏရပ်တန့်သွားစေသော၊ မျက်လုံး များ ဝိုင်းစက်သွားစေသော၊ ရင်ခုန်ခြင်းများ ကစဉ့်ကလျား ပြောင်းဆန်သွားစေသော မြင်ကွင်းတစ်ခုက စောင့်ကြိုနေခဲ့ပါ သည်။ စားပွဲခင်းဖြူဖြူကလေးခင်းထားသော စားပွဲဝိုင်းကလေး တစ်ခု .. ဖန်ခွက်ကလေးနှစ်ခွက် .. ရေခဲဖန်ခွက်ကလေး ထဲ ထိုးစိုက်စိမ်ထားခဲ့သော ဝိုင်ပုလင်းကလေးတစ်လုံး .. မီးရောင်လဲ့လဲ့ ကလေးတစ်ခု။ ဒီလို Romantic ဆန်ဆန် အခင်းအကျင်းကလေးရယ်၊ ထူးခြားသော မျက်နှာရိပ်တစ်မျိုး နှင့် သူ့ရဲ့ သိမ်မွေ့နူးညံ့လွန်းသော အပြုံးကို မြင်လိုက်ရချိန်မှာ 'ဘော်' တကယ်ကို အသက်ရှူမှားသွားခဲ့ပါသည်။ ဘုရားရေ ... ဘာတွေဖြစ်ကုန်ပြီလဲ။

"ထိုင်ပါ ... ဘော်ငွေ၊ ဒါ ကိုယ် အမြဲတမ်း စိတ်ကူး ယဉ်ခဲ့တဲ့ နေရာကလေးပေါ့"

သူ့အသံက တိုးဖွဖွညင်သာလွန်းလှပါ၏။ 'ဘော်' မျက်နှာတစ်ပြင်လုံး ပူနွေးရှိန်းမြလျက်ရှိကာ နှလုံးသားက တထိတ်ထိတ်အခုန်မြန်လာသည်။ မိန်းကလေးတစ်ယောက်၏ အလိုအလျောက် ခံစားနားလည်နိုင်စွမ်းသော ဆဋ္ဌမအာရုံ တစ်မျိုးဖြင့် မကြာခင်မှာ သူ ဘာပြောတော့မယ်ဆိုတာကို 'ဘော်' ရိပ်မိနှင့်ခဲ့ပြီ ...။ ဟင့်အင်း ...။ ထိုခဏမှာ လိုက်ခနဲ ပျော်ရွှင်နှစ်သိမ့်သွားမိသော ခံစားချက်က အရင်လာ သည်။ ထို့နောက် 'သည်း'ကို ဖျတ်ခနဲ မြင်ယောင်သတိရ လိုက်မိလျှင် ထိုအပျော်က လွင့်ခနဲ ပျောက်ပြယ်သွားတော့၏။

"ကျွန်တော် ဒီစိတ်ကူးလေးကို စ,ရတာ ဟိုးတစ်ခါ ကျွန် တော်တို့သုံးယောက် ဒီခေါင်မိုးပေါ်မှာ လာအော်ခဲ့ကြတဲ့





www.burmeseclassic.com

www.burmeseclassic.com

အချိန်ကတည်းကဆိုပါတော့၊ အဲဒီတုန်းက ကျွန်တော် ဘာအော်ခဲ့တယ်ဆိုတာ ဘော်ငွေ မှတ်မိသေးလားဟင်"

ဘော် သူ့မျက်နှာဆီ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ ဘယ်မေ့ပါ့မလဲကွယ် . . .။ ကောင်းကင်ကြီးဆီကနေ နတ်သမီးကလေးတစ်ပါး ရှာချပေးဖို့ တောင်းဆိုခဲ့တာလေ။ သို့သော် 'ဘော်' မဖြေလိုက်ပါ။ သူက 'ဘော်'များဖြေမလား ဟု စောင့်နေပြီးမှ 'ဘော်'မဖြေတော့မှ . . .

"ကျွန်တော် အဲဒီတုန်းက ကောင်းကင်ကြီးဆီကနေ နတ်သမီးကလေး တစ်ပါး ရှာချပေးဖို့ တောင်းဆိုခဲ့တယ် ဘော်ငွေ၊ ကျွန်တော့်ဆုတောင်းများ တကယ်ပြည့်ခဲ့သလား မသိဘူး၊ ကောင်းကင်ကြီးက ကျွန်တော့်အတွက် နတ်သမီးလေးတစ်ပါး တကယ်ပဲရှာချပေးခဲ့တယ်၊ အဲဒီ နတ်သမီးလေးကို ကျွန်တော် အသက်ရှင်နေသရွေ့ ကာလပတ်လုံး ချစ်မြတ်နိုးသွားပါ့မယ်လို့ ကတိပေးပါတယ်၊ နတ်သမီးလေးဆီက ကျွန်တော့် အချစ်ကို လက်ခံ အသိအမှတ်ပြုပေးဖို့ပဲ လိုပါတော့တယ် . . . ဘယ်လိုလဲ ဘော်ငွေ"

သူ့မျက်နှာက အစွမ်းကုန်သိမ်မွေ့နူးညံ့လျက် . .။

'ဘော့်'ခန္ဓာကိုယ်တစ်ခုလုံး စိတ်လှုပ်ရှားတိမ်းညွတ်မှုး ရှိမှုတို့ဖြင့် လှုပ်ခါတုန်ရင်လာသည်။ သူ့စကားတွေကို သာယာညွှတ်နူးမိပါရဲ့ . . ကိုယ့်နှလုံးသားကိုလည်း အတိုင်း သားသိမြင်ခံစားနေရပါရဲ့ . . ကိုယ်ဘာကိုလိုချင်မက်မောနေ မိသလဲဆိုတာကိုလည်း ရိပ်မိနားလည်နေမိပါရဲ့။ ထိုခံစား မှုတွေအားလုံးကို ပြုန်းခနဲ သိမ်းခြုံလွှမ်းအုပ်မိုးလိုက်သည်က သိပ်ချစ်ရသော သူငယ်ချင်း အပေါ် စောင့်ထိန်းငဲ့ညှာပေးရ မည့် 'စည်း' ဆိုသော အရာဖြစ်သည်။ ကိုယ်စိတ်ချမ်းသာ ပျော်ရွှင်မှုအတွက် သည်း၏ နှလုံးသားနှင့် ဂုဏ်သိက္ခာအပေါ် နင်းဖြတ်မရက်စက်ချင်ပါ။

"ကိုဇွဲ . . . ဘယ်သူ့ကိုပြောနေတာလဲ၊ ကိုဇွဲ ရည်ညွှန်းနေတဲ့ နတ်သမီးလေးက 'သည်း'မှလား"

'ဘော်' သိသိကြီးနှင့်ပင် လွဲပစ်လိုက်သည်။ သူ မျက်နှာအရမ်းပျက်သွားခဲ့ပါသည်။

"ဟာ . . . လွဲပြီ၊ ဘယ်လိုလုပ်ပြီး 'မသည်း'က ပါလာရတာလဲ၊ ကျွန်တော် ဘော်ငွေ့ကို ပြောနေတာလေ၊ ကျွန်တော့်ရဲ့ နတ်သမီးလေးဟာ ဘော်ငွေပါ၊ ကျွန်တော် မြတ်မြတ်နိုးနိုး တန်ဖိုးထားမိတဲ့ မိန်းကလေးဆိုလို့ ဘော်ငွေတစ်ယောက်ပဲရှိပါတယ်"





www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက ခံစားမှုနက်ရှိုင်းစွာဖြင့် သိပ်သည်းလွန်းနေခဲ့ပါ၏။ 'ဘော်'ရင်ထဲ သူ့လောက် ရိုးရှင်းဖြောင့်မတ်လွန်းသူကို လှည့်စားနေရတာလောက် တဆစ်ဆစ် နာကျင်ထိခိုက်မိတာ မရှိတော့ . . .။

"ဒါဆိုရင်တော့ လွဲကုန်ပြီ ကိုဇွဲ၊ ကျွန်မတို့ နားလည်ထားတာက ကိုဇွဲ စိတ်ဝင်စားနေတာ 'သည်း'ပဲလို့လေ၊ 'သည်း'လည်း အဲဒီလိုပဲ ယုံကြည်နေတယ်၊ ကျွန်မလည်း အဲဒီအတိုင်းပဲ"

"ဟာ .. မဟုတ်တာ ဘာဆိုင်လို့လဲ၊ ကျွန်တော် 'မသည်း'ကို လုံးဝ စိတ်မဝင်စားပါဘူး ဘော်ငွေ၊ သူ ဘယ်လောက်ပဲ ချောချောလှလှ ကျွန်တော် တကယ်ကို ရင်မခုန်တာပါ"

"ကိုဇွဲ ဘာဖြစ်လို့ ရင်မခုန်ရတာလဲ၊ 'သည်း'လောက် perfect ဖြစ်တဲ့အလှမျိုးကို ဘယ်ယောကျ်ားမှ ဥပေက္ခာ ပြုနိုင်စွမ်း ငြင်းဆန်နိုင်စွမ်း မရှိခဲ့ပါဘူး၊ ကိုဇွဲ ကိုယ့်ကိုယ်ကိုယ် ညာနေမိတာလည်း ဖြစ်နိုင်တာပဲမှလား"

ဘော် ရှုတ်လက်စ,နှင့် မျက်စိစုံမှိတ်ပြီး ဇွတ်တင်လိုက်မိသည်။ သူ့မျက်နှာကို မကြည့်ဘဲ ပြောချင်ရာစွတ်



ပြောပြီး ငြင်းဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ထားခဲ့ပြီးသား။ သူဟာ 'ဘော်'အတွက် ဆုလာဘ်တစ်ခု လက်ဆောင်တစ်ခု ဘယ်တော့မှမဖြစ်နိုင်ပါ။

"ဒီမှာ ကျွန်တော် ရှင်းရှင်းပဲပြောမယ် ဘော်ငွေ၊ Perfect အလှ ဆိုတာကို ကျွန်တော် မလိုချင်ဘူး၊ မမက်မောဘူး၊ ဉာဏ်ပညာအလှကိုပဲ ကျွန်တော် တန်ဖိုးထားတယ် ဘော်ငွေ၊ အခု ဒီနေရာ ဒီအချိန်ကလေးမှာ မသည်း အကြောင်း ခဏမေ့ထားလိုက်ရအောင်၊ ကျွန်တော်နဲ့ ဘော်ငွေပဲရှိတယ်၊ ကျွန်တော် ဘော်ငွေ့ကို မြတ်မြတ်နိုးနိုးကို ချစ်နေပါတယ်၊ ကျွန်တော့်ဘဝ သက်တမ်းတလျှောက် 'ဘော်'နဲ့အတူ လက်တွဲပြီး ဖြတ်သန်းခွင့်ရချင်ပါတယ်၊ ကျွန်တော့်ရဲ့ ဆန္ဒကို ဖြည့်ဆည်းပေးပါနော်၊ ဘာအကြောင်းနဲ့မှ ကျွန်တော့်ကို မငြင်းပယ်လိုက်ပါနဲ့၊ ကျွန်တော် ခံနိုင်ရည်မရှိလို့ပါ . . ."

သူ့အသံက နင့်နင့်သည်းသည်းရှိလှသဖြင့် ဘော်ငွေ့ရင်ထဲ မခံနိုင်လောက်အောင် နင့်ခနဲဖြစ်ကာ ထိုခံစားမှုက မျက်ဝန်းဆီအထိ မျက်ရည်တွေ ဖြည့်ပေးလိုက်သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်မှန်းမသိ . . . 'ဘော်' ငိုချင်မိသည်။ သူ့မျက်နှာကို စေ့စေ့မကြည့်ရဲခဲ့ပါ။ ကြည့်မိလျှင် ဖြစ်ချင်ရာဖြစ် ဇွတ်မှိတ် တိုးလိုက်မိမှာစိုးသောကြောင့်ပါ။ လက်သီးကို ကျစ်ကျစ်ဆုပ်ထားပြီး လက်သည်းဖြင့် ကိုယ့်အသားကို နာကျင်နေအောင် ဆိတ်ထားပြီး သတိပေးထိန်းချုပ်ထားရတာ ပင်ပန်းလွန်းလိုက်တာ။ သူ့အသံက 'ဘော့်'ရင်ထဲက နှလုံးသား သူ့ဆီ လွင့်ခနဲပါသွားအောင် ဖြားယောင်းညို့ငင်နိုင်လွန်းပါသည်။ အဲဒီစွမ်းအားကို ရုန်းကန်ခုခံထားရတာလောက် ခက်ခဲပင်ပန်းလွန်းတာမရှိတော့ပါ . . .။

"ကိုဇွဲ . . မှားနေပြီ၊ ဒါမှမဟုတ် အမှားတစ်ခုကို ကျူးလွန်နေပြီ"

'ဘော့်'အသံက နာကျင်စွာ ရုန်းထွက်လာရသူတစ်ယောက်လို ဖျော့တော့နွမ်းခွေလို့။

"ဘာကိုမှားရမှာလဲ ဘော်ငွေ၊ ကျွန်တော် ဘာလိုချင်တယ် . . ဘာဖြစ်ချင်တယ်ဆိုတာ ကျွန်တော် အမြဲသိခဲ့ပါတယ်၊ ဘယ်တော့မှ မမှားခဲ့ပါဘူး၊ ပြီးတော့ 'ဘော့်'ကိုချစ်မိတာကလည်း အမှားကျူးလွန်တာမှ မဟုတ်တာ ဘော်ငွေ ဘာတွေပြောနေတာလဲ၊ ကျွန်တော် တကယ်နားမလည်တာပါ၊ မိန်းကလေးတွေ ရဲ့အထာကို ကျွန်တော် သိပ်နားမလည်ဘူးနော်၊ ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်းနဲ့ ရှင်းရှင်းပဲပြောပါ"

ဘော်ငွေ သက်ပြင်းဖွဖွတစ်ချက်ချမိသည်။

"ဒါဖြင့် ပွင့်ပွင့်လင်းလင်းနဲ့ ရှင်းရှင်းပဲပြောရအောင် ကိုဇွဲရယ်၊ ကျွန်မနဲ့'သည်း'က အရမ်းချစ်ကြတဲ့ သူငယ်ချင်းနှစ်ယောက်ပါ၊ သူမပါဘဲ ကျွန်မ မနေနိုင်သလို ကျွန်မ မရှိဘဲလည်း သူ မနေနိုင်ပါဘူး၊ 'သည်း'က ကျွန်မအတွက် မရှိမဖြစ်ပါ၊ 'သည်း'လောက် ကျွန်မအတွက် ဘယ်အရာကမှ တန်ဖိုးမဖြတ်နိုင်လောက်အောင် အရေးမကြီးပါဘူး . . ."

"အဲဒီတော့ . . ."

သူ့မျက်နှာဆီမှာ နူးညံ့သိမ်မွေ့လွန်းမှုတွေ ပါးလျပျောက်ကွယ်စ,ပြုလျက် စိတ်ရှုပ်ထွေးမှုတွေ စိုးရိမ်ပူပန်မှုတွေ အစားထိုးဝင်ရောက်လာခဲ့ပါသည်။

"ကျွန်မအတွက် အချစ်မရှိလို့ ဘဝတစ်ခုလုံး မထိခိုက်ပါဘူး၊ ဘာမှလည်း မဖြစ်လောက်ပါဘူး၊ သည်းအတွက်တော့ သူ့အိပ်မက်ဟာ သူ့ဘဝပဲ၊ သူ့အိပ်မက်တွေပြို



www.burmeseclassic.com

www.burmeseclassic.com



ကွဲသွားရတာဟာ သူ့ဘဝကို အနည်းနဲ့အများ ထိခိုက်နိုင်တာပဲ၊ သည်းရဲ့ နာကျင်ငြိုးမျက်မှုနဲ့ ရင်းပြီးမှ ဘာကိုမှ ကျွန်မ လဲမယူနိုင်တာ ကျွန်မ သတ္တိမရှိလို့ပဲ ဆိုကြပါစို့ ကိုဇွဲ"

"ပြတ်သားလှချည်လား ဘော်ငွေ၊ ကျွန်တော် ပြောနေတာက ဘော်ငွေ့ကို ချစ်မိတဲ့အကြောင်းပါ။ ဘော်ငွေ ခေါင်းစဉ်ပြောင်းနေတာက 'မသည်း'ကို ဘော်ငွေ သိပ်ချစ်တဲ့အကြောင်းတွေ၊ ကျွန်တော်က ဘာလုပ်ရမှာလဲ ဘော်ငွေ၊ ရှင်းရှင်းပဲပြောပါကွာ . . ."

သူက မျက်ခုံးတွေရှုံ့ထားပြီး 'ဘော်'ကို ထွင်းဖောက်နစ်ဝင်မတတ် စိုက်ကြည့်နေခဲ့သည်။ သူ့မျက်လုံးများ ၏ စူးရှနက်ရှိုင်းလွန်းမှုကို 'ဘော်' ခံနိုင်ရည်မရှိပါ။ 'ဘော်' တကယ်ပဲ ကုကယ်ရာမဲ့စွာ နာကျင်ဆို့နစ်လာပါသည်။

"ရှင်းရှင်းပြောရရင် ကျွန်မ အချစ်ဆုံးသူငယ်ချင်းကို ယောကျ်ားတစ်ယောက်အတွက် အဆုံးရှုံးမခံနိုင်ဘူး၊ ကျွန်မ သူနဲ့ ပြိုင်ဘက် ဘယ်တော့မှ မဖြစ်စေရဘူး၊ ကျွန်မ သူ့ကိုချစ်တယ်၊ သူလိုချင်တာ ဘာမဆို ဖြည့်ဆည်းပေးခွင့်ရချင်တယ်၊ ဒီလောက်ဆို ကိုဇွဲ နားလည်



မှာပါ"

သူ့ဘက်က လုံးဝ တိတ်ဆိတ်ငြိမ်သက်သွားခဲ့တော့၏။ တစ်ခုခုကို သူ နားလည်သဘောပေါက်လိုက်သလို အံ့အားသင့် ငြိမ်သက်သွားပုံမျိုး။ သူ့ဘက်က စကားတစ်ခွန်းမှ ထပ်မပြောတော့သဖြင့် တိတ်ဆိတ်သွားခဲ့သည်မှာ အကြာကြီးရယ်။

"ကျွန်မကို အရွဲ့တိုက်ပေးပါ ကိုဇွဲ . . ."

'ဘော်' အားတင်းပြီး ပြောလိုက်သောအသံက ခပ်အက်အက်ထွက်လာသည်၊ သူက မျက်လုံးများစင်းလိုက် ကာ 'ဘော်'ကိုပြန်ကြည့်သည်။

"ဘာကိုလဲ ဘော်ငွေ . . ."

"ကျွန်မကို ဘဝင်ကိုင်တဲ့မိန်းမရယ်လို့ အရွဲ့တိုက်ပြီး သည်းကို ဦးစားပေးလိုက်စမ်းပါလို့"

သူ တစ်ချက်ပြုံးလိုက်သည်၊ ထိုအပြုံးက အသွားထက်မြသော ဓားတစ်လက်ပမာ 'ဘော်'နှလုံးသားထဲ တဆုံးစိုက်ဝင်သွားခဲ့သလိုပင် နာကျင်စူးရှလွန်းလှပါသည်။ ကိုယ့်နှလုံးသားတစ်ခုလုံး သွေးအလိမ်းလိမ်း ဖြာသွားသလို 'ဘော်' ခံစားရ၏။ သူ့မျက်နှာဆီမှာ 'ဘော်' ပစ်လွှတ်ခဲ့သော စကား



www.burmeseclassic.com

www.burmeseclassic.com



လုံးများ၏ ဒဏ်ရာဒဏ်ချက်တွေဖြင့် နီမြန်းယောင်အမ်းလာသလိုပင် . . .

“မင်း ကိုယ့်ကို ဘယ်လိုဖြစ်စေချင်တာလဲ ဘော်ငွေ”

သူ တစ်ခါမှ မင်းနှင့်ကိုယ်ဟု မသုံးစွဲခဲ့ဖူးသည်မို့ ဘော်နားထဲ ရင့်သီးသလိုပင် ခံစားရပါသည်။

“ကျွန်မ ပြောဖို့လိုသေးလို့လား ကိုဇွဲ၊ ရှင် ဒီလောက် မတုံးမအ,ပါဘူး”

‘ဘော်’အတွက် မျက်ရည်မကျမိအောင် မြိုသိပ်ထိန်းချုပ်ရတာလောက် ပင်ပန်းနွမ်းလျတာ မရှိတော့။ သူ့ကို ရက်စက်ဖို့အတွက် ‘သည်း’မျက်နှာကလေးကိုပဲ မြင်ယောင် ကာ သတ္တိမွေးရပါသည်။

“OK! မင်းရဲ့ ဆုံးဖြတ်ချက်ကို အမိန့်တစ်ခုလို ကိုယ်ယူဆပါတယ်၊ မင်းက ကိုယ့်ကို အဲဒီအတိုင်း ဖြစ်စေချင်တယ်မှလား၊ မင်းဖြစ်စေချင်တဲ့အတိုင်း ဖြစ်စေရမယ်လို့ ကိုယ်ကတိပေးတယ် . . ဟုတ်လား၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က မင်းကို ချစ်မိတဲ့သူကိုး၊ မင်း စိတ်ချမ်းသာဖို့ပဲ ရှေ့တန်းတင်မိတဲ့သူကိုး၊ မင်း နောင်တ,မရမှာတော့ သေချာပါတယ်နော် . . ဟုတ်လား”



သူ့မျက်နှာက လုံးဝပြောင်းလဲသွားခဲ့ပါပြီ။ ရုတ်တရက် မျက်နှာဖုံးတစ်ခု တပ်ဆင်လိုက်သလိုကို အလွှာတစ်ခု ခြားနားသွားခဲ့တာပါ။

“ဟင့်အင်း . . . ကျွန်မ နောင်တမရဘူး၊ သေချာပါတယ်”

‘ဘော်’ သူ့ကို တိခနဲ ဖြတ်လိုက်မိပြီ။ သူ့အပေါ် တရားပါရဲ့လား ‘ဘော်’မသိချင်တော့ပါ။

“မျှော်လင့်ခွင့်ကလေးတောင် မရှိတော့ဘူးပေါ့ ဟုတ်လား ဘော်ငွေ”

“မရှိပါဘူး ကိုဇွဲ၊ ကျွန်မတို့သူငယ်ချင်းတွေအဖြစ်ပဲ ဆက်ခင်ရအောင်ပါ”

“ကျွန်တော့်ရဲ့အချစ်ကို ဘော်ငွေ အသိအမှတ်မပြုဘူးဆိုပါတော့”

“ဟုတ်ကဲ့ . . ကျွန်မ ကိုဇွဲကို ငြင်းနေတာပါ”

‘ဘော်’တစ်ယောက် ဒူးများ ညွှတ်ခွေကျတော့မတတ် နာကျင်ဆို့နစ်လို့ မွန်းကြပ်နေခဲ့ပါသည်။ ‘ဘော်’တစ်သက်မှာ ဘယ်သူ့ကိုမှ နာကျင်အောင် မလုပ်မိခဲ့ပါ။ ‘ဘော်’ တစ်သက်မှာ ပထမဆုံးနှင့် တစ်ယောက်တည်းဖြစ်ခဲ့သော



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခင်မြတ်နိုးမိသူတစ်ယောက်ကို ဗိုလ်တောင်မှ မနာကျင်စေချင်ခဲ့ပါ . . .။ ထို့သော် သူ့ကိုမှ ဘော်ငွေ မရည်ရွယ်ပဲ နာကျင်စေခဲ့မိပြီ။

"ကောင်းပြီ ဘော်ငွေ၊ မင်းက အဝေးဆုံးလမ်းကို ရွေးခဲ့ပေမယ့် ကိုယ်ကတော့ မင်းနဲ့ အနီးဆုံးလမ်းကိုပဲ ရှာဖွေဖန်တီးနေဦးမှာပါ၊ မင်းဘက်ကတော့ သူငယ်ချင်းပေါ့၊ ကိုယ့်ဘက်ကတော့ ဘာနဲ့မှ တားဆီးဖျက်ဆီးနိုင်စွမ်းမရှိတဲ့ ချစ်သူပါပဲ၊ မင်းမပေးနိုင်တဲ့အရာကို ကိုယ်ဇွတ်အတင်းအကြပ်လုယူဖို့ မကြိုးစားပါဘူး၊ အဲဒါတော့ စိတ်ချပါ၊ ဒါပေမယ့် မင်းမတားဆီးနိုင်တဲ့ ကိုယ့်ရင်ထဲက အချစ်တွေကိုလည်း မင်း ဘယ်လိုအရာ မျိုးနဲ့မှ ပြောင်းလဲပစ်လို့မရပါဘူး၊ အဲဒါလေးတော့ မင်းရဲ့ရင်ထဲ အမြဲထည့်ထားပေးပါ . . သွားစို့ ဘော်ငွေ"

ဘော် သူ့ကို အရင်ဆုံး ဦးအောင် မျက်နှာလွှဲပစ်လိုက်မိပါသည်။ ရင်ထဲကသောကနှင့် နာကျင်မှုဆီကနေ ငွေ့ရည်ဖွဲ့လာခဲ့သော မျက်ရည်တို့ကို သူ မမြင်စေချင်သော ကြောင့်ဖြစ်ပါသည်။

●







အချစ်ဆိုတာ
အလိုအလျောက်ဖြစ်လာတာတို့
အချစ်မှာ အကြောင်းပြချက်မရှိတို့
အချစ်ဆိုတာ လုပ်ယူဖန်တီးယူလို့မရဘူးတို့
ဆိုတာတွေဟာ အလကားရယ် . . .
ငါလိုချင်တဲ့ ဘဝတစ်ခုကိုသာရမယ်ဆိုရင်
အချစ်ကို ငါ ဖန်တီးယူတတ်ပါတယ် . . .



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၇



www.burmeseclassic.com

www.burmeseclassic.com



အခန်း - ၇

အရာရာသည် 'သည်း'အတွက်တော့ ကံကောင်းလွန်းစွာ၊ ဘော့အတွက်တော့ တိတ်ဆိတ်နာကျင်လွန်းစွာ စနစ်တကျ ပြောင်းလဲသွားခဲ့ပါသည်။ 'သည်း'၏မျက်နှာကလေးက ဘဝမှာ လိုတရ ပြည့်စုံသူတစ်ယောက်၏ ပျော်ရွှင် ကျေနပ်မှုဖြင့် လှပလင်းဖြာလျက် ရှိသည်။

"စက်ဘူမှာ ဆယ်ရက် သူမမေနဲ့ အတူနေခွင့် ရလိုက်တာဟာ ငါ့အတွက်တော့ အခွင့်အလမ်း တံခါးတစ်ချပ်ကို ဖွင့်ခွင့်ရလိုက်သလိုပဲ ဘော်ဘော်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ အန်တီနဲ့ငါ အရမ်းချစ်သွားတယ်၊ တစ်ယောက်နဲ့ တစ်ယောက် စရိုက်ချင်း .. တိုက်(ပ်)ချင်း .. အကြိုက်ချင်းလည်း အရမ်းတူတယ်ဟာ၊ အန်တီက ခေတ်မီလွန်းတော့ အရွယ်ကွာပေမယ့် သူငယ်ချင်းတွေလို ညီအစ်မတွေလို ပဲ ပေါင်းလို့ရတယ် သိလား၊ နင် ငါ့ရဲ့ အစွမ်းအစကို သိတယ်မှုလား 'ဘော်'ရယ်၊ ဆယ်ရက် အတွင်း ယောက္ခမလောင်းကို အပိုင်သိမ်းသွင်းပစ်လိုက် နိုင်တာ အန်တီ့ခမျာ သမီး သမီးနဲ့ တသသကို စွဲကျန်ရစ် ခဲ့ရှာတာ၊ ငါလည်း တစ်ဘဝလုံးစာပရော့ဂျက်ဆိုတော့ အပိုင်အနိုင်ကို အလိုက်သိပစ်ခဲ့လိုက်တယ်၊ အန် ကယ်လ်နဲ့အန်တီ့ကို ကိုယ့်မိဘတွေလိုပဲ မနက်မိုးလင်း ရင် breakfast ကစလို့ ညစာဆိုလည်း ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြုစုပေးလိုက်တယ်ဟာ၊ ငါ့လက်ရာကို နင်သိ တယ်မှုလား၊ မြီးရှည်နဲ့ ကြက်ဆီထမင်းဆို အသည်းစွဲ ခိုက်၊ အန်တီက ငါ့ကို တီးခေါက်အစ်အောက်တာ ကလေးတွေ လုပ်လာတယ်၊ ချွေးမလောင်း အင်တာဗျူး သလိုပေါ့၊ သူ့သားနဲ့ အခြေအနေကို မေးတော့ ငါလည်း ဘာလိုလို ညာလိုလို မယုတ်မလွန်ကလေးပဲ ပါးနပ်ရ



တာပေါ့ဟာ၊ အန်တီက ငါ့ကို အမှတ်အပြည့် ပေးထား ပုံရတယ်၊ သူ့သားနဲ့ငါ့ကို သဘောတူတယ်ဆိုတဲ့အထိပါ ဖြစ်လာတာဟာ .. သိတယ်မှုတ်လား၊ ငါ့လို သမီး လေးမျိုး လိုချင်လှပါရဲ့တွေ ဘာတွေဖြစ်လို့ .. အဟား ဟား၊ ငါလေ စင်္ကာပူမှာ နေကြည့်လိုက်မှ အဲဒီဘဝမျိုး ကို ငါ ပိုပြီး လိုချင်မက်မောလာခဲ့တယ်ဆိုတာ နင့်ကို အရိုးသားဆုံး ဝန်ခံလိုက်မယ် 'ဘော်'ရေ၊ ငါ တကယ် နေချင်တဲ့ ဖြစ်ချင်တဲ့ ဘဝကလေးပဲ၊ ယောက္ခမတွေက လည်း ဖူးဖူးမှုတ် ချစ်ခင်ကြမယ့် အနေအထား၊ စင်္ကာပူ နဲ့ရန်ကုန်ကို အိမ်ဦးနဲ့ကြမ်းပြင်လို ကူးချည်သန်းချည် သွားနေလို့ရတယ်၊ ကဲ .. ဘာလိုသေးလဲ၊ ကိုဇွဲ ငါ့ကို propose လုပ်ဖို့ပဲ ကျန်တော့တယ် ကဲ"

"လုပ်မှာပါ 'သည်း'ရယ်၊ နင် ဒီလောက်ချစ်ဖို့ကောင်းတဲ့ ဥစ္စာ၊ ဘာမှတွေးမနေနဲ့ သတို့သမီးဝတ်စုံသာ ကြိုချုပ် ထားတော့ .. သိလား"

'ဘော်' အလိုက်တသိပြောရသည်။ ဤမျှ မျှော်လင့်ချက်တွေ ရှင်သန်မြင့်မားလွန်းနေသော 'သည်း'ကို ဘယ်လိုအကြောင်းမျိုးနှင့်မှ မရှုံးနိမ့်မနာကျင်စေချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်ပိုင်းမှာတော့ 'ဘော်'သည် ကိုယ့်ကိုယ်ကိုယ် အလုပ်တွေထဲမှာပဲ မြုပ်နှံထားခဲ့ပါသည်။ သူ့ကို အတတ်နိုင်ဆုံး မဆုံမိအောင် ကြိုးစားရှောင်တိမ်းပါသည်။ 'ဘော်'က သူနှင့် ဝေးသထက်ဝေးအောင် ပြေးနေချိန်မှာ 'သည်း'ကတော့ သူနှင့် နီးသထက်နီးအောင် တိုးကပ်လျက်ရှိမှန်း 'သည်း'ဆီက စကားတွေဖြင့် 'ဘော်' သိခွင့်ရနေခဲ့ပါသည်။

သူ နားမလည်နိုင်ပါ။ မိန်းကလေးတွေ၏အထာကို သူ ဘယ်တုန်းကမှ လိုက်လို့မမီခဲ့။ သူ တန်ဖိုးထားမြတ်နိုးမိသော မိန်းကလေးက သူနှင့်ဝေးနိုင်သမျှ အဝေးဆုံးဆီ ရှောင်တိမ်းခဲ့သည်။ သူ ဘယ်လိုမှ နားမလည်နိုင်သော နှစ်သက်လေးစားကြည့်ရှုမရသော တခြားမိန်းကလေးက သူနှင့် အနီးဆုံးဆီ တရှိန်ထိုး ပြေးဝင်ငြိတွယ်လာခဲ့သည်မှာ သူ ရှောင်တိမ်းလို့ပင် မရခဲ့။ 'သည်း'ဆီက လှုပ်ရှားမှုတွေက ဒီရက်ပိုင်းတွေမှာ မယုံနိုင်လောက်အောင် ခြေလှမ်းစိပ်ကာ အရှိန်အဟုန်ကလည်း ပြင်းထန်လှပါ၏။ 'သည်း'ကို အမိကပံ့ပိုးထောက်ခံ တွန်းအားပေးနေသူမှာ သူ့မေမေဖြစ်သည်။ ခုတလော ဖုန်းပြောတိုင်း Skype မှာတွေ့တိုင်း e-mail ပို့တိုင်း 'သည်း' 'သည်း' ဆိုတာချည်း အစ်ကြောင်းထပ်နေတာကို သူ နားမလည်နိုင်။ 'သည်း'ကို မေမေ ဘာကြောင့် အဲဒီလောက် တသသစွဲမက်သွားခဲ့မှန်းလည်း သူမသိ။ သူ သိတာတော့ မေမေနှင့်'သည်း'သည် တော်တော်ကာလာတူကြသည်။

www.burmeseclassic.com



စရိုက်ချင်းလည်း တူလွှန်းသည်။ ပလဲနံပ,သင့်လွန်းပါ၏။

'သည်း'ဆီက ဖုန်းတွေဝင်လာလိုက် . . ဟိုဆိုင် ဒီဆိုင်မှာ ဆုံဖို့ချိန်းလိုက် လမ်းကြုံသလိုလို မတော်တဆလိုလိုနှင့် သူ့ရုံးဆီ 'သည်း'ရောက်လာလိုက်နှင့် သူတို့ အတွေ့အဆုံတွေ ခပ်စိပ်စိပ်ဖြစ်လာခဲ့ကြသည်။ အံ့ဩစရာတော့ ကောင်းပါသည်။ 'သည်း'က အလွန်လှပစွဲမက်ဖွယ် ကောင်းလွန်းလှပါသည်။ သို့သော် သူနှင့် စကားပြောလို့မရ။ သူပြောချင်သော ပညာရေး ဆိုင်ရာတွေကို 'သည်း' လုံးဝ စိတ်မဝင်စား လိုက်မမီသလို 'သည်း'ပြောသမျှ အလှအပရေးရာတွေ၊ ဒီဇိုင်နာ brand တွေကို သူ လုံးဝ စိတ်မဝင်စားနိုင်။ အဲဒီတော့ ဘာသာစကားချင်း မတူညီသော လူမျိုးခြားနှစ်ယောက် ဆုံတွေ့ကြသလိုပင် သူလည်း သူပြောချင်တာပြော၊ တစ်ဘက်ကလည်း ပြောချင်ရာပြောနှင့် နှစ်ယောက်စလုံး နားမလည်နိုင်။

မေမေကတော့ သူမ၏သဘောထားကို အတိအလင်းပင် ဖွင့်ဟခဲ့ပြီ။

"နေပါဦးသားရဲ့၊ သားတို့ ဘာကို အချိန်ဆွဲနေကြတာလဲ၊ နှစ်ယောက်စလုံး အရွယ်လွန်တော့မယ်၊ အလုပ်အကိုင်ကိုယ်စီနဲ့ အသီးသီးလည်း အောင်မြင်နေကြပြီ၊ ဘယ်တော့လက်ထပ်ကြမှာလဲ . . ပြော၊ မေမေ ဒီတစ်ခေါက်ပြန်လာရင် စေ့စပ်ပြီး လက်ထပ်လိုက်တော့ သားရယ်၊ မေမေကတော့ သည်းလေးကို အရမ်းချစ်တယ်၊ ဘယ်ဘဝကရေစက်မှန်းကို မသိဘူး၊ ကလေးမလေးက အရမ်းအလိုက်သိတတ်လွန်းတယ်၊ လိမ်လည်းလိမ္မာတယ်၊ မေမေတို့ သမီးကလေးထပ်ရသလိုပဲ အားကိုးရမှာ၊ မေမေနဲ့ဆို အရမ်းအလွမ်းသင့်တာပဲ၊ ခုဆို နေ့တိုင်း Skype မှာ ဆုံကြတယ်၊ စကားပြောကြတယ်၊ 'သည်း'က အရမ်းချစ်ဖို့ကောင်းတယ် သားရဲ့၊ မေမေတော့ အရမ်းချစ်တာပဲ၊ သား မြန်မြန် လှုပ်ရှားကွာ"

ဟု . . မေမေက သူ့ကို တဂျီဂျီနားပူနားဆာတိုက်နေပြီ။ သူ့ဘက်က 'သည်း'ကိုချစ်တယ်လို့လည်း တစ်ခါမှ မပြောခဲ့ပါဘဲ ဘယ့်နှယ်ကြောင့် သူတို့နှစ်ယောက်ကို ချစ်သူစုံတွဲအဖြစ် မေမေ သတ်မှတ်လိုက်မှန်း သူ လိုက်မမီတော့။

"သား အချိန်ဆွဲမနေနဲ့၊ မိန်းကလေးဘက်ကိုလည်း ငဲ့ညှာထောက်ထားဦး၊ ဒီလိုမိန်းကလေးမျိုး သား နောက်ထပ် မတွေ့နိုင်ဘူးနော်၊ သား နောင်တ,မရစေနဲ့"

"မေမေက သားကို ဘယ်လိုဖြစ်စေချင်တာလဲ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘက်က မလှုပ်မယှက်ရှိတာကိုပဲ မေမေတာ ဆွေ့ဆွေ့ခုန်လှပြီ . . .။

"ဟယ် .. ကြည့်စမ်း . . .၊ မေးနေပုံက ဘယ်လိုဖြစ်စေချင်ရမလဲ၊ သားတို့နှစ်ယောက်ကို လက်ထပ်ပွဲလုပ်ပေးချင်လှပြီလေ၊ သား သည်းကို အမြန်ဆုံး propose လုပ်တော့ပေါ့၊ မီးခံသေတ္တာထဲမှာ ဖေဖေ့တုန်းက မေမေ့ကို propose လုပ်ခဲ့တဲ့ နီလာကို စိန်ကွပ်ထားတဲ့ ရွှေလက်စွပ်ကလေးရှိတယ်၊ အဲဒါလေးနဲ့ သည်းကို နေ့ကောင်းရက်မြတ်ရွေးပြီး propose လုပ်ပေါ့ သားရဲ့၊ မေမေ ပြန်လာဖို့လိုသေးလား သားရဲ့၊ အဲဒီလောက် မတုံးစမ်းနဲ့လေ၊ ခပ်သွက်သွက်ကလေး လှုပ်ရှားမှပေါ့ ဟဲ့"

သူ သက်ပြင်းသာ ဖွဖွချမိသည်။ 'ဘော်'နှင့်တစ်သက်လုံး နီးနီးရှိဖို့အတွက် ဘော့်အချစ်ဆုံးသူငယ်ချင်းကို သူ လက်ထပ်ရမည်ဆိုတာ အဓိပ္ပာယ်မှရှိပါရဲ့လား။ သူ လိုက်လေပြေးလေ ဝေးလေဖြစ်သော 'ဘော့်'အနားကိုရောက်ဖို့ 'သည်း' ၏ လက်ကို သူ အရင်းဆုံးတွဲရမည်လား . . .။ 'ဘော်' နှင့် မတွေ့ဖြစ်တာ ဘယ်လောက်ကြာပြီလဲ။ တမင်တကာ ရှောင်ပုန်းသူမို့ တွေ့ဖို့ခက်လှပါသည်။ နောက်ဆုံးတော့ ဆုံးဖြတ်ချက်တစ်ခုကို သူ မျက်လုံးစုံမှိတ်ပြီး ချခဲ့လိုက်ပါသည်။

●





www.burmeseclassic.com

www.burmeseclassic.com

'သည်း'သည် နွေနေ့လည်အိပ်မက်တစ်ခု မက်နေခဲ့သလို တစ်ကိုယ်လုံး ငှက်တောင်မွေးကလေးတစ်ခုလို မျောလွင့်လို့နေခဲ့ပါ၏။ သူလှမ်းပေးသော ကတ္တီပါနက်ပြာဗူးကလေးထဲက နီလာစိန်ကွပ် လက်စွပ်ကလေးကြောင့် တလှပ်လှပ် ရင်ခုန်လှုပ်ရှားတိမ်းမူးလာခဲ့မိသည်။

"ကိုယ့်ကို လက်ထပ်နိုင်မလား 'မသည်း' "

သူ့အသံက မပီမသ တိုးဖွဖွ။ အိပ်မက်ထဲမှာ ယောင်ယမ်းသူတစ်ယောက်နှင့် ခပ်ဆင်ဆင်။

"လှလိုက်တဲ့ လက်စွပ်ကလေး ကိုဇွဲရယ်၊ 'သည်း' မငြင်းနိုင်ပါဘူး၊ ဟန်လည်း မဆောင်ချင်ပါဘူး၊ ဒီအချိန် ဒီ moment ကလေးကို မျှော်လင့်နေခဲ့မိတာ ကြာပေါ့ရှင်"

ဟု 'သည်း'က စိတ်လှုပ်ရှားစွာဖြေရင်း လက်စွပ်ကလေးကို ညာဘက်လက်သူကြွယ်ကလေးမှာ ချက်ချင်းပင် ဝတ်ထားလိုက်မိသည်။ မတော်တဆ အခြေအနေတစ်ခု ပြန်လည်ပြောင်းလဲသွားမှာ စိုးမိသည့်အလား။ သူ့မျက်နှာဆီ ညို့ရီစွာ လှမ်းကြည့်မိတော့ သူက 'သည်း'ကို ငေးကြည့်နေခဲ့သည်။ သူ ပြုံးနေခဲ့လိမ့်မည် ထင်ခဲ့မိပေမယ့် သူ မပြုံးပါ။

"ကိုဇွဲ 'သည်း'ကို ချစ်သလားဟင်"

'သည်း' သိချင်စွာမေးလိုက်မိတော့ သူက ပြုံးကာ. . .

"မမေက ဒီတစ်ခေါက် သူပြန်လာရင် စေ့စပ်ပွဲကလေးလုပ်ပြီး ကိုယ်တို့နှစ်ယောက်ကို အမြန်ဆုံး လက်ထပ်စေချင်တယ်၊ 'မသည်း' ဘယ်လိုသဘောရသလဲဟင်"

ဟု ပြန်မေးလေသည်။ သူ စကားလမ်းကြောင်းပြောင်းလိုက်တာလား။ 'သည်းကိုချစ်တယ်' ဟု သူ ဘာကြောင့် စ,မပြောခဲ့တာပါလိမ့်။ ဘာပဲဖြစ်ဖြစ် 'သည်း'လိုချင်တာလည်း သူနှင့် လက်ထပ်ခွင့်ပဲမှုလား။ ဘာတွေကို မျှော်လင့်နေရဦးမှာလဲ . . .။

"ကောင်းသားပဲ ကိုဇွဲ၊ အန်တီနဲ့ Skype မှာတွေ့တိုင်း အန်တီကလည်း အဲဒါကိုပဲ အမြဲတိုက်တွန်းနေတာပါ၊ 'သည်း'က ကိုဇွဲဘက်က တရားဝင် propose မလုပ်သေးသရွေ့ ခေါင်းညိတ်လို့မှမရတာ"

"ဆောရီးပါ 'မသည်း'ရယ်၊ လက်ထပ်ဖို့ကိစ္စတွေ 'မသည်း'





www.burmeseclassic.com

www.burmeseclassic.com

စိတ်ကြိုက် အားလုံး စီစဉ်ပါ၊ ကိုယ့်ဘက်က ဘာမှ ငြင်းဆိုစရာ၊ သဘောမတူစရာ မရှိဘူးနော်၊ မေမေနဲ့ တိုင်ပင်ပြီး 'မသည်း'စိတ်တိုင်းကျသာ လုပ်ပါ . . ဟုတ်လား၊ အဲဒီဘက်အပိုင်းတွေ ကိုယ် နားမလည် ဘူး၊ မကျွမ်းလို့ပါ . . ."

" 'သည်း'ကလည်း အဲဒီအတိုင်းပဲ ကြိုက်ပါတယ်ရှင်၊ 'သည်း'ရဲ့ မင်္ဂလာပွဲကို 'သည်း'စိတ်ကူးထားခဲ့သမျှပုံစံ အတိုင်း 'သည်း' စီစဉ်မယ်နော်၊ ကိုဇွဲ ကျေနပ်သဘောတူရင်ပြီးရောပေါ့"

'သည်း'က တက်တက်ကြွကြွကလေး ပြန်ပြောမိသည်။ ဘဝမှာ အဖြစ်ချင်ဆုံးသောဆန္ဒတစ်ခု ပြည့်ဝလိုက်သဖြင့် 'သည်း'လောက် ရင်ခုန်ပျော်ရွှင်မိသူ ဒီကမ္ဘာမှာ ရှိလိမ့်မယ်တောင် မထင်ပါ။ ပျော်ရွှင်စရာနှင့်ကြုံတိုင်း ပထမဆုံး မျှဝေခံစားဖော် ဘော့်ဆီပြေးတွေ့ချင်စိတ်တွေ တားမရ ဆီးမရ။ သူနှင့် လမ်းခွဲပြီးချိန်မှာ 'သည်း' မစောင့်နိုင်ဘဲ ဘော့်ရုံးခန်းဆီသို့ တန်းတန်းမတ်မတ် ပြေးလာခဲ့မိသည်။



'ဘော်'က ထုံးစံအတိုင်း အလုပ်တွေရှုပ်လို့။ 'သည်း' ကိုမြင်တော့ တအံ့တသြပြုံးကာ . . .

"ဟဲ့ . . 'သည်း'၊ ဖုန်းမဆက် ဘာမဆက်နဲ့ . . ဘာတုံး" ဟု မေးသည်။ 'သည်း'က နှုတ်ခမ်းကလေးကိုက်ကာ အားပါးတရ ပြုံးရင်း 'ဘော့်'မျက်နှာရှေ့မှာ 'သည်း'ရဲ့ လက်ဖမိုးကလေးကို ထောင်ပြလိုက်သည်။

"သူ ငါ့ကို ပရိုပို့(စ်)လုပ်ခဲ့ပြီ 'ဘော်'၊ သူ့ကို ငါ လက်ထပ်ဖို့ ခေါင်းညိတ်လိုက်ပြီ"

"ဟင် . . ."

'ဘော့်'မျက်နှာကလေး ရုတ်ချည်း ငြိမ်သက်သွားပြီးမှ 'သည်း'ကို အားပါးတရ ပြေးဖက်လာခဲ့သည်။ အခန်းကလေးထဲမှာ တစ်ယောက်ကိုတစ်ယောက် ခပ်တင်းတင်းဖက်ထားကာ ပတ်ချာလည်လှည့်ရင်း 'ဘော့်' ကျောပြင်ကလေး တသိမ့်သိမ့်ခါလာတာ၊ 'သည်း'၏ ပခုံးစွန်းဆီမှာ စိုစွတ်သော အထိအတွေ့ကို ခံစားမိတာကြောင့် 'သည်း' တအံ့တသြဖြင့်



www.burmeseclassic.com

www.burmeseclassic.com

'ဘော့်'ကိုယ်ခန္ဓာတလေးကို ဆွဲခွာလိုက်မိသည်။

"ဟယ် . . 'ဘော်' . . နင် ငိုနေတယ်!"

'ဘော့်'ပါးပြင်မှာ မျက်ရည်စီးကြောင်းကလေး နှစ်ကြောင်း ဖြတ်စီးလျက်ရှိပြီး မျက်နှာကလေး နီးမြန်းနေ သည်။

"ငါ နင့်ကို နှမျောလို့ပါ 'သည်း'ရယ်၊ နင် ချစ်တဲ့လူရသွားပြီဆိုတော့ ငါ့ကို အချစ်လျော့သွားမှာ ငါ မနာလိုလို့ပါ"

'ဘော့်'အသံကလေးက ကြေကွဲဆို့နစ်လျက်။ 'သည်း' တကယ်စိတ်မကောင်းဖြစ်သွားပါသည်။ 'ဘော့်'ကို ပို၍ ခပ်တင်းတင်း ပွေ့ဖက်မိ၏။

"ဘော်ဘော်ရယ်၊ နင်ဟာ ငါပြီးရင် ဒုတိယအချစ်ဆုံး လူသားတစ်ယောက်ပါ။ နင့်ကို ဘယ်သူ့ထက်မဆို ငါ ပို ချစ်ပြီးသားပါ။ ငါ ဘာကြီးပဲဖြစ်သွားဖြစ်သွား ဘယ်ဘဝပဲ ရောက်ရောက် နင့်ကိုချစ်တဲ့အချစ်က မပြောင်းဘူး ဘော်၊ အဲဒါ ငါ့ရဲ့ သစ္စာပါ။ နော် ဘော်ဘော်၊ အခု ငါ အရမ်းပျော်နေတယ်၊ ဒီအပျော်ကို နင်နဲ့အတူ ငါလာပြီး မျှဝေခံစားတာ၊ နင်လုပ်စရာရှိ တာတွေလုပ်၊ ပြီးရင် ငါတို့နှစ်ယောက်တည်း တစ်နေရာ သွားပြီး celebrate လုပ်ရအောင်"



"အိုကေ . . 'သည်း'၊ ငါ့ကို နာရီဝက်ပဲ အချိန်ပေး၊ လုပ်စရာရှိတာတွေ ငါ ခပ်သွက်သွက်လုပ်လိုက်မယ်"

"ငါ အရမ်းကံကောင်းတယ်နော် 'ဘော်'၊ ငါ လိုချင်တဲ့ ဆုမှန်သမျှ ပြည့်ခဲ့တာချည်းပဲ"

"နင် သူ့ကိုရောချစ်ရဲ့လား 'သည်း' "

"ဪ ဘော်ဘော်ရယ်၊ ယောကျ်ားတစ်ယောက်ကို ငါ မချစ်နိုင်ဘဲ လက်ထပ်ဖို့အထိ စဉ်းစားပါ့မလား ဝတီမ ရဲ့၊ အချစ်ဆိုတာ အလိုအလျောက်ဖြစ်လာတာတို့၊ အချစ်မှာ အကြောင်းပြချက်မရှိတို့၊ အချစ်ဆိုတာ လုပ်ယူဖန်တီးယူလို့ မရဘူးတို့ ဆိုတာတွေဟာ အလကား ရယ်၊ ငါ့အတွက်တော့ ငါလိုချင်တဲ့ ဘဝတစ်ခုကိုသာ ရမယ်ဆိုရင် အချစ်ကို ငါ ဖန်တီးယူတတ်ပါတယ်၊ နင့်ကို ငါပြောမယ်၊ ဘဝမှာ ပျော်ရွှင်ခြင်းဥပဒေဆိုလို့ ငါးချက် ပဲရှိတယ်၊ နှလုံးသားထဲမှာ အမုန်းကင်းကင်းနေ၊ စိတ်ထဲမှာ ပူပန်ကြောင့်ကြတွေ ရှင်းရှင်းနေ၊ ရိုးရှင်းစွာ နေထိုင်၊ ပေးစရာရှိတာကို ပိုပေး၊ နည်းနည်းပဲမျှော် လင့် . . . တဲ့၊ ဒါပဲ. . . ငါ သူ့ဆီက အများကြီးလည်း မျှော်လင့် မထားပါဘူး၊ ငါ့ကို အရူးအမူး အသည်းအသန် သူ မချစ်









www.burmeseclassic.com

www.burmeseclassic.com

လည်း ဂရုမစိုက်ပါဘူး၊ propose လုပ်တာ တောင် will you marry me ဆိုတာပဲပြောတာ၊ ငါ့ကို ချစ်တယ်လို့ သူ မပြောသေးဘူး၊ ဒါပေမယ့် ခုချိန်မှာ ငါ အဲဒါကို အုံးစားမနေဘူး၊ အရေးကြီးတာက ငါ လိုချင်တဲ့ဘဝတစ်ခု ရရင် ကျေနပ်ပြီ”

'သည်း'ပြောသမျှကို 'ဘော်'က အငေးသားက လေး နားထောင်လို့နေခဲ့သည်။





ကိုယ်မချစ်တဲ့လူတစ်ယောက်ကို
ချစ်တဲ့သူ့ရဲ့ရှေ့မှာ
လက်ထပ်ဖို့ ပြင်ဆင်နေရတာ
ထင်သလောက်တော့
မလွယ်လှပါလား ...



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ··· ၈



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားစကားဝှက်
PASSWORD

အခန်း - ၈

'လှလှပပ ထုပ်ပိုးထားသော ပါကင်ထုပ်ကလေးကို ရုံးခန်းထဲက စားပွဲပေါ်မှာ မြင်လိုက်ရသည်နှင့် 'ဘော့'နှလုံးသားက ခပ်ပြင်းပြင်း ဆောင့်လို့ခုန်သွားခဲ့ပါ၏။ ဒီလို ပါကင်ထုပ်ကလေး မြင်လိုက်ရရုံနှင့် ဘယ် သူ့ ဆီ က လဲ ဆို တာ 'ဘော်' သိပြီးသား။ အထုပ်ကလေးကို ခပ်သွက်သွက်ပဲ ဖြည်လိုက်မိပါသည်။ မြင်လိုက်ရသော crystal နာရီ ပုံစံကလေးက 'ဘော့' နှလုံးသားကို တစ်ခုခု စိုက်ဝင်သွားသလို စူးစူးရှရှခံစားလိုက်ရ၏။ မဂ်လာ သတို့သမီး ဝတ်စုံကလေးနှင့် မိန်းကလေးကို သတို့





www.burmeseclassic.com

www.burmeseclassic.com

သားက ခပ်ဖွဖွနမ်းမွှေးနေသည့်ပုံရိပ်ကလေးပါ။ သူ့လက်ရေး ပါသော ကဒ်ကလေး တစ်ခုကို ဖတ်လိုက်ချိန်မှာ မျက်ရည်တို့ ဝေ့သီလာခဲ့ပြီ။

ဘော်ငွေ

ကိုယ့်ကို နောက်ဆုံးအခွင့်အရေးကလေးတော့ ပေးသင့်ပါတယ်၊ ရှောင်ပုန်းနေရတာ မပင်ပန်းဘူး လား။ ကိုယ်တွေ့ချင်တယ်၊ Fuji မှာ ဆုံရအောင်နော်၊ ညနေ ငါးနာရီအတိ စောင့်နေမယ် . . .

ချစ်ခြင်းဖြင့် . . .

ဇွဲဆု . . .

'ချစ်ခြင်းဖြင့်' ဆိုသော စာသားကလေးကို မျက်တောင်မခတ် စိုက်ငေးကြည့်ရင်း ရင်ထဲ နင့်ခနဲ နာကျင်မိ သည်။ ဘဝမှာ ကိုယ် စူးစူးနစ်နစ် သိပ်ချစ်နေမိသူတစ်ယောက် ကို 'ချစ်တယ်' ဟု ဖွင့်ဟဝန်ခံခွင့်မရတာဟာ ဘယ်ဘဝက ဝဋ်ကြွေးကြောင့်ပါလဲ။ သူ့ကို ချစ်နေမိသည်။ အဲဒါကို သူ သိအောင် ပြောပြခွင့် ဘယ်တော့မှမရနိုင်တော့တာလည်း သေချာပါသည်။ နာရီကလေးကို 'ဘော့်'ရဲ့ စားပွဲပေါ်မှာ အလှတင်ထားလိုက်ပြီး ကဒ်ကလေးနှင့် ဖူးကိုတော့ လျှို့ဝှက်သော





နေရာကလေးတစ်ခုမှာ လုံလုံခြုံခြုံ သိမ်းဆည်းထားလိုက်၏။ သတ္တိရှိလာသောတစ်ချိန်ကျမှ ဒီစာတန်းကလေးကို ဆုတ်ဖြဲဖျက်ဆီးပစ်ပါမည်။ သူ့အတွက်ရော 'ဘော့်'အတွက်ပါ နောက်ဆုံးအခွင့်အရေးကလေးအဖြစ် Fuji House ကိုသွားဖို့ 'ဘော်' စိတ်ဆန္ဒကို အလိုလိုက်ခဲ့မိပါသည် . . .။



www.burmeseclassic.com

www.burmeseclassic.com



Fuji House ၏ သီးသန့်ခန်းကလေးထဲမှာ သူနှင့် 'ဘော်' နှစ်ယောက်တည်း စကားတွေများစွာ ရင်ထဲမှာ အပြည့် ရှိသော်လည်း တကယ်တမ်းကျတော့ တစ်ခွန်းမှ ထွက်မလာ နိုင်လောက်အောင် ရင်ထဲ နင့်လျက်ရှိ၏။ သူက 'ဘော်'ကို ရတနာ တစ်ခုကို စေ့စေ့စပ်စပ် အကဲခတ်လျက်ရှိသောသူတစ် ယောက်လို လေးနက်နက်ရှိုင်းသော အကြည့်များဖြင့် စိုက်ငေး လို့ . . .။

"စိတ်ညစ်နေလား 'ဘော်' . . ."

သူ့အသံက တိုးလျှညင်သာလွန်းသည်။

"ဟင့်အင်း . . . ကျွန်မက ဘာကို စိတ်ညစ်ရမှာတုံး ကိုဗွဲ့ရဲ့"

"ဘော်ငွေ့ကြည့်ရတာ နွမ်းလျနေသလိုပဲ၊ မပျော်တဲ့ရုပ် ထွက်နေတယ်"

"မဟုတ်ပါဘူး၊ အလုပ်ကတန်းလာလို့ပါ၊ အလုပ်ပင်ပန်း လို့ပါ ကိုဗွဲ"

"မတွေ့ရတာ ကြာပြီနော်၊ ကိုယ် နေ့တိုင်း သတိရနေ တာ၊ လွမ်းလည်းလွမ်းတယ်၊ ဘော်ငွေက သိသိသာသာ ကို ရှောင်နေတော့ ကိုယ် ဘာလုပ်ရမှန်းမသိဘူး၊ သူ ငယ်ချင်းတွေပဲ၊ တွေ့ချင်တိုင်းတွေ့ခွင့်မရှိရဘူးလား"

"အခြေအနေက မတူတော့ဘူးလေ ကိုဗွဲ၊ ကိုဗွဲမှာ 'သည်း' ရှိနေပြီလေ"

"အဲဒါကို ကိုယ် ပြောမယ်၊ ကိုယ် 'သည်း'ကို propose လုပ်လိုက်တာ ဘော်ငွေ့ရဲ့ဆန္ဒ၊ မေမေ့ရဲ့ဆန္ဒ၊ ကိုယ် ချစ်တဲ့မိန်းမနှစ်ယောက်ရဲ့ အလိုကို လိုက်ခဲ့တဲ့သဘော ပါ၊ ပြီးတော့ ကိုယ် ဘော်ငွေနဲ့ အဝေးကြီးမှာ မနေချင် ဘူး၊ ဘော်ငွေ့ကို နီးနီးမြင်ခွင့်ရချင်တယ်၊ အဲဒါကြောင့် 'သည်း'အနားကို ရောက်လာခဲ့တာ၊ ကိုယ် 'သည်း'ကို လုံးဝ မချစ်ဘူး 'ဘော်'၊ 'ဘော်'ကိုချစ်နေတယ်ဆိုတဲ့ အသိ၊ 'ဘော်' ရင်ထဲမှာရှိနေရင် ရပြီ . . ."

"ဟင့်အင်း . . . တော်ပြီ ဆက်မပြောနဲ့ ကိုဗွဲ"

'ဘော်' ခုတလော မျက်ရည်သိပ်လွယ်လွန်းနေ သည်။ သူ့စကားလုံးတိုင်းက 'ဘော်'နှလုံးသားကို ဆူးကလေး တွေနှင့်ပေါက်နေသလို တဆစ်ဆစ် အခံရခက်စေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူမဆို ကိုယ်ချစ်တဲ့လူနဲ့ပဲ ဘဝတလျှောက်လုံး လက်တွဲသွားချင်တာပေါ့ ဘော်ငွေ၊ အဲဒီ အခွင့်အရေးကို ဘော်ငွေက မပေးနိုင်ခဲ့တော့လည်း ကိုယ်ချစ်တဲ့လူနဲ့ နီးနီးနေခွင့် အမြဲတွေ့ခွင့်ရနေမယ့် လမ်းတစ်ခုကို ဖန်တီးရတာပေါ့၊ 'သည်း'နဲ့လက်ထပ်ပေးဖို့ မေမေကလည်း အရမ်းလောနေတယ်၊ 'သည်း'ကလည်း ပြင်းပြထက်သန်နေတယ်ဆိုတော့ ကိုယ် အချိန်သိပ်မဆွဲနေတော့ပါဘူး၊ 'သည်း'နဲ့လက်ထပ်ပြီးရင် ဘော်ငွေနဲ့ ပိုနီးလာနိုင်မယ်မှုလား၊ အချစ်ဆုံး သူငယ်ချင်းတွေဆိုတော့လေ၊ 'သည်း'နဲ့ပတ်သက်ပြီး 'ဘော်'အိမ်ကို အမြဲဝင် ထွက်လည်ပတ်နိုင်မယ်၊ အကြောင်းပြချက်အမျိုးမျိုးနဲ့ 'ဘော်'ကို လာတွေ့နိုင်မယ် . . ဟုတ်တယ်နော်"

ခုမှပဲ သူ့ရင်ထဲမှာ ဘယ်လောက်အေးစက်စူးရှသော အရွဲ့တိုက်လက်စားချေလိုမှုတစ်ခု ကိန်းဝပ်နေခဲ့မှန်း 'ဘော်' ခံစားလို့ရသွားခဲ့ပါသည်။ သူ့ကို အလန့်တကြား လှမ်းကြည့်လိုက်မိတော့ သူ့မျက်ဝန်းများက 'ဘော်'ဆီမှ မခွာသေး။

"ကိုဇွဲ ကျွန်မကို အရွဲ့တိုက်နေတာလား၊ လက်စားချေချင်တဲ့သဘောနဲ့ 'သည်း'ကို လက်ထပ်မှာလားဟင်"





သူ ပြုံးလိုက်၏။ သူ့အပြုံးကို ဘာသာပြန်နိုင်ဖို့ 'ဘော်'အတွက် ခုအချိန်မှာ သိပ်ခက်ပါသည်။

"ကိုယ် လက်စားချေရလောက်အောင် အောက်တန်းမကျပါဘူး ဘော်ငွေရယ်၊ ကိုယ် လက်တွေ့ကျတာပါ၊ မိန်းကလေးတစ်ယောက်ကို ကိုယ်တန်ဖိုးတထားနဲ့ ချစ်မြတ်နိုးမိတယ်၊ အဲဒီမိန်းကလေးက ကိုယ့်ကိုငြင်းပြီး သူ့သူငယ်ချင်းကို ကိုယ့်ကို ထိုးကျွေးတယ်၊ သူ့အချစ်ကို မပေးနိုင်တိုင်း သူ့ကို စိတ်ဆိုးစရာ အာဃာတ, ထားစရာမှ မရှိတာ၊ လက်စားချေဖို့ဆိုတာ ဝေလာဝေး၊ ကိုယ့်ရဲ့ဆန္ဒက ဘာလဲ၊ ကိုယ် အဲဒီမိန်းကလေးကိုပဲ ချစ်တယ်၊ ဘဝမှာ သူတစ်ယောက်တည်းကိုပဲ စွဲစွဲမြဲမြဲ ချစ်နေနိုင်တယ်၊ တခြားသူတစ်ယောက် သူ့နေရာမှာ အစားထိုးလို့မရဘူး၊ အဲဒါကို အဲဒီမိန်းကလေးသိနေရင် တော်ပြီ၊ ကိုယ်ကျေနပ်တယ်၊ ကိုယ် ဘယ်မိန်းကလေးကိုပဲ လက်ထပ်လက်ထပ် အဲဒီမိန်းကလေးကိုချစ်တဲ့ ကိုယ့်ရင်ထဲက အချစ်က ဘယ်တော့မှ ပြောင်းလဲသွားမှာ မဟုတ်ဘူး၊ အဲဒီအချစ်ကို သူ အမြဲတမ်းသိနေစေချင်တယ်၊ သိနေအောင်လည်း ကိုယ်က messages တွေ



www.burmeseclassic.com

www.burmeseclassic.com



အမြဲပို့နေမှာပဲ၊ အဲဒါ ကိုယ့်ရဲ့အချစ်လေ၊ ဘယ်သူ့ကိုမှ မထိခိုက်စေဘူးမှလား"

သူက ပညာရှိဆန်လွန်းစွာ သွေးအေးအေးဖြင့် ပြောပြနေသည်။ 'ဘော်'မှာတော့ နှလုံးသားကို ဆုပ်ညှစ်ချိုးလိမ်ခံရသလိုပဲ နာကျင်လွန်းလှပြီ။ ဘာတုံ့ပြန်စကားမှ ပြန်မပြောနိုင် . . .။

"လောကမှာ ကိုယ် သူ့ကိုချစ်တိုင်း လက်ထပ်ခွင့် ပေါင်းသင်းခွင့်ရချင်မှရတတ်တာ၊ အချစ်နဲ့ လက်ထပ်ခြင်း ဟာ အမြဲတမ်း တစ်သားတည်း ဘယ်ကျနိုင်ပါ့မလဲ၊ ကိုယ် လက်ထပ်ခွင့် ချစ်ခွင့်မရလိုက်တဲ့ ကိုယ့်ရဲ့ချစ် သူကို တစ်သက်လုံး တသသ အောက်မေ့နေရတဲ့ အရသာက လည်း ချစ်နည်းတစ်မျိုးပဲ ဘော်ငွေရဲ့၊ ကိုယ် လက်တွေ့ဆန်ချင်ပါတယ်၊ မဖြစ်နိုင်တာကို ဇွတ်ဖန် တီးပြီး drama အပြင်းစားတွေလည်း မဖန်တီးချင်ဘူး၊ အားလုံးကို ကျေကျေနပ်နပ်ပဲ ဖြစ်စေချင်တယ်၊ ဘော်ငွေလည်း ကျေနပ်တယ်မှလား"

'ဘော်' ခေါင်းတခါခါဖြင့်သာ မျက်ရည်များဖြင့် ပြုံးရယ်ဖို့ကြိုးစားမိသည်။





"အံ့ဩလိုက်တာ၊ ကိုဇွဲကို အရမ်းအံ့ဩတယ် သိလား"

ကျွန်မရင်ထဲမှာ ဘာတွေဖြစ်နေသလဲ . . ဘာတွေရှိနေသလဲ . . ကိုဇွဲ တကယ်ပဲ မသိတာလား မသိချင်ဟန်ဆောင်နေတာလား . . မသိချင်တော့တာလား။ 'ဘော်' အဲဒီစကားကို ရင်ထဲမှာပဲ အော်ကြီးဟစ်ကျယ် ပြောနေမိခဲ့သည်။ သူချစ်သမျှကိုတော့ 'ဘော်'ကို သိစေပြီး 'ဘော်'ချစ်သမျှကိုတော့ သူ ဘယ်တော့မှ ပြန်မသိချင်တော့ဘူးလား။ ဟင့်အင်း . . . 'ဘော်'မှာက စောင့်စည်းငဲ့ညှာရမည့် 'သည်း' ရှိနေသည်ကိုး။ ကိုယ့်သူငယ်ချင်းအပေါ် ဘယ်လိုအကြောင်းမျိုးနှင့်မှ သစ္စာမဖောက်ရက်ပါ . . .။ အို . . . 'ဘော်' ငိုချင်လိုက်တာ။





www.burmeseclassic.com

www.burmeseclassic.com



ကိုဇွဲ၏ မေမေနှင့်ဖေဖေ စင်္ကာပူကနေ ပြန်းခန် ရောက်ချလာတော့ 'သည်း'ကိုယ်တိုင်ပင် လေဆိပ်မှာ သွားကြို ခဲ့ပါသည်။ ကိုဇွဲနှင့်အတူတူပေါ့လေ။ တကယ်တော့ အန်တီနှင့် Skype မှာ စီစဉ်ထားခဲ့ပြီးသားပါ။ အန်တီတို့ပြန်လာခြင်း ဟာ လူကြီးဆုံရာနှင့် 'သည်း'ရဲ့မိဘတွေဆီမှာ လာရောက်စေ့စပ် တောင်းရမ်းကြဖို့ဖြစ်သည်။ အံ့ဩစရာကောင်းတာက စေ့စပ် ပွဲကိစ္စကို ကိုဇွဲဆီမှ တစ်ခွန်းမှ မထွက်။ အစစအရာရာ အားလုံး အန်တီကသာ ဦးဆောင်စီစဉ်နေခဲ့ခြင်းဖြစ်သည်။ အန်တီနှင့် 'သည်း'က ဖက်လှဲတကင်းရှိကာ နွေးထွေးသလောက် သူကတော့ တည်ငြိမ်လွန်းပါသည်။

"သမီးတို့ စေ့စပ်ပြီးရင် စင်္ကာပူတစ်ခေါက် လာလည် ဦးနော်၊ အန်တီတော့ ချွေးမလှလှ အလိမ္မာကလေး ရတော့မယ်ဆိုပြီး သားထက်တောင် ပိုပြီး စိတ်လှုပ်ရှား နေသေးတာ သိလား၊ မင်္ဂလာပွဲကို သမီးစိတ်ကြိုက်သာ စီစဉ်နော်၊ စင်္ကာပူမှာတစ်ကြိမ် ထပ်ဆောင်ရမယ်၊ ဘာ ဖြစ်လို့လဲဆိုတော့ အန်တီ့မိတ်ဆွေတွေက စင်္ကာပူမှာ အများကြီးရယ်၊ သတို့သမီးဝတ်စုံက သမီးစိတ်ကြိုက် ပြင်ဆင်မှာဆိုရင် ရတနာဆင်ဖို့ကိစ္စ အန်တီ့တာဝန် ထား၊ သမီးတစ်ကိုယ်လုံး စိန်တွေ ညှတ်နေအောင် အန်တီ ဆင်မယ် . . သိလား"

အန်တီကတော့ 'သည်း'ပင် လိုက်မမီအောင် အလွန်သွက်နေပါသည်။ အန်တီ သွက်လွန်းလေ သူ ငြိမ်သက် လွန်းတာက ပိုမိုသိသာထင်ရှားလေ။ စေ့စပ်ဖို့ရက်ကိုလည်း အန်တီနှင့်'သည်း'ပဲ နေ့ကောင်းရက်မြတ်ရွေးချယ်လိုက်ကြ သည်။ သူ တစ်ခွန်းမှ ဝင်မပါခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက်အတွက် ဘဝမှာ စိတ်လှုပ်ရှားရင်ခုန်စရာအကောင်းဆုံး နေ့တစ်နေ့ . . .။ 'သည်း' တို့၏ စေ့စပ်ပွဲကလေးကို TRADERS' ၏ ခေါင်မိုးပေါ်မှာ ကျင်းပခဲ့ခြင်းဖြစ်သည်။ နှစ်ဘက်လူကြီးစုံညီစွာနှင့် သူ့ဘက် ကိုယ့်ဘက် ဖိတ်ကြားထားသောဧည့်သည်တွေစုံစုံညီညီ။ 'သည်း' သည် ကိုယ့်ဝတ်စုံကလေးကို ကိုယ်တိုင်စိတ်တိုင်းကျ ဒီဇိုင်းထွင်ကာ အိပ်မက်ဆန်ဆန်ကလေးဖန်တီးခဲ့သည်။ ပါးလွှသော ဇာအဖြူ ဝတ်စုံလှလှကလေးနှင့် လှပကြော့မော့ လျက်ရှိသော 'သည်း'၏ မျက်နှာကလေးပေါ်မှာ အစစ အရာရာကို စိတ်တိုင်းကျ နှစ်သက်ကျေနပ်နေသော အငွေ့အသက်တို့က ထင်ရှားလို့။ 'သည်း'၏ နံဘေးမှာ 'သည်း' အချစ်ဆုံး 'ဘော်'လည်း ရှိနေပါ၏။ 'သည်း'နှင့် မျက်နှာချင်း ဆိုင်မှာ ကိုဇွဲ ထိုင်လျက်ရှိသည်။ ကိုယ့်အလှအပအပေါ် အမြဲတမ်း ၁၀၀% ယုံကြည်စိတ်ချမှု အပြည့်ရှိခဲ့သော 'သည်း'က ကိုဇွဲ 'သည်း'ကို မကြာခဏ လှမ်းကြည့်နေခဲ့လိမ့်မည်ဟု ယုံကြည်ထားခဲ့သည်။

# နှလုံးသားရဲ့ PASSWORD

စေ့စပ်ပွဲ စတင်ပါပြီ . . .။ ကိုဇွဲတို့ဘက်မှ ဂုဏ်သရေရှိလူကြီးတွေ၏ ကြောင်းလမ်းကမ်းလှမ်းမှု စတင်လျက်ရှိပြီ။ စကားပြောအလွန်ကောင်းသော ယဉ်ကျေးမွန်ရည်လွန်းသော အန်ကယ်လ်ကြီး၏စကားတွေကို နားစွင့်ရင်း 'သည်း'၏ မျက်ဝန်းအကြည့်က ကိုဇွဲဆီ အမှတ်မထင် ရောက်ရှိသွားခဲ့သည်။ ကိုဇွဲ၏မျက်ဝန်းများက 'သည်း'ဆီမှာ ရှိမနေခဲ့။ 'သည်း'၏ နံဘေးရှိ 'ဘော်'ဆီမှာ စိုက်ငေးလို့။ 'သည်း'ရင်ထဲ ထိတ်ခနဲ ဖြစ်သွားခဲ့၏။ 'ဘော်'ဆီ မသိမသာငဲ့ကြည့်မိတော့ 'ဘော်'က ခေါင်းကို ငုံ့ထားခဲ့သည်။ လက်ချောင်းကလေးတွေကို အချင်းချင်း ပွတ်သပ်လို့။ ဒီနေ့ 'ဘော်'မျက်နှာပေါ်မှာ အပြုံးရိပ်ရှားပါးနေတာကို 'သည်း' သတိပြုမိပါသည်။ 'သည်း' ကြည့်နေခိုက်မှာ 'ဘော်' လက်ချောင်းကလေးပေါ် အရည်ကြည်စက်ကလေး တောက်ခနဲကျ ဆင်းစိုစွတ်သွားတာကို မမျှော်လင့်ဘဲ 'သည်း' မြင်လိုက်ရခြင်း ဖြစ်သည်။ ဘုရားရေ . . . အဲဒါ မျက်ရည်လား။ 'ဘော်' ဘာဖြစ်နေတာပါလိမ့်။

'သည်း' ကိုဇွဲဆီ နောက်တစ်ကြိမ် ခိုးကြည့်မိပြန်သည်။ အံ့ဩစရာ . . .။ ကိုဇွဲ မျက်ဝန်းတွေက 'ဘော်'ဆီမှာ ချည်းပါပဲလား။ 'သည်း' ကြည့်လိုက်မိတိုင်း သူနှင့် တစ်ခါမှ





www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးချင်း မဆုံခဲ့။ 'သည်း' နှလုံးသားဆီမှ ပူခနဲဖြစ်သွားသော ခံစားမှုတစ်မျိုးကို ခံစားလိုက်ရပါ၏။ လူကြီးတွေ တစ်ယောက်ပြီးတစ်ယောက် အပြန်အလှန် စကားတွေဆိုလျက်ရှိတာကို 'သည်း' စိတ်မဝင်စားနိုင်အားတော့။ လုံးဝ မျှော်လင့်မထားခဲ့မိသော လျှို့ဝှက်ချက်တစ်ခုက သံသယတစ်ခုပမာ 'သည်း' ရင်တွင်းသို့ စိမ့်ခနဲ စီးဝင်ဖြတ်ဆင်းလာခဲ့ခြင်းဖြစ် သည်။ သူတို့နှစ်ယောက်က ဘာလဲ . . . ?။ သူတို့နှစ်ယောက် ကြားမှာ 'သည်း' မသိလိုက်သော ဆက်သွယ်မှုတစ်ခုခု ရှိနေခဲ့သလား။ 'သည်း' အံ့ဩစွာ နာကျင်သွားခဲ့ပါ၏။ 'ဘော်' . . . သူမဟာ 'သည်း'ရဲ့ နှစ်ကိုယ့်တစ်စိတ်အချစ်ဆုံး သူငယ်ချင်းကလေး။ 'သည်း'နှင့်ယှဉ်တိုင်း သူမကိုယ်သူမ အမြဲနောက်ချန် ဘေးဖယ်ကာ ဒုတိယနေရာမှာပဲ အမြဲ နေတတ်ခဲ့သူ။ 'သည်း' ဆိုးနွဲ့ ဂျစ်တိုက်သမျှ 'သည်း'ညည်းကို စိတ်ရှည်လက်ရှည် အပြုံးမပျက် သည်းခံနိုင်လွန်းတဲ့ သူငယ်ချင်းစစ်ကလေး။ 'ဘော့်' ကို တစ်ခါမှ ကိုဇွဲနှင့် တွဲဖက်ပြီး မမြင်ဖူးခဲ့။

စေ့စပ်ပွဲ အချိန်တစ်ချိန်လုံး 'သည်း' သူ့ကို သတိထားပြီး အကဲခတ်မိသည်။ သူ မသိလောက်သော တစ်နေရာရာမှသွားပြီး သူ့မျက်ဝန်းတွေစိုက်တန့်ငေးရီလျက်ရှိသော target



ကို ခပ်လှမ်းလှမ်းဆီကနေ ရှာဖွေကြည့်တိုင်း ထိုနေရာသည် မပြောင်းမလွဲ တစ်ယောက်တည်းဆီမှာ။ 'ဘော်' ခပ်ဝေး ဝေးသို့ ထ,သွားပြီး တခြားသူတွေနှင့် စကားလက်ဆုံကျနေသည့်တိုင် ကိုဇွဲ၏ မျက်ဝန်းများက ထိုနေရာဆီ ရွေ့လျားလိုက်ပါလို့။ သူတို့နှစ်ယောက် မျက်ဝန်းချင်းလည်း မကြာခဏဆုံ မိကြသည်။ ဘော်က အရင်လွှဲသွားခဲ့သည်ချည်း။ ကိုဇွဲကတော့ လစ်ရင် လစ်သလို မျက်ဝန်းတွေက 'ဘော်'သွားရာနောက်ဆီသို့သာ တကောက်ကောက်။

'သည်း' နှုတ်ခမ်းကလေးတွေ တင်းခနဲ စေ့စေ့ပိတ်သွားခဲ့သည်။ ကောင်းပြီ . . .။ လောကမှာ 'သည်း' မသိလိုက်ရသော လျှို့ဝှက်ချက်ရယ်လို့ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါ။ စေ့စပ်ပွဲပြီးသွားတော့ 'ဘော်'က 'သည်း'ကို ခပ်တင်းတင်းဖက်ကာ ဟန်ဆောင်ထားသော အပြုံးကလေးနှင့် မုဒိတာစကားဆိုပါသည်။

"ကွန်ဂရက်ကျူလေးရှင်း(စ်) မိသည်း၊ နင်ပျော်နေတယ်မှလားဟင်၊ ဘဝတလျှောက်လုံး နင် ကံကောင်းပြီး လိုတရပါစေ 'သည်း'ရာ၊ အချိန်သိပ်ဆွဲမနေနဲ့၊ မင်္ဂလာပွဲအတွက် မြန်မြန်စီစဉ်၊ ငါ ကူညီနိုင်တာမှန်သမျှ ကူညီ



www.burmeseclassic.com

www.burmeseclassic.com

ပေးမယ်နော် . . . သိလား၊ ဒီနေ့တော့ ငါပြန်လိုက်တော့မယ်၊ နင်တို့ကို မနှောင့်ယှက်တော့ဘူးနော်"

'ဘော့'မျက်နှာကို ကကြီးကနေ အ,အထိ နှစ်ခါပြန်မဖတ်ရဘဲ အမြဲအလွတ်ရနေခဲ့သော 'သည်း'က 'ဘော့' မျက်နှာဖုံးအောက်မှ နင့်သည်းစူးနစ်သောကြေကွဲငွေ့တွေကို ဖြုန်းခနဲ ခံစားလိုက်မိသည်။ 'ဘော့' မျက်လုံးတွေက အချိန်မရွေး မျက်ရည်ယိုတော့မည့် နာကျင်မျက်ဝန်းတွေပါ။

"'ဘော်' . . . နင်ရော ငါ့အတွက် တကယ်ပျော်ရဲ့လားဟယ်"

"ဟဲ့ . . မိန်းမ၊ ဒါ မေးစရာလား၊ နင့်လောက်နီးနီး ငါပျော်နေတယ်ဆိုတာ နင် မယုံဘူးလား၊ နင် အရမ်းကံကောင်းပါတယ် 'သည်း'ရာ၊ ငါ သွားတော့မယ်"

'ဘော့' ဇွတ်အတင်း နှုတ်ဆက်ကာ ကမူးရှူးထိုးပြန်သွားခဲ့သည်။ ကိုဇွဲကို သွားနှုတ်ဆက်တော့ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ငေးရီကြည့်လိုက်သောအချိန်ကလေးဟာ တကယ့်ကို တဒင်္ဂကလေးပါ။ သို့သော် . . . ထိုအကြည့်တွေထဲမှာ သိပ်နက်နဲလွန်းသော လျှို့ဝှက်မှုတွေ ပါဝင်နေခဲ့သည်။ ဘော်တစ်ယောက် ဘယ်လောက် စိတ်နှင့်ကိုယ်





တစ်စစီလွင့်ပါးနေခဲ့သလဲဆိုလျှင် . . . သူမ ကိုင်လာခဲ့သော clutch လက်ကိုင်အိတ်ကလေး သူမ၏ ခုံနေရာပေါ်မှာ ကျန်ရစ်ခဲ့တာတောင် သတိမထားမိ။

●



www.burmeseclassic.com

www.burmeseclassic.com

စေ့စပ်ပွဲကပြန်လာခဲ့ပြီးချိန်မှာ 'ဘော်'ရင်တစ်ခုလုံး လာဟာဟင်းလင်းပွင့်လျက်ရှိသည်။ သူ့အကြည့်တွေထဲမှာ ချစ်ခြင်းသိပ်သည်းဆတွေ ဘယ်လောက်ပြင်းပြပျော်ဝင်နေခဲ့မှန်း မှန်းဆရိုပ်မိပါလျက် 'ဘော်' ဥပေက္ခာပြု လျစ်လျူရှုထားခဲ့ရသည်။ အဲဒီအတွက် 'ဘော်'ရင်ထဲမှာလည်း မသက်သာလှပါ။ မချိမဆန့်ကို အခံရခက်လွန်းခဲ့ပါသည်။ အိမ်ပြန်ရောက်သည်နှင့် အခန်းတံခါးကို အသေပိတ်ကာ တစ်ခန်းလုံးကို အမှောင်ချပြီး 'ဘော်' စိတ်တိုင်းကျ ဆို့နစ်နာကျင်လွန်းသမျှကို ပေါက်ကွဲစွာ ငိုချပစ်လိုက်မိသည်။ ဝမ်းပန်းတနည်း သည်းသည်းထန်ထန် ငိုကြွေးပစ်လိုက်တော့မှ ရင်ထဲမွန်းကြပ်ဆို့နစ်နေသမျှ အနည်းငယ် သက်သာပေါ့ပါးသွားခဲ့သည်။ စိတ်တိုင်းကျ အနားယူနိုင်အောင် ဒိုင်ယာဇီပန်(မ်)လေး ပါးစပ်ထဲထည့် ဝါးပစ်လိုက်ကာ မွေ့ရာပေါ်မှာ ပစ်လှဲချပစ်လိုက်တော့သည်။ ဖြစ်နိုင်လျှင် အားလုံးနှင့် ဖဲဝေးဆုံးတစ်နေရာဆီ ခဏလောက် ထွက်ပြေး ပုန်းလျှိုးနေချင်ခဲ့ပါသည် . . .။

# နှလုံးသားရဲ့ PASSWORD

စေ့စပ်ပွဲက ပြန်လာခဲ့ချိန်မှာ 'သည်း'၏ စိတ်ကျေနပ်ပျော်ရွှင်မှုတွေအားလုံး သိသာစွာလွင့်ပြယ်နေခဲ့ပြီ။ ရင်ထဲမှာ တဆစ်ဆစ်အခံရခက် နာကျင်နေခဲ့သည်။ 'ဘော်' clutch အိတ်ကလေးထဲက i phone ကလေးကို ဖွင့်လိုက်မိသည်။ ပြီးတော့ ကိုဇွဲရဲ့ဖုန်းဆီ လှမ်းခေါ်လိုက်မိပါသည်။ တစ်ချက်တောင် မမြည်သေး။ ချက်ချင်းကောက်ထူးသောသူ့ရဲ့အသံက လှိုက်လှိုက်လှဲလှဲ ရှိလွန်းလှပါလား။

"ဘော်ငွေလားဟင် . . ."

"အင်း . . ."

"အဆင်ပြေရဲ့လားဟင် ! . . စိတ်ညစ်နေလား၊ ကိုယ် ဘော်ငွေ့ကို တစ်ချိန်လုံး အကဲခတ်နေမိတာ၊ ဘော်ငွေ ဟန်ဆောင်နေတာပါ၊ ဟုတ်တယ်မှလားဟင်၊ ဘော်ငွေ့ ရင်ထဲမှာလည်း ကိုယ့်လိုပဲ ခံစားနေရတယ်မှလား ဟင်၊ ဝန်မခံချင်နေပါ ဘော်ငွေရယ်၊ ကိုယ် နားလည်ပါတယ်၊ ဒီလမ်းကို ဘော်ငွေပဲ ရွေးချယ်ခဲ့တာလို့ ကိုယ် အပြစ်



www.burmeseclassic.com

www.burmeseclassic.com



မတင်ရက်ပါဘူးကွာ၊ အရင်ကတော့ ကိုယ်လည်း လွယ်လွယ်ပဲထင်ခဲ့မိတာ၊ 'ဘော်'ဆန္ဒအတိုင်း 'သည်း' နဲ့နီးလိုက်ရင် 'ဘော်'နဲ့လည်း နီးခွင့်ရမှာပဲလို့ ထင်ခဲ့တာ၊ ကိုယ် မချစ်တဲ့လူတစ်ယောက်ကို ချစ်တဲ့သူရဲ့ရှေ့မှာ လက်ထပ်ဖို့ပြင်ဆင်နေရတာ ထင်သလောက်တော့ မလွယ်လှပါလားကွာ၊ ကိုယ်တို့ အချိန်ရှိပါသေးတယ်၊ 'ဘော်' ဆုံးဖြတ်ချက်ကို မပြင်ချင်တော့ဘူးလားဟင်၊ သူငယ်ချင်းအပေါ် အဲဒီလောက်ပေးဆပ်ဖို့လိုလို့လားဟင်၊ တစ်ဘဝလုံးစာနော် ဘော်ငွေ"

သူ့အသံက လှိုင်းထန်လွန်းကာ သိပ်ကို စိတ်လှုပ်ရှားတက်ကြွနေသောအသံ။ သည်းပါးစပ်ကို လက်ဖဝါးကလေးနှင့်အုပ်ကာ အသံတိတ် ရှိုက်ငင်မိသွား၏။ အို . . . ရက်စက်လိုက်တာ။

" 'ဘော်' ငိုနေလားဟင်၊ တစ်ခုခု ပြောပါဦးကွာ၊ ကိုယ် ဘယ်မှာလာတွေ့ရမလဲဟင်၊ မငိုပါနဲ့ကွာ၊ ကိုယ် မနေနိုင်ဘူး၊ 'ဘော်' အဲဒီလောက်ခံစားနေရမယ်ဆိုရင် ကိုယ် စေ့စပ်ပွဲကို ဖျက်သိမ်းပစ်လိုက်မယ်လေ"

'သည်း' နှလုံးသားတစ်ခုလုံး တစ်စစီ ခြေမွခံ



လိုက်ရသလို ဆတ်ဆတ်ခါနာကျင်သွားမိကာ သည်းအူပြတ်မတတ် သည်းသည်းထန်ထန် ငိုကြွေးမိပါသည်။ ဘဝမှာ တစ်ခါမှ အခုလောက် မနာကျင်မရှက်ရွံ့ခဲ့ဖူးပါ။ ဖုန်းကို ပိတ်လိုက်သည့်တိုင် သူ့ဘက်က အကြိမ်ကြိမ်ပြန်ခေါ်နေခဲ့သည်။ message တွေ အဆက်မပြတ် ဝင်လာနေသည်။ တည်ငြိမ်ကျနွေ့ရလွန်းသည်ဟု 'သည်း'ထင်ခဲ့သော ကိုဇွဲဟာ 'ဘော်'နှင့်ပတ်သက်တော့ အရူးမီးဝိုင်းပါလား။

"နောက် တစ်နာရီလောက်ကြာရင် စိမ်းလန်းထဲက Zephyr ကို ကျွန်မ လာခဲ့မယ်၊ မလာမချင်း စောင့်ပါ ကိုဇွဲ . . ."

ဟု . . . message ပို့လိုက်သည်။ အဲဒီအချိန် မှာ 'သည်း' ဘာလုပ်ရမယ်ဆိုတာ ဆုံးဖြတ်လို့ ရသွားခဲ့ပါပြီ။ ချက်ချင်း မျက်ရည်တွေသုတ်ကာ 'ဘော်'အိမ်ဆီသို့ ထွက်ခဲ့၏။

●



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားရဲ့ PASSWORD



လူတစ်ယောက်ရဲ့
နှလုံးသားကို
ဖွင့်နိုင်ဖို့ဆိုတာ
နှလုံးသားချင်းသာ နားလည်နိုင်တဲ့
နှလုံးသားရဲ့ *password* ကို
သိထားမှသာ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ... ၉



www.burmeseclassic.com

www.burmeseclassic.com



အခန်း - ၉

'ဘော့'ပုံစံက မှုးရီယိမ်းထိုးလို့ အိပ်မက်မက်နေတာနှင့်တူနေ ပါသည်။ ဒိုင်ယာဇီပန်(မ်)တန်ခိုးဖြင့် နှစ်နှစ်မောမောအိပ် မောကျနေခဲ့ရာမှ ပြုန်းခနဲ အနှိုးခံလိုက်ရသဖြင့် ရီဝေမှုး နောက်နေ၏။ မျက်စိရှေ့မှာ မြင်နေရသူက 'သည်း'။

'သည်း' က 'ဘော့'ကို အိပ်ရာထဲကနေ အတင်း ဆွဲထူ မ,ကာ 'ဘော့' ပုခုံးနှစ်ဘက်ကို ခပ်တင်းတင်း ဆုပ်ကိုင်ဆွဲခါယမ်းပြီး နှိုးနေသည်။

"ဘာတွေ ဖြစ်လာတာလဲ 'သည်း'ရယ်၊ အလန့် တကြားနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"နင် ငါ့မျက်နှာကို သေချာကြည့်စမ်းပါ 'ဘော်'၊ နင် သေချာနိုးပြီးလား၊ ငါ့မျက်လုံးတွေထဲ တည့်တည့်စိုက် ကြည့်ပြီး ငါ့ကို တကယ်ချစ်ရင် ငါ့ကို မလိမ်မညာ စတမ်း အမှန်အတိုင်းဖြေပေးပါဟာ"

'သည်း' မျက်လုံးများက ရုတ်တရက် မျက်ရည်တွေ ပြည့်အိုင်လာကာ တလက်လက်ဖြာလာသဖြင့် 'ဘော်' အိပ်ချင်စိတ်တွေ လုံးဝလွင့်ပြယ်သွားခဲ့ကာ ကိုယ်ခန္ဓာကလေး ပင် တောင့်မတ်သွားခဲ့ပါ၏။ ဘုရားရေ . . . 'သည်း' ဘာများ သိခဲ့ပြီလဲ။

"နင့်ဘဝမှာ လူတစ်ယောက်ကို နှလုံးသားထဲကနေ စွဲ နှင့်နေအောင် ချစ်ခဲ့ဖူးသလား 'ဘော်' . . . ဟင်"

'သည်း'၏မေးခွန်းကြောင့် 'ဘော်'ခေါင်းတွေ ချာချာလည်သွားခဲ့ပါ၏။ 'သည်း' ဘာကြောင့် ဒီမေးခွန်းကို ဖြန်းစားဒိုင်းစားကြီး လာမေးနေရတာလဲ။ ကိုဇွဲကို ချက်ချင်း သတိတရရှိသွားကာ 'ဘော်'နှလုံးသားတစ်ခုလုံး လှိုက်ခနဲနေအောင် ရှိန်းမြပူနွေးသွားခဲ့သည်။

"နင်နဲ့ ကိုဇွဲ ဘာတွေဖြစ်ကြလဲဟင် 'သည်း' "

'ဘော်' ပြန်မေးလိုက်သံက အထိတ်တလန့်နိုင်





လျက်။

"ခုချိန်မှာ ငါ့ကို မေးခွန်းပြန်မမေးနဲ့ 'ဘော်'၊ ငါ့မေးခွန်းကိုပဲ နင်ဖြေပါ၊ ငါ့အပေါ်မှာ တကယ်သစ္စာရှိတဲ့ သူငယ်ချင်းဆိုရင် မညာပါနဲ့၊ ငါ နင့်ဆီက အစစ်ကိုပဲ လိုချင်တယ်၊ အလိမ်အညာ မုသားကို မလိုချင်ဘူး၊ အဲဒီ မုသားဟာ နင့်ဘက်က ဘယ်လိုပဲ ပုံစံပြောင်းပြီး လှလှပပ ထုပ်ပိုးပြင်ဆင်ထားခဲ့ပေမယ့် ငါ့အတွက်တော့ ငါရလိုက်တာကတော့ မုသားက မုသားပါပဲ၊ ငါ မလိုချင်ဆုံးက အလိမ်အညာပဲ၊ နင် ငါ့ကို တကယ်ချစ်ရင် အမှန်အတိုင်းပဲဖြေပါ၊ ဘာလို့လည်းဆိုတော့ နင်ပြီးရင် ငါ့အလှည့်ကျရင်လည်း အမှန်အတိုင်းပဲ ငါဖြေမှာမို့ပါ"

'ဘော်'ရင်တစ်ခုလုံး ချက်ချင်း ရာသီဥတုပြောင်းလဲကာ မုန်တိုင်းရိပ်ဆင်လာသလို လှိုင်းထန်လာခဲ့သည်။ 'ဘော်' ဘယ်လိုဖြေရမှာပါလိမ့်။ 'သည်း'ကို မညာဘဲ အမှန် အတိုင်း ဝန်ခံရမှာလား။

"ဖြေလေ . . 'ဘော်'၊ ငါ့မျက်လုံးတွေထဲ ရဲရဲသာ ကြည့်ပြီး ဖြေပါ"

'ဘော်' နှုတ်ခမ်းကလေးကို လက်ဖဝါးဖြင့်အုပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိကာ ခေါင်းကလေး အသာအယာ ညိတ်ပြလိုက်မိသည်။

"ငါ နင့်ကို အရမ်းချစ်တယ် 'သည်း'၊ နင့်ကို မညာ စတမ်း ပြောရရင် ငါ လူတစ်ယောက်ကို ရင်ထဲမှာ ဓား တစ်ချောင်းစိုက်ဝင်နေသလို စူးနင့်နာကျင်စွာနဲ့ ချစ် နေမိပါတယ်၊ သူ ဘယ်သူဘယ်ဝါဆိုတာတော့ နင် မမေးပါနဲ့၊ ငါ မဖြေပါရစေနဲ့"

'သည်း'က 'ဘော်'ကို ခပ်တင်းတင်းပွေ့ဖက်ကာ 'ဘော်' ခန္ဓာကိုယ်ကလေးကို ခပ်ကြမ်းကြမ်း ဆောင့်ခါလှုပ် ယမ်းပစ်လိုက်သည်။

"အဲဒါဆို နင်ချစ်တဲ့သူဆီကနေ ဘာဖြစ်လို့ ထွက်ပြေး ဖို့ကြိုးစားခဲ့တာလဲ 'ဘော်'ရဲ့၊ လူ့ဘဝဟာ နာကျင်ခံစား ဖို့ မဟုတ်ဘူး၊ enjoy လုပ်ဖို့ ဘော်ရဲ့ . . နင် သိလား၊ လူတစ်ယောက်ကို နင်တကယ်ချစ်မိပြီဆိုရင် သူ့ကို ဘာ အကြောင်းနဲ့မှ အဆုံးအရှုံးမခံနဲ့တော့၊ နားလည်လား၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်တော့မှ နင် ပြန်မရတော့ မယ့် စွန့်လွှတ်မှုအတွက် တစ်သက်လုံး နောင်တရနေရ မယ့်အစား ကိုယ်ချစ်တဲ့သူကို ရအောင်ယူပြီးမှ အပြစ် ရှိသလို ခံစားလိုက်ရတာက နင့်အတွက် ပိုအဖိုးတန်



တယ်ဆိုတာ နင် မသိဘူးလား၊ အမိုက်အမဲလေး . . . ငတုံးမကလေးရဲ့"

"'သည်း' နင် ဘာတွေပြောနေတာလဲ၊ ငါ နားမလည် ဘူး"

"နားမလည်ရင် သေလိုက်၊ ရူးချင်ယောင်ဆောင်မနေနဲ့၊ ဒီတစ်ခါ ငါ့အလှည့်၊ ငါ နင့်ကို အမှန်အတိုင်း ဝန်ခံ အလှည့်၊ ငါ ကိုဖွဲ့ကို တကယ်လုံးဝ မချစ်မိဘူး၊ လိုချင် မက်မောခဲ့တာ တစ်ခုပဲရှိတယ်၊ ဒါပေမယ့် သူ့ကိုမရလို့ ငါ့ဘဝ အဓိပ္ပာယ်မဲ့မသွားနိုင်ပါဘူး၊ သူ့ကို ဇွတ်လက် ထပ်လိုက်မှ ငါ့ကို လုံးဝ မချစ်တဲ့လူတစ်ယောက်ရဲ့လက် ထဲမှာ ငါ့ဘဝတစ်ခုလုံး အဓိပ္ပာယ်မဲ့သွားတော့မှာ၊ မှောင်အတိကျသွားတော့မှာ၊ ငါ သူ့ကို မချစ်ဘူး၊ သူ လည်း ငါ့ကို မချစ်ဘူး၊ အဲဒီလူနှစ်ယောက်ဟာ အခု လက်ထပ်လိုက်လည်း နောင်တစ်ချိန်မှာ ပြန်ကွဲမှာပဲ၊ ငါ့ရဲ့စိတ်ကို နင် သိတယ်မှလား 'ဘော်'၊ လိုချင်တာကို မရ,ရအောင် အသည်းအသန် ကြိုးစားတတ်ပေမယ့် ပိုင်ရှင် မကြည်ဖြူဘူးဆိုတဲ့အရာမျိုးကိုတော့ မလိုချင်ပါ ဘူး၊ စေ့စပ်ပွဲကို ငါ့ဘက်ကနေ အရင်စ,ပြီး ဖျက်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အစိကအကြောင်းရင်းက အချစ်မပါလို့ပဲ . . ."

"မဟုတ်သေးဘူး 'သည်း'၊ နင် သူ့ကို အထင်လွဲနေတာပါ၊ သူ နင့်ကို တကယ်"

"အရူးမ . . .၊ လာရှီးမနေနဲ့၊ နင့်ကိုယ်နင် ဘာမှတ်နေလဲ၊ အချစ်သူရဲကောင်းမ,လား ဟမ် . . . ပြီးတော့ အခန်းတံခါးပိတ်ပြီး ကြိတ်မှိတ်အိပ်နေတယ်၊ နင့်ကိုကိုဇွဲနဲ့ ဘာဖြစ်လို့ ယှဉ်တွဲပြီး မမြင်ခဲ့မိပါလိမ့်၊ နင်က နေရာတကာ ငါ့အတွက်ချည်းပဲ ဦးစားပေးရှေ့တန်းတင်လွန်းတာကိုး ငတိမရဲ့၊ လာပြီး ငါ့ကို မလိမ့်တပတ်လုပ်ဖို့ ကြိုးစားမနေနဲ့၊ ရော့ အဲဒီမှာ နင့်ဖုန်းကိုကြည့်၊ နင့်လူ ဘယ်လောက် ငါးရံ့ပြာလူး အရူးမီးဝိုင်း ဆပ်ပြာသည်လင်ပျောက် ဖြစ်နေသလဲဆိုတာ၊ ထ မျက်နှာသစ်၊ အဝတ်အစားလဲ၊ သူ Zephyr မှာ စောင့်နေလိမ့်မယ်"

"ဟင် . . . နင် ငါ့ဖုန်းနဲ့ ဘာတွေလုပ်လိုက်သလဲ 'သည်း'ရယ်၊ ဘာတွေဖြစ်ကုန်ပြီလဲ၊ ငါ့ဖုန်းနဲ့ သူ့ဆီ နင် လှမ်းခေါ်လိုက်တာလား၊ ကျစ် သေတော့မှာပဲဟာ"

"ယောကျ်ားတစ်ယောက်ဟာ သူ တကယ်ချစ်တဲ့မိန်းမတစ်ယောက်ရဲ့မျက်ရည်ကို အဆိပ်ရည်ထက်တောင်ကြောက်တတ်တယ် ဘော်ရဲ့၊ နင်ငိုနေရင် သူ နှမတော်နာကျင်ဆို့နစ်နေလိမ့်မယ်၊ သွား . . . သူ နင့်ကို အရမ်းတွေ့ချင်နေပြီ၊ နင့်ဘဝမှာ ငါ့ကို မငဲ့ညှာဘဲ အမိုးသားဆုံး သူ့ကိုချစ်တယ်လို့ ဝန်ခံလိုက်စမ်း၊ ငါ ဘာမှမဖြစ်ဘူး၊ ငါ့အတွက် ယောကျ်ားလုံးဝ မရှားပါဘူး၊ အထူးသဖြင့် ငါ့ကိုချစ်တဲ့ယောကျ်ားတွေပေါ့ အိုကေ!"

'သည်း'က 'ဘော့်'ပါးပြင်ကို နမ်းမွှေးကာ နှုတ်ဆက်သည်။ 'ဘော်' ဘာပြောရမှန်းပင် မသိတော့။ တစ်သက်လုံးစာ ဆုံးရှုံးပြီဟု တဆုံးတွေးထားခဲ့သော ချစ်သူကို မကြာခင်မှာ 'ချစ်တယ်'ဟု ဖွင့်ဟဝန်ခံခွင့်ရတော့မည့်အဖြစ်ဟာ 'ဘော့်'ကို အကြီးအကျယ် စိတ်လှုပ်ရှားတုန်ရင်စေပါသည်။ 'သည်း'က ပြတ်ပြတ်သားသား ပြောခဲ့ပြီးသား။

"ငါ့အချစ်ဆုံးသူငယ်ချင်းရဲ့ နှလုံးသားကို နင်းခြေပြီးမှ ငါလိုချင်တဲ့ဘဝကို ရမယ်ဆိုရင် ငါ့သူငယ်ချင်းလေးကိုပဲ ငါရွေးမှာပေါ့ဟာ၊ သူငယ်ချင်းလောက် အဖိုးတန်တာ လောကမှာ ဘာမှမရှိဘူး 'ဘော်'၊ နင့်ကို ဘာနဲ့မှ ငါ မလဲနိုင်ဘူး၊ နင်ချစ်တဲ့လူ နင့်ကိုလည်း ချစ်တဲ့လူနဲ့ နင် ရိုးရိုးသားသား လက်တွဲကြတာ တရားမျှတ,တယ်၊





www.burmeseclassic.com

www.burmeseclassic.com

ဘာအပြစ်မှမရှိဘူး၊ ငါ ခံစားလို့ရတယ်၊ နင့်လက်ထဲက နေ သူ့ကို ယူခဲ့မိမှ ငါ့တစ်သက်လုံး ငါ့ကိုယ်ငါ ခွင့်လွှတ် မဆုံးတော့မှာ ငါ ပြောတာနားလည်လား . . ."







'ဘော့'တစ်သက်မှာ အခုလောက် တစ်ခါမှ ပြောင်းဆန်အောင် ရင်မခုန်ခဲ့ဖူးပါ။ လှမ်းနေသောခြေလှမ်း တွေက ညွတ်ခွေယိုင်နဲ့ကာ တုန်ရင်နေသော ဒူးကြောင့် ကစဉ့် ကလျား ကပိုကရို။ ဟိုးခပ်လှမ်းလှမ်းကတည်းက ရေကန်စပ် နံဘေးစားပွဲတစ်ခုမှာ နေရာယူရင်း လည်တဆန့်ဆန့်မျှော် နေသော သူ့ကို လှမ်းမြင်လိုက်ရသည်။ အဲဒီအချိန်ကတည်း က 'ဘော့'ရင်ထဲကနှလုံးသားက ဒုန်းစိုင်းနေခဲ့ပြီ။ 'ဘော့'ကိုမြင် တာနှင့် သူ ဝုန်းခနဲထ,လာပါသည်။ သူ့ခြေလှမ်းတွေက တက် ကြွထက်သန်လွန်းစွာ။ လမ်းခုလတ်တစ်နေရာမှာ 'ဘော့'တို့ နှစ်ယောက်ဆုံမိကြသည်။ 'ဘော့'ကို ငုံ့ကြည့်နေသော သူ့ မျက် ဝန်းတို့က နူးညံ့ညင်သာလွန်းနေ၏။

"ကိုယ် စိတ်ပူလိုက်ရတာ 'ဘော့'ရယ်၊ ဖုန်းထဲမှာ 'ဘော့' ရှိုက်သံတွေကြားရတော့ နှလုံးသားကို အမွှန်းခံနေရ သလိုပဲ၊ ကိုယ် မခံစားနိုင်ဘူး"

"ငိုတာ 'ဘော့'မဟုတ်ဘူး ကိုဇွဲ"





www.burmeseclassic.com

www.burmeseclassic.com



'ဘော်' ရှက်ပြုံးကလေးနှင့် ခပ်တိုးတိုးကလေး ပြောလိုက်တော့ သူ့မျက်ခုံးတွေပင့်တက်သွားခဲ့သည်။

"ဟာ . . . ဒါဖြင့် ဘယ်သူလဲ၊ မနောက်ပါနဲ့ 'ဘော်' ရယ်၊ ဒါ နောက်ရမယ့်ကိစ္စမဟုတ်ဘူး၊ ကိုယ် တကယ် ခံစားနေရတာ၊ ကိုယ် 'မသည်း'ကို လက်ထပ်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ ဒီနေ့ စေ့စပ်ပွဲမှာ အသေချာဆုံးပဲ၊ နှစ်ယောက်ကိုယှဉ်ပြထားသလို ဖြစ်နေတော့ 'ဘော်'ကို ပိုပြီး မက်မောတွယ်တာမိတဲ့စိတ်တွေက ပိုအလေးသာနေတယ်၊ တစ်ဖက်စောင်းနင်းကြီးကို ဖြစ်နေတာ 'ဘော်'ရဲ့"

" 'ဘော်' မနောက်ဘူး ကိုဇွဲ၊ 'ဘော့်' ဖုန်းရော အိတ်ကလေးပါ 'ဘော်'ထိုင်ခဲ့တဲ့ ခုံပေါ်မှာ ကျန်ရစ်ခဲ့တာ၊ 'သည်း'က 'ဘော့်'ဖုန်းနဲ့ ကိုဇွဲကို လှမ်းခေါ်ခဲ့ပြီး ကိုဇွဲ ရင်ထဲက ခံစားချက်မှန်သမျှကို အစ်ထုတ်သွားခဲ့တာ၊ 'သည်း' သနားပါတယ်၊ ကိုဇွဲကြားခဲ့တဲ့ ငိုသံတွေက 'သည်း' ရဲ့ငိုသံတွေပေါ့၊ 'သည်း' အရမ်းရှက်သွားရှာမှာ၊ ကိုဇွဲက 'သည်း'ကို 'ဘော်'ထင်ပြီး မပြောသင့် မပြောထိုက်တာတွေ ပြောလိုက်တယ်မှတ်လား"



"အား . . . အဲဒါ တကယ်လား၊ 'မသည်း'ကိုတော့ အားနာပါတယ်ကွာ၊ ဒါပေမယ့် ကိုယ် ပြောသင့်ပြောထိုက်တာတွေပဲ ပြောခဲ့တာပါကွာ၊ ကြည့်စမ်း . . . ကံကြမ္မာက ကိုယ်ထင်ထားသလောက် ကိုယ့်အပေါ် မရက်စက်ပါလား၊ 'မသည်း' သိသင့်တာတွေ သိသွားခဲ့တာပေါ့၊ ဟုတ်လား . . . ဘော်ငွေ"

သူ့မျက်နှာပေါ်မှာ ကျေနပ်ပြုံးကလေး ခပ်လွန့်လွန့်မြူးလာခဲ့တော့ 'ဘော်'က 'သည်း'ဘက်ကနေ မခံချင်စွာဖြင့် သူ့ကို မျက်စောင်းခပ်ဖွဖွချီလိုက်မိသည် . . .။

"အံမာ 'သည်း'ကလည်း ကိုဇွဲကို တကယ်ချစ်မနေခဲ့လို့ ပါနော်၊ 'သည်း'အတွက် သူ့ကို စွဲစွဲလန်းလန်းနဲ့ အရူးအမူးချစ်မယ့် ယောကျ်ား တကယ်မရှားပါဘူး"

"ဟောဗျာ . . . သူ့ သူငယ်ချင်းဘက်က နာနေပါလား၊ ကိုယ့်မှာတော့ သူ့ကို ချစ်လိုက်ရတာ၊ မျက်နှာကလေးကို အရိပ်တကြည့်ကြည့်နဲ့၊ မျက်နှာကလေး ညိုနေတာတောင် ရင်ထဲ အခံရခက်နေတာ၊ တော်တော်ရက်စက်တဲ့ ကောင်မလေး၊ သူငယ်ချင်းကို ထိုးကျွေးထားပြီး သူကျတော့ ကြိတ်မှိတ်ခံစားနေတယ်၊ ကိုယ့်ရဲ့အချစ်



www.burmeseclassic.com

www.burmeseclassic.com

တွေကိုလည်း ဂရုမစိုက်ဘူး၊ ဥပေက္ခာပြုထားတယ်၊ ဘာလေးမှန်းကို နားမလည်ဘူး"

သူ့အသံထဲမှာ ချစ်မြတ်နိုးစွာ ချစ်စနိုး ကျီစယ်လိုရိပ်တွေ သမ်းနေပါ၏။ 'ဘော်' ရှက်ကိုးရှက်ကန်းသာ ပြုံးနေမိသည်။ ငြင်းစရာအကြောင်းလည်း မရှိ။ သူပြောသမျှ အမှန်တွေချည်းပဲလေ။

" 'ဘော်' 'သည်း'ကို တကယ်ကျေးဇူးတင်တယ် သိလား၊ သူကပြောတယ် . . . လူ့ဘဝဟာ နာကျင်ခံစားဖို့ မဟုတ်ဘူးတဲ့၊ enjoy လုပ်ဖို့တဲ့၊ လူတစ်ယောက်ကို နင် တကယ်ချစ်ပြီဆိုရင် သူ့ကို ဘာအကြောင်းနဲ့မှ အဆုံးအရှုံးမခံနဲ့တော့တဲ့၊ ကျွန်မ နှလုံးသားရဲ့နောက်ကို လိုက်ဖို့ နောက်မကျသေးပါဘူးနော်"

'ဘော်' သူ့မျက်နှာဆီ စွဲလန်းငြိတွယ်ခြင်းများစွာဖြင့် မက်မက်မောမော ပြောလိုက်မိသည်။ သူက ထုံးစံအတိုင်း နှစ်လိုဖွယ်အပြုံးကိုပြုံးကာ သူ့ရဲ့လက်တစ်ဖက်ကို ဖြန့်ပေးလိုက်၏။ 'ဘော်' လိုလိုလားလားပင် သူ့ရဲ့လက်ထဲ 'ဘော့်'ရဲ့လက်ကလေးကို ထည့်ပေးလိုက်ပါသည်။

"နှလုံးသားရဲ့နောက်ကို လိုက်ဖို့ ဘယ်တော့မှ နောက်





မကျပါဘူး ဘော်ငွေ၊ သတ္တိရှိရင် ဘာမဆို ဖြစ်နိုင်ပါတယ်၊ အချိန်တွေက တန်ဖိုးရှိလွန်းတယ်၊ အချိန် မဖြုန်းကြစို့နော်"

သူက 'ဘော့်'လက်ကို ခပ်တင်းတင်းဆုပ်ကိုင်လျက် ပြောသည်။ ချစ်သူကို လက်ချင်းဆုပ်တွဲလျက် ခရီးဆက်လျှောက်ရတာလောက် ပြီးပြည့်စုံခြင်းကို ခံစားရတာမရှိတော့။

" 'ဘော်' . . ရှင့်ကို သိပ်ချစ်တယ် ကိုဇွဲ"

'ဘော်'က လမ်းလျှောက်နေရင်းမှ သူ့ဘက် ခေါင်းကလေးငဲ့ကာ လှမ်းပြောရင်း ပါးပြင်ကလေးနှစ်ဖက်လုံး ရှိန်းခနဲနွေးသွားခဲ့ပါ၏။ သူက ခပ်မိန့်မိန့်ကြီးပြုံးလျက် လမ်းဆက်လျှောက်နေသည်။ ခဏကြာမှ 'ဘော့်'ဘက် ကိုယ်ကို ညွတ်လျက် ခပ်သွက်သွက်ကလေး ပြန်ပြော၏။

"ကိုယ်လည်း ဘော်ငွေ့ကို သိပ်ချစ်တယ် ဘော်ငွေ"

တဲ့ . . .။ ဘော်တို့နှစ်ယောက် ဆက်ပြီး လမ်းဆက်လျှောက်နေမိကြသည်။

နှလုံးသားတစ်ခုကို လူတိုင်း ဖွင့်ချင်တိုင်း ဖွင့်လို့မရနိုင်မှန်း ဘော် သိခွင့်ရခဲ့ပြီ၊

လူတစ်ယောက်ရဲ့ နှလုံးသားကို ဖွင့်နိုင်ဖို့ဆိုတာ နှလုံး



www.burmeseclassic.com

www.burmeseclassic.com

သားချင်းသာ နားလည်နိုင်တဲ့ နှလုံးသားရဲ့ *password* ကို သိထားမှသာ။

စိတ္တသုခ၊ ကာယသုခဖြင့် ပြည့်စုံနိုင်ကြပါစေ . . .

မေတ္တာအားဖြင့် . . .



လွှန်းထားထား (ဆေးတက္ကသိုလ်)

၅-၁၀-၂၀၁၁

လွှန်းထားထား (ဆေးတက္ကသိုလ်)

